17		512.93	1637.80	2150.74	2150.74	0.844	1815.22	0.436	937.72
18		540.84	1637.80	2178.64	2178.64	0.836	1821.34	0.416	906.32
19		568.67	1637.80	2206.48	2206.48	0.828	1826.96	0.396	873.76
20		597.00	1637.80	2234.80	2234.80	0.820	1832.53	0.377	842.52
21		716.57	1637.80	2354.37	2354.37	0.811	1909.40	0.359	845.22
22		745.14	1637.80	2382.94	2382.94	0.803	1913.50	0.342	814.97
23		773.67	1637.80	2411.47	2411.47	0.795	1917.12	0.326	786.14
24		688.85	1637.80	2326.66	2326.66	0.788	1833.41	0.310	721.26
25		715.81	1637.80	2353.61	2353.61	0.780	1835.82	0.295	694.32
26		742.60	1637.80	2380.40	2380.40	0.772	1837.67	0.281	668.89
27		769.53	1637.80	2407.33	2407.33	0.764	1839.20	0.268	645.17
28		796.39	1637.80	2434.20	2434.20	0.757	1842.69	0.255	620.72
29		823.19	1637.80	2461.00	2461.00	0.749	1843.29	0.243	598.02
30		849.92	1637.80	2487.72	2487.72	0.742	1845.89	0.231	574.66
31		935.05	1637.80	2572.85	2572.85	0.735	1891.05	0.220	566.03
32		934.95	1637.80	2572.75	2572.75	0.727	1870.39	0.210	540.28
33		934.84	1637.80	2572.64	2572.64	0.720	1852.30	0.200	514.53
34		775.58	1637.80	2413.38	2413.38	0.713	1720.74	0.190	458.54
35		775.58	1637.80	2413.38	2413.38	0.706	1703.85	0.181	436.82
36		775.58	1637.80	2413.38	2413.38	0.699	1686.95	0.173	417.51
37		775.58	1637.80	2413.38	2413.38	0.692	1670.06	0.164	395.79
38		775.58	1637.80	2413.38	2413.38	0.685	1653.17	0.157	378.90
39		775.58	1637.80	2413.38	2413.38	0.678	1636.27	0.149	359.59
40		775.58	1637.80	2413.38	2413.38	0.672	1621.79	0.142	342.70
							7528.40		**-28672.73**

Internal Rate of Return = 1 + 4 (7528.4 / 36201.13)

= 1 + 4 (0.2079)

= 1 +0.8316

= **1. 83 %**

THE UNION OF MYANMAR ECONOMIC HOLDINGS LIMITED.

HMOWBI - PYAY - MAGWAY ROAD SECTION (YANGON - PYAY - MAGWAY HIGHWAY)

LIST OF PERSONNEL REQUIREMENT

(Kyat In Thousand)
Exhibit No VIII

	Sr No	Description	No. Of Requirement	Pay Scale (Ks)	Salary Amount (Ks)
A		LOCAL PERSONNEL			
	1	Project Manager	1	250	250
	2	Project Engineer	3	200	600
	3	Plant & Mechanical Engineer	3	150	450
	4	Admin Manager	1	100	100
	5	Toll Gate Manager	1	80	80
	6	Construction Asst: Engineer	6	100	600
	7	Maintenance Asst: Engineer	6	100	600
	8	Plant & Mechanical Asst: Engineer	6	100	600
	9	Driver	40	50	2,000
	10	Store Keeper	6	45	270
	11	Toll Staff	30	50	1,500
	12	General Staff	12	45	540
	13	Motor Transport Officer	2	80	160
	14	Mechanic	6	60	360
	15	Helper	15	50	750
	16	Road Laying Woker	340	50	17,000
	17	Quarry Production Woker	340	50	17,000
		Sub- Total	818		42,860

မှတ်ချက်။ ။ဝန်ထမ်းအင်အားစာရင်းသည်လုပ်ငန်းတွင်အမြဲတမ်းခန့်ထားမည့်ဝန်ထမ်းအင်အားစာရင်းဖြစ်ပါသည်။

လျှို့ဝှက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ရွှေနေချုပ်ရုံး
နေပြည်တော်

စာအမှတ်၊ ၂(၅) ၁၃ - ၄/နပတ (၁၀၂)

ရက်စွဲ၊ ၂၀၁၀ ခုနှစ်၊ မတ်လ ၁၁ ရက်

အကြောင်းအရာ။ **ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေးဦးပိုင် လီမိတက်တို့အကြားချုပ်ဆိုမည့် B.O.T စနစ်ဖြင့် လမ်းပြုပြင်ဖောက်လုပ်ခြင်း လုပ်ငန်းလုပ်ကိုင်ရေးနှင့် လွှဲပြောင်းပေးရေး စာချုပ်(မူကြမ်း)အားစိစစ်ပေးရန် ကိစ္စ**

ရည် ညွှန်း ချက် ။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၆-၂-၂၀၁၀ ရက်စွဲပါစာအမှတ်၊ ၁/ခွဲ -၂ /ထွေ/ ၂၀၁၀(ကုမ္ပဏီ)(စီ ၁၅၈၆)

၁။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက် တို့သည် ရန်ကုန်- ပြည်-မန္တလေးလမ်း၏ ရန်ကုန်-ပြည်-မကွေးလမ်းပိုင်း မိုင်တိုင် ၂၂/၃ မှ ၃၃၁/၁ ထိ ၃၀၈/၅ မိုင်၊ ကိုးပင်-စမ်းမကြီး-သစ်ရာကောက်လမ်းအပိုင်းမိုင် ၀/၀ မှ မိုင် ၁၉/၃ ထိ ၁၉/၃ မိုင်၊ အမှတ်(၄) လမ်းမ ကြီးမိုင် ၆/၀ မှ မိုင် ၁၂/၄ ထိ ၆/၄ မိုင်၊ ပြည်မြို့ရှောင်လမ်း ၅/၆ ၁/၂ မိုင်၊ စုစုပေါင်း ၃၄၀/၂ ၁/၂ မိုင်ကို B.O.T စနစ်ဖြင့် လမ်းပြုပြင် ဖောက်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ရေးနှင့် လွှဲပြောင်းပေးရေး လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ရန်ချုပ်ဆိုမည့် စာချုပ်(မူကြမ်း)အား စိစစ်ပေးပါရန် ရည်ညွှန်းချက်ပါစာဖြင့် မေတ္တာရပ်ခံလာသောကိစ္စဖြစ်ပါသည်။

၂။ ပူးတွဲပေးပို့လာသော စာချုပ်(မူကြမ်း)သည် ဤရုံး၏ ၃၁-၁၂-၂၀၀၉ ရက်စွဲပါစာအမှတ်၊ ၂(၅) ၁၃-၂၀/နပတ(၅၀၃)ဖြင့် စိစစ်ပြန်ကြားပေးခဲ့သော ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် တောင်ပေါ်ဒေသ လမ်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက်တို့ချုပ်ဆိုမည့် စာချုပ်(မူကြမ်း)နှင့်အလားတူပြုစုထားကြောင်း တွေ့ရှိရပါသည်။

လျှို့ဝှက်

၃။ ရည်ညွှန်းချက်ပါစာဖြင့် ပူးတွဲပေးပို့လာသောစာချုပ်(မူကြမ်း)များအပေါ် ဥပဒေရှုထောင့်မှ လေ့လာစိစစ်ပြီး အောက်ပါအတိုင်းသုံးသပ်အကြံပြုအပ်ပါသည်-

(က) စာချုပ်(မူကြမ်း) အပိုဒ်၁(ည)၊ ၃(ဇ)၊ ၃(ဌ)တွင် ရည်ညွှန်းထားသောနောက်ဆက်တွဲ(က) နှင့် အပိုဒ်၇(တ)တွင် ရည်ညွှန်းထားသောနောက်ဆက်တွဲ(ခ)များသည် စာချုပ်(မူကြမ်း) တွင် ပူးတွဲပါရှိလာခြင်း မရှိကြောင်းတွေ့ရှိရပါသည်။ နောက်ဆက်တွဲများသည် စာချုပ် ၏ တစ်စိတ်တစ်ဒေသဖြစ်သဖြင့် နောက်ဆက်တွဲပါဖော်ပြချက်များသည် စာချုပ်ပါ စည်းကမ်းချက်များနှင့် ညီညွတ်မှုရှိစေရန် ဌာနမှစိစစ်ရန်လိုအပ်ပါသည်။ စာချုပ်လက် မှတ်ရေးထိုးသည့်အချိန်တွင် နောက်ဆက်တွဲပုံစံများပြည့်စုံစွာပူးတွဲဖော်ပြရန် လိုအပ်ပါ သည်၊

(ခ) စာချုပ်(မူကြမ်း)၏အပိုဒ် ၆ အရဘဏ်အာမခံထားရှိမည်ဖြစ်ပါသည်။စာချုပ်(မူကြမ်း) တွင် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ တရားဝင်ခွင့်ပြုထားသော ဘဏ်တစ်ခုခု၌ ဘဏ်အာမခံထားရှိရမည်ဟု ဖော်ပြထားရာ ဘဏ်အာမခံပုံစံမှာ သက်ဆိုင်ရာဘဏ်၏ သတ်မှတ်ထားသော ဘဏ်အာမခံပုံစံဖြစ်ရန်လိုအပ်ပြီး ဘဏ်အာမခံပုံစံအား စာချုပ် တွင် နောက်ဆက်တွဲအဖြစ် ပူးတွဲထားသင့်ပါသည်။ စာချုပ်(မူကြမ်း)နှင့်အတူ ဘဏ် အာမခံပုံစံပါရှိလာခြင်းမရှိ၍ ဤရုံးမှ စိစစ်ပေးနိုင်ခြင်းမရှိပါ။ ဘဏ်အာမခံပုံစံ ထုတ် ပေးသည့်ဘဏ်သည် ဗဟိုဘဏ်က ဗဟိုဘဏ်ဥပဒေနှင့်အညီ ဘဏ်လုပ်ငန်း ကို တရားဝင် အပြည့်အဝလုပ်ကိုင်ခွင့်ပြုထားသောဘဏ် ဖြစ်ရန်လိုအပ်ပါသည်၊

(ဂ) စာချုပ်(မူကြမ်း)အပိုဒ် ၉(ခ)တွင် လုပ်ငန်းစတင်မည့်နေ့ကို(၁-၄-၂၀၀၈)ရက်နေ့ဟု ဖော်ပြထားပြီး အပိုဒ် ၉(ဂ)တွင် လုပ်ငန်းကာလမှာ စာချုပ်ပါလုပ်ငန်းများကို လုပ်ကိုင် ခွင့်ပြုထားကြောင်း အကြောင်းကြားသည့်နေ့မှစ၍(၃)နှစ်အတွင်းပြီးစီးအောင် ဆောင် ရွက်ပေးရမည်ဖြစ်ကြောင်းသတ်မှတ်ထားသဖြင့်စာချုပ်မချုပ်ဆိုမီလုပ်ငန်းစတင်ဆောင် ရွက်သည့်သဘော သက်ရောက်နေပါသဖြင့် လုပ်ငန်းကာလ၊ လုပ်ငန်းစတင်သည့်နေ့ တို့ကို ဌာနမှစာချုပ်ပါစည်းကမ်းချက်များနှင့် ညီညွတ်ရေးအတွက် ပြန်လည်စိစစ်ရန် လိုအပ်ပါသည်။

၄။ ဤစာချုပ်(မူကြမ်း)ကို ဥပဒေကြောင်းအရသာစိစစ်ခြင်းဖြစ်၍ ဥပဒေရေးရာမဟုတ်သည့် စီမံရေးရာ၊ ဘဏ္ဍာရေးရာ၊ ကျွမ်းကျင်မှု ဆိုင်ရာကိစ္စရပ်များကို ဤရုံးအနေဖြင့် မှတ်ချက်ပေးရန်မရှိပါကြောင်းနှင့် ယင်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကျွမ်းကျင်သူများနှင့်ဆွေးနွေးညှိနှိုင်းရန် အကြံပြုပါသည်။

၅။ ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက်သည် ဥပဒေအရ တရားဝင်ဖွဲ့စည်းထားသော ကုမ္ပဏီဟုတ် မဟုတ်၊ စာချုပ်ပါလုပ်ငန်းများကို လုပ်ကိုင်နိုင်စွမ်းနှင့် လုပ်ကိုင်နိုင်ခွင့်ရှိ မရှိ၊ ငွေကြေး အင်အားပြည့်စုံမှုရှိ မရှိ၊ စာချုပ်တွင် လက်မှတ်ရေးထိုးမည့်သူသည် တရားဝင်လွှဲအပ်ခြင်းခံရသူဟုတ် မဟုတ် စသည်တို့နှင့် စပ်လျဉ်း၍ ကြိုတင်စိစစ်ရန်လိုအပ်မည်ဖြစ်ပါသည်။

၆။ ဤစာချုပ်(မူကြမ်း)ကို လက်မှတ်ရေးထိုးချုပ်ဆိုပြီးပါက မှတ်တမ်းတင်ထားနိုင်ရန် အတွက် ဤရုံးသို့ မိတ္တူ(၃)စောင်ပေးပို့ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ညွှန်ကြားရေးမှူးချုပ်(တာဝန်)(ကိုယ်စား)

(ကျော်ဆန်း၊ ညွှန်ကြားရေးမှူး)

ဆောက်လုပ်ရေးဝန်ကြီးဌာန

ဝန်ကြီးရုံး

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

ဆောက်လုပ်ရေးဝန်ကြီးဌာန

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း

နှင့်

"ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက်"

တို့အကြား ချုပ်ဆိုသည့်

ရန်ကုန်–ပြည်–မန္တလေးလမ်း

၏

ရန်ကုန်–ပြည်–မကွေးလမ်းပိုင်း ကို

ပြုပြင် ဖောက်လုပ် လုပ်ငန်းလုပ်ကိုင်ရေး နှင့် လွှဲပြောင်းပေးရေး

(BUILD OPERATE AND TRANSFER)

ပဋိညာဉ်စာချုပ်

ကန်ထရိုက်နံပါတ် (၂၀၁၀–၁၁/ ဘီအိုတီ/)

ရက်စွဲ ၊ ၂၀၁၀ ခုနှစ် ၊ ( )လ၊ ( ) ရက်

ရန်ကုန်-ပြည်-မန္တလေးလမ်း၏
ရန်ကုန်-ပြည်-မကွေးလမ်းပိုင်း
(ကိုးပင်-စမ်းမကြီး-သစ်ရာကောက်လမ်းပိုင်း ၊ အမှတ် (၄) လမ်းမကြီးနှင့် ပြည်မြို့ရှောင်လမ်းအပါအဝင်)ကို
ပြုပြင် ဖောက်လုပ် လုပ်ငန်းလုပ်ကိုင်ရေးနှင့် လွှဲပြောင်းပေးရေး
(BUILD OPERATE AND TRANSFER)
ပဋိညာဉ်စာချုပ်

ဤစာချုပ်ကို ပြည်ထောင်စုမြန်မာနိုင်ငံ၊ နေပြည်တော်တွင် ၂၀၁၀ ခုနှစ် ၊ လ ( ) ရက်နေ့၌ ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ဆယ် ကိုယ်စားပြုသော ဆောက်လုပ်ရေးဝန်ကြီးဌာန ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ၊ အဆောက်အဦအမှတ် (၁၁) ၊ နေပြည်တော် (ဤမှ နောင်တွင် **"လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ"**ဟု ရည်ညွှန်းခေါ်ဆိုမည်ဖြစ်ရာ ၊ ယင်းစကားရပ်တွင် စာသားများအရသော်လည်းကောင်း ၊ အဓိပ္ပါယ်အရ သော်လည်းကောင်း ၊ ရှေ့နောက် ဆန့်ကျင်ကွဲလွဲခြင်းမရှိပါက ၊ ယင်း၏ ဆက်ခံသူများနှင့် ခွင့်ပြုလွှဲအပ်သူများ ပါဝင်သည်ဟု မှတ်ယူရမည်) က တစ်ဖက်

နှင့်

မန်နေးဂျင်းဒါရိုက်တာ ၊ ဗိုလ်ချုပ်ဝင်းသန်း ကိုယ်စားပြုသော ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက် ၊ အမှတ် (၁၈၉/၁၉၁) ၊ မဟာဗန္ဓုလလမ်း ၊ ဗိုလ်တထောင်မြို့နယ် ၊ ရန်ကုန်မြို့ (ဤမှ နောင်တွင် **"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"**ဟု ရည်ညွှန်း ခေါ်ဆိုရမည်ဖြစ်ရာ၊ ယင်းစကားရပ်တွင် စာသားများအရသော်လည်းကောင်း၊ အဓိပ္ပါယ်အရသော်လည်းကောင်း ၊ ရှေ့နောက် ဆန့်ကျင် ကွဲလွဲခြင်းမရှိပါက ၊ ယင်း၏ တရားဝင်ကိုယ်စားလှယ်များ၊ ဆက်ခံသူများနှင့် ခွင့်ပြုလွှဲအပ်သူ များပါဝင်သည်ဟု မှတ်ယူရမည်) က အခြားတစ်ဖက်တို့ ချုပ်ဆိုကြပါသည်။

နိဒါန်း

"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" သည် လမ်းနှင့် တံတားအသုံးပြုခနှင့် အခြားအကျိုးခံစားခွင့်များကို ထည့်သွင်းစဉ်းစား၍ စာချုပ်ပါလုပ်ငန်းများ ဆောင်ရွက်ရန် အလို့ငှာ ဤပဋိညာဉ်စာချုပ်ကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ နှစ်ဦးနှစ်ဖက် အကြေအလည် ညှိနှိုင်းပြီးနောက် အောက်ပါအတိုင်း သဘောတူကြပါသည်။

အဓိပ္ပါယ်ဖွင့်ဆိုချက်များ

၁။ အဓိပ္ပါယ်ဖွင့်ဆိုချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) **"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူပိုင်စက်ယန္တရားများ"**ဆိုသည်မှာ ဤစီမံကိန်းလုပ်ငန်းကို ပြီးစီးအောင်ဆောင်ရွက်ရာတွင်လည်းကောင်း ၊ လုပ်ငန်းပျက်စီးသည့် အစိတ်အပိုင်းများပြုပြင်ဆောင်ရွက်ရာတွင်လည်းကောင်း ၊ အသုံးပြုမည့်စက်၊ ယာဉ်၊ ယန္တရားများ၊ စက်သုံးကိရိယာတန်ဆာပလာ ပစ္စည်းများကို ခေါ်ဆိုသည်။ အမြဲတမ်း လုပ်ငန်းများအတွက် ရည်ရွယ်၍ တည်ဆောက်ထားသော အဆောက်အအုံ၊ စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းသုံးပစ္စည်းများ ပါဝင်ခြင်းမရှိစေရပါ။

(ခ) **"ပစ္စည်း"**ဆိုသည်မှာ (စက်ရုံ၊ အလုပ်ရုံများမှအပ) ဤပဋိညာဉ်စာချုပ်ပါ စည်းကမ်းချက်များအရ စီမံကိန်းလုပ်ငန်းအတွက် လိုအပ်သော **"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"**မှ ဝယ်ယူသည့် လိုအပ်ပါက နိုင်ငံခြားမှ မှာယူတင်သွင်းသော ပစ္စည်းများအပါအဝင် လုပ်ငန်းသုံးပစ္စည်းများအားလုံးကို ခေါ်ဆိုသည်။

(ဂ) **``အမြဲတမ်းလုပ်ငန်းများ``** ဆိုသည်မှာ ဤပဋိညာဉ်စာချုပ်ပါ စီမံကိန်းလုပ်ငန်းတွင် အကျုံးဝင်သော ပုံစံပြု ဆောင်ရွက်ရမည့် အမြဲတမ်းလုပ်ငန်းများကို ခေါ်ဆိုပါသည်။

(ဃ) **``စက်ရုံ ၊ အလုပ်ရုံ``**ဆိုသည်မှာ ဤပဋိညာဉ်စာချုပ်ပါ စည်းကမ်းချက်များအရ **``လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ``**မှ ဤစီမံကိန်းလုပ်ငန်းတွင် အကျုံးဝင်သော အမြဲတမ်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ စက်ပစ္စည်း ၊ ကိရိယာ (လိုအပ်ပါက နိုင်ငံခြားမှ မှာယူတင်သွင်းသည့် စက်ပစ္စည်း ၊ ကိရိယာ) များ တပ်ဆင်သည့် စက်ရုံ ၊ အလုပ်ရုံကို ခေါ်ဆိုသည်။

(င) **``အပိုင်း``**ဆိုသည်မှာ **``လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ``**မှ တာဝန်ယူ ပုံစံပြုဆောက်လုပ်ရမည့် လုပ်ငန်းတစ်စိတ်တစ်ပိုင်းကို ဆိုလိုသည်။

(စ) **``လုပ်ငန်းခွင်နေရာ``**ဆိုသည်မှာ ဤပဋိညာဉ်စာချုပ်တွင် ရည်ညွှန်းဖော်ပြထားသည့် လုပ်ငန်းတစ်စိတ်တစ်ပိုင်း၏ နေရာများ **``လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ``** မှ လုပ်ငန်းဆောင်ရွက်ရန် သတ်မှတ်ပေးထားသည့်နေရာများ ၊ ရုံးအဆောက်အအုံ ၊ စက်ရုံ ၊ အလုပ်ရုံ တည်ဆောက်ထားသည့်နေရာများ၊ ပစ္စည်းများ စုပုံထားသည့် နေရာများကို ခေါ်ဆိုပါသည်။

(ဆ) **``ယာယီလုပ်ငန်းများ``**ဆိုသည်မှာ ဤစီမံကိန်း **``လုပ်ငန်း``**ကို ပြီးစီးအောင် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်းကောင်း ၊ လုပ်ငန်း၏ ပျက်စီးယိုယွင်းနေသည့် အစိတ်အပိုင်းများ ပြုပြင်ဆောင်ရွက်ရာတွင်လည်းကောင်း ၊ အထောက်အကူပြုသည့် လုပ်ငန်းများကို ခေါ်ဆိုပါသည်။

(ဇ) **``ပြောင်းလဲခြင်း``**ဆိုသည်မှာ ဤပဋိညာဉ်အပိုဒ် ၁၆ ပါ စည်းကမ်းချက်များအရ **``လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ``** ၏ တရားဝင်ကိုယ်စားလှယ်မှ အတည်ပြုပြီးသော လုပ်ငန်းပြောင်းလဲခြင်း ၊ (သို့မဟုတ်) **``လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ``**၏ တရားဝင်ကိုယ်စားလှယ်မှ လုပ်ငန်းသဘာဝအရ လုပ်ငန်းပိုမိုကောင်းမွန်စေရန် လုပ်ငန်းပြောင်းလဲလုပ်ကိုင်ရန် တရားဝင် ညွှန်ကြားသည့် လုပ်ငန်းများကို ဆိုလိုသည်။

(ဈ) **``စာချုပ်``** ဆိုသည်မှာ ဤပဋိညာဉ်စာချုပ်ကို ဆိုလိုသည်။

(ည) **``လုပ်ငန်းအပြီးသတ်ဆောင်ရွက်ပြီးစီးမှုလက်မှတ်`` (Final Completion Certificate)** ဆိုသည်မှာ ပဋိညာဉ်စာချုပ်၏ **နောက်ဆက်တွဲ (က)** ပါ နည်းပညာဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ချက်များ **(Technical Specifications)** နှင့်အညီ လမ်းမကြီးကို ဖောက်လုပ်ပြီးစီးသည့်အခါ **``လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ``** မှ စစ်ဆေး၍ ယင်းနည်းပညာဆိုင်ရာ စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့် ကိုက်ညီစွာ ဖောက်လုပ်ထားကြောင်း တွေ့ရှိချိန်တွင် **``လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ``** အား **``လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ``** မှ ထုတ်ပေးသည့် လက်မှတ်ဖြစ်သည်။

ဆောင်ရွက်ရမည့်လုပ်ငန်းများ

၂။ ဤစီမံကိန်းလုပ်ငန်းလမ်းမကြီး ဖောက်လုပ်တည်ဆောက်ရာတွင် ဆောင်ရွက်ရမည့်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) လမ်းနယ်နိမိတ်အတွင်းသစ်ပင်များ ခုတ်လှဲခြင်း၊ သစ်ငုတ်များ ဖယ်ရှားခြင်း၊ ရှင်းလင်းခြင်းလုပ်ငန်း။

(ခ) လမ်းကြောင်းမြေတူးဖော်ခြင်းလုပ်ငန်း။

(ဂ) လမ်းကြောင်းမြေဖို့ရန် အခြားနေရာများမှ မြေတူးခြင်းလုပ်ငန်း။

(ဃ) လမ်းမြေသား တာဘောင်ဖို့ခြင်းလုပ်ငန်း။

(င) လက်ရှိလမ်းကိုချဲ့ခြင်း **(Widening)**။

(စ) ဒု-အခြေခံလွှာ တည်ဆောက်ခြင်းလုပ်ငန်း။

(ဆ) အခြေခံလွှာ တည်ဆောက်ခြင်းလုပ်ငန်း။

(ဇ) လမ်းမျက်နှာပြင်ညှိလွှာ **(Regulating Course)** တည်ဆောက်ခြင်းလုပ်ငန်း။

(ဈ) ယာဉ်သွားလမ်းအကျယ် ၂၄ ပေကို ကတ္တရာဖြင့် **(Penetration Macadam)** တည်ဆောက်ခြင်းလုပ်ငန်း။

(ည) ကတ္တရာရေပိတ်လွှာ နှစ်ထပ်လောင်းခြင်းလုပ်ငန်း။

(ဋ) ကတ္တရာကွန်ကရစ်အလွှာ (၂၄)ပေအကျယ် ခင်းခြင်းလုပ်ငန်း။

(ဌ) လမ်းပုခုံးများ တည်ဆောက်ခြင်း၊ လမ်းဘေးဝဲ/ယာရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်း၊ နိမ့်သောမြေသားမျက်နှာပြင်များ ပြုပြင်ခြင်းလုပ်ငန်းများ။

(ဍ) လမ်းသားနှင့်ဝဲ/ယာရေနုတ်မြောင်း ၊ ကြားဖြတ်ရေနုတ်မြောင်းများ တည်ဆောက်ခြင်း။

(ဎ) လမ်းအကွာအဝေးပြမိုင်တိုင်များ စိုက်ထူခြင်းလုပ်ငန်း၊ လမ်းအမှတ်အသားပြတိုင်များ စိုက်ထူခြင်းလုပ်ငန်း၊ အဆင့်မီ လမ်း-တံတားအသုံးပြုခကောက်ခံရန်ဂိတ်များ၊ ကောက်ခံသည့်ရုံးများ၊ ထိန်းချုပ်ရေးနှင့် ဆက်သွယ်ရေးစခန်းများ၊ ယာဉ်ရပ်နားစခန်းများ၊ လမ်းကူးလမ်းစပ်များ၊ နားခိုရန်နေရာများ၊ အပန်းဖြေစခန်းများနှင့် ကြော်ငြာဆိုင်းဘုတ်များစိုက်ထူရန်အတွက် ပုံစံပြုရန် နှင့် တည်ဆောက်ရန်၊ မြို့ရှောင်လမ်းများ ဖောက်လုပ်ပေးရန်။

(ဏ) စီမံကိန်းလုပ်ငန်း လမ်းမကြီးနှင့် ဆက်သွယ်သည့်လမ်းများ ဖောက်လုပ်ခြင်း။

(တ) လမ်း-တံတားအသုံးပြုခကောက်ခံရေးဂိတ်များနှင့် အခြားအထောက်အကူပြုအဆောက်အအုံများ တည်ဆောက်ခြင်းလုပ်ငန်း။

၃။ စံချိန်စံညွှန်းများ

''လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ'' သည် **''လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ''** မှ သတ်မှတ်ထားသည့် **နောက်ဆက်တွဲ (က)**ပါ နည်းပညာဆိုင်ရာ စံချိန်စံညွှန်းများနှင့်ကိုက်ညီအောင် လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးရမည်။ အချို့လုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်ချက်များအတိုင်း ဆောင်ရွက်ရန် မဖြစ်နိုင်ပါက လိုအပ်သလိုညှိနှိုင်းဆောင်ရွက်ခွင့်ရှိသည် -

(က) **လမ်းမြေသားတာဘောင်ဖို့ခြင်း ။** လမ်းမြေသားတာဘောင်ဖို့ခြင်းဆောင်ရွက်ရာတွင် မြေသားအတွင်း သစ်ပင်သစ်ဆွေးများ၊ ကျန်းမာရေးထိခိုက်စေနိုင်သည့် ပစ္စည်းများ မပါဝင်စေရန် သတိပြုဆောင်ရွက်ရမည်၊ သတ်မှတ်ထားသည့်အမြင့်နှင့် လမ်းသားပုံရရှိစေရန် ဆောင်ရွက်ပေးရမည်၊ မြေသားသိပ်သည်းမှုသည် သတ်မှတ်ချက်၏ (၉၀) ရာခိုင်နှုန်းထက် မနည်းစေရ။

(ခ) **အောက်ခံမြေ ။** အောက်ခံမြေသားမှာ လမ်းသားအလွှာအောက်ရှိ တူးထုတ်ထားသော(သို့မဟုတ်) ဖို့ထားသော မြေသားအလွှာဖြစ်ပါသည်။ အောက်ခံမြေသားကို သတ်မှတ်ရွေးချယ်ထားသော မြေသားဖြင့် သတ်မှတ်သိပ်သည်းမှုရရှိအောင် ကြိတ်ထားသည့်အနည်းဆုံး (၁၂)လက်မအထူ ရှိသည့် မြေသားအလွှာဖြစ်ပါသည်။ သိပ်သည်းမှုမှာ သတ်မှတ်သိပ်သည်းမှု၏ (၉၅) ရာခိုင်နှုန်း (သို့မဟုတ်) ၎င်းအထက်ရှိရမည်။ စီ-ဘီ-အာ(ရေစိမ်)တန်ဖိုးသည် (၅) ရာခိုင်နှုန်းထက် မနည်းရှိစေရမည်။

(ဂ) **လမ်းဟောင်းကိုချဲ့ခြင်း (Widening)။** ယာဉ်သွားလမ်း ၂၄' မပြည့်သည့် လမ်းဟောင်းကိုချဲ့ရာတွင် လမ်းသုတေသနဓါတ်ခွဲခန်းမှ အတည်ပြုပေးထားသည့် လမ်းသားအထူနှင့် သတ်မှတ်ပေးသည့် တည်ဆောက်ပုံနည်းစနစ်အတိုင်း လိုက်နာဆောင်ရွက်ရမည်၊ ထပ်မံတိုးချဲ့သည့်အပိုင်းကို ကျစ်လျစ်သိပ်သည်းမှုရရှိအောင် စက်ယန္တရားများဖြင့် ခင်းကြိတ်ရမည်။

(ဃ) **ဒု-အခြေခံလွှာ။** ဒု-အခြေခံလွှာမှာ ကျောက် (၆) လက်မထု (သို့မဟုတ်) ကျောက်ရောမြေအား (၁၄) လက်မထု သိပ်သည်းအောင်ကြိတ်ထားသောအလွှာကိုခေါ်ဆိုပါသည်။ သတ်မှတ်သိပ်သည်းမှုမှာ (၉၅) ရာခိုင်နှုန်းရှိရမည်ဖြစ်ပြီး စီ-ဘီ-အာ(ရေစိမ်)တန်ဖိုးသည် (၃၀) ရာခိုင်နှုန်း (သို့မဟုတ်) ၄င်းအထက်ရှိစေရမည်။

(င) **အခြေခံလွှာ။** ဒု-အခြေခံလွှာနှင့်အပေါ်မျက်နှာပြင်အကြားရှိ ကျောက်ရောမြေသား(သို့မဟုတ်) ခွဲကျောက်တို့ကို (၁၀)လက်မထုသိပ်သည်းလွှာရရှိအောင် ဆောင်ရွက်ရမည့်အလွှာဖြစ်ပါသည်။ စီ-ဘီ-အာ(ရေစိမ်)တန်ဖိုးသည် (၈၀) **ရာခိုင်နှုန်းအထက်ရှိစေရမည်။**

(စ) **လမ်းမျက်နှာပြင်ညှိလွှာ (Regulating Course)။** လက်ရှိ လမ်းမျက်နှာပြင်အနေအထားအပေါ်မူတည်၍ ကတ္တရာကွန်ကရစ်မခင်းမီ လမ်းမျက်နှာပြင်ညှိလွှာကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ တည်ဆောက်ရမည်။

(ဆ) **ကနဦးလွှာကတ္တရာလောင်းခြင်း။** ကတ္တရာရေပိတ်လွှာမလောင်းမီ လမ်းမျက်နှာပြင်အားဖုန်များ၊ ရွှံ့များ၊ အမှိုက်သရိုက်များ သန့်ရှင်းအောင်ဆောင်ရွက်ရမည်၊ ရေပိတ်လွှာကတ္တရာအား **``လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ''**၏ သတ်မှတ်ချက်များအတိုင်း ဆောင်ရွက်ရမည်။

(ဇ) **ကတ္တရာဖြင့် (Penetration Macadam) တည်ဆောက်၍ ကတ္တရာရေပိတ်လွှာနှစ်ထပ်ခင်းခြင်းလုပ်ငန်း။** ကတ္တရာဖြင့် (**Penetration Macadam**) သိပ်သည်းပြီး (၃) လက်မအထူကို လမ်းသုတေသနဓါတ်ခွဲခန်းမှ သတ်မှတ်ပေးသည့် စံချိန်စံညွှန်းများနှင့်အညီ တည်ဆောက်ပြီးနောက် ကတ္တရာရေပိတ်လွှာနှစ်ထပ်ကို စံချိန်စံညွှန်းနှင့်အညီ ဆက်လက်တည်ဆောက်ရမည်။ [**နောက်ဆက်တွဲ (က)** ပါအတိုင်း] (ရန်ကုန်-ပြည်-မကွေးအပိုင်း မိုင် ၁၉၃/၇ မှ ၃၃၁/၀ အထိ ၁၃၇/၁ မိုင်နှင့် ကိုးပင်-စမ်းမကြီး-သစ်ရာကောက်လမ်းအပိုင်း မိုင် ၀/၀ မှ ၁၉/၃ ထိ ၁၉/၃ မိုင်၊ ပြည်မြို့ရှောင်လမ်း ၅/၆½ မိုင် ၊ စုစုပေါင်း ၁၆၈/၆½ မိုင် အား ကတ္တရာခင်းရန်။)

(ဈ) ယာဉ်သွားလမ်း (၂) လမ်းအတွက် လမ်းသားအကျယ်မှာ (၂၄) ပေ ဖြစ်ရမည်။ ပျမ်းမျှ တစ်နေ့ယာဉ်အစီးရေ AADT (Annual Average Daily Traffic) (၂၀၀၀)ကျော် သွားသည့်အခါတွင် ကတ္တရာကွန်ကရစ် (Asphalt Concrete) တည်ဆောက်ပေးရမည်။ **``လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ''** မှ လုပ်ငန်းလိုအပ်ချက်အရ တရားဝင်ညွှန်ကြားလာသည့်အခါ **``လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ''**က ယာဉ်သွားလမ်း (၂၄) ပေအကျယ် ကတ္တရာကွန်ကရစ် (Asphalt Concrete) တည်ဆောက်ပေးရမည်။

(ည) **ကတ္တရာဆက်စပ်လွှာ (Tack Coat) လောင်းခြင်း။** လက်ရှိ ကတ္တရာကွန်ကရစ်လမ်းပေါ်တွင် ကတ္တရာကွန်ကရစ်မခင်းမီ ကတ္တရာဆက်စပ်လွှာကို လမ်းသုတေသနဓါတ်ခွဲခန်းမှ သတ်မှတ်ပေးသည့် စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဋ) **ကတ္တရာကွန်ကရစ် (Asphalt Concrete) မျက်နှာပြင်လွှာအထူ သိပ်သည်းပြီး (၂) လက်မအထူခင်းခြင်း။** ကတ္တရာကွန်ကရစ်အား ကတ္တရာဆက်စပ်လွှာခင်းပြီးမှ ဆောင်ရွက်ရမည်။ လိုအပ်သည့်အရည်အသွေးများရရှိရန် ကတ္တရာကွန်ကရစ်အား မာရှယ်နည်းကို အသုံးပြု၍ ပုံစံပြုဆောင်ရွက်ရမည်။ စာချုပ် **နောက်ဆက်တွဲ (က)** ဇယားပါစည်းကမ်းချက်များအတိုင်း စက်ဖြင့်ရောစပ်ခြင်း ၊ စက်ဖြင့်ခင်းခြင်းများ ဆောင်ရွက်ရမည်။ (ရန်ကုန်-ပြည်-မကွေးအပိုင်း မိုင် ၂၂/၃ မှ ၁၉၃/၇ ထိ ၁၇၁/၄ မိုင်အားကတ္တရာကွန်ကရစ်ခင်းရန်။)

(ဌ) ဤလမ်းစီမံကိန်းလုပ်ငန်း၏ လမ်းနယ်နိမိတ်အား ဖြတ်သန်းသည့်နေရာများတွင် ပေ (၂၀၀) အကျယ်သတ်မှတ်သည်။

(ဍ) လမ်းသားတည်ဆောက်ရာတွင် ယာဉ်နှင့်ကုန်အလေးချိန် စုစုပေါင်း အနည်းဆုံး(၆၀)တန်ခံနိုင်ရန် တည်ဆောက်ပေးရမည်။

(ဎ) တံတားများတည်ဆောက်ရာတွင် (**AASHTO HS 20-44 လမ်းမကြီးများသတ်မှတ်စံချိန်စံညွှန်းအရ**) ယာဉ်နှင့်ကုန် စုစုပေါင်း အလေးချိန် (၆၀) တန် ခံနိုင်ရန် တည်ဆောက်ပေးရမည်၊ တံတားအပေါ်ပိုင်းကိုယ်ထည်မှာ သံမဏိသံဘောင်တံတား (သို့မဟုတ်) သံအားဖြည့်ဘိလပ်မြေကွန်ကရစ်တံတားကိုယ်ထည်များ ဖြစ်စေရပါမည်။

``လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ`` ၏ တာဝန်များ

၄။ **``လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ``**၏ တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) လမ်း-တံတားများအား B.O.T. စနစ်ဖြင့် လုပ်ကိုင်မှုကို **``လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ``** က ကြီးကြပ်ကွပ်ကဲမှု ပေးရမည်။

(ခ) **``လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ``** သည် **``လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ``** မှ ပဋိညာဉ်စာချုပ်ပါ လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် နှင့် ဥပဒေနှင့်အညီ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လိုအပ်သော ခွင့်ပြုမိန့်ကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ရရှိရန် ပံ့ပိုးကူညီဆောင်ရွက် ပေးရမည်။

(ဂ) **``လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ``** သည် လုပ်ငန်းစီမံကိန်းအတွက် လိုအပ်သောသက်ဆိုင်ရာဝန်ကြီး ဌာနများ ၊ အစိုးရဌာနများ၏ အတည်ပြုချက် ၊ သဘောတူညီချက်နှင့် ခွင့်ပြုချက်များရရှိအောင် ဆောင်ရွက်ပေးရမည်။

(ဃ) **``လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ``** သည် လုပ်ငန်းစီမံကိန်းအတွက် အဆိုပြုထားသော လမ်းဖြောင့်တန်းမှု အတိုင်း ရရှိစေရန် ဖြည့်ဆည်းဆောင်ရွက်ပေးရမည်။

(င) **``လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ``** သည် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဖောက်လုပ်ပြီးစီးပါက လုပ်ငန်းစီမံကိန်း၏ အပြီးသတ် ဆောင်ရွက်ပြီးစီးမှု လက်မှတ် (**Final Completion Certificate**) ကို **``လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ``**အား ထုတ်ပေးရမည်။ လမ်းအသုံးပြုခ ကောက်ခံခြင်းကိုလည်း ခွင့်ပြုရမည်။

“လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ” ၏ တာဝန်များ

၅။ **``လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ``**၏ တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) **``လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ``**သည် ဤစာချုပ်ပါလမ်းအပိုင်းအတွက် လမ်း-တံတားအသုံးပြုခ ကောက်ခံရန် တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ရမည်။

(ခ) **``လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ``**သည် ပဋိညာဉ်စာချုပ်ပါအချက်များနှင့်အညီ လုပ်ငန်းအတိုင်းအတာ ပမာဏကို ဆောင်ရွက်ရန်နှင့် ပုံစံပြုခြင်း ၊ လုပ်ငန်းအကောင်အထည်ဖော်ခြင်း ၊ လုပ်ငန်းပြီးစီးအောင် ဆောင်ရွက်ခြင်းနှင့် ပဋိညာဉ်စာချုပ်ပါအချက်များနှင့်အညီ ပျက်ကွက်မှုတစ်စုံတစ်ရာ အတွက် ပြင်ဆင်မှုပြုခြင်းတို့ကို သဘောတူပြီးဖြစ်သည့်အတိုင်း ဆောင်ရွက်ရမည်။

(ဂ) **``လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ``**သည် အပိုဒ် ၂ နှင့် ၃ ပါ လုပ်ငန်းများကို ပြီးဆုံးအောင် ဆောင်ရွက်ရန် တာဝန်ရှိသည်။

(ဃ) **``လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ``**သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများအရ ရာနှုန်းပြည့် ရင်းနှီးမြှုပ်နှံပြီး သီးခြားကုမ္ပဏီတစ်ခုကို ဖွဲ့စည်း၍ အဆိုပြုသည့် လမ်းအပိုင်း ပြုပြင်ဖောက်လုပ်စီမံအုပ်ချုပ်ခြင်းလုပ်ငန်းကို ပြုလုပ်လိုပါက ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ခွင့်ပြုချက်ရယူ၍ ပြုလုပ်နိုင်သည်။

(င) **``လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ``**သည် ကြီးကြပ်သူ ၊ အလုပ်သမား ၊ စက်ရုံ ၊ အလုပ်ရုံ ၊ ပစ္စည်းများ၊ ကိရိယာတန်ဆာပလာ ၊ ယာယီလုပ်ငန်းများနှင့် အခြားလိုအပ်သော အရာဝတ္ထုများကို ဖြည့်ဆည်းထောက်ပံ့ရမည့်အပြင် ပုံစံပြုပြင်ခြင်း ၊ လုပ်ငန်းအကောင်အထည် ဖော်ခြင်း ၊ ပြီးဆုံးအောင်ဆောင်ရွက်ခြင်းနှင့် ပျက်ကွက်မှုအတွက် ပြင်ဆင်မှုပြုပေးခြင်း စသည်တို့ကို ဆောင်ရွက်ရမည်။

(စ) **``လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ``**သည် ယင်း၏ ထိန်းချုပ်မှုအောက်ရှိ ဆောက်လုပ်ရေးစခန်းအားလုံးနှင့် လုပ်ငန်းများအားလုံးရှိ လုပ်ငန်းခွင်နေရာများအား လုံလောက်မှု ၊ တည်ငြိမ်မှုနှင့် ဘေးအန္တရာယ်ကင်းရှင်းစေမှုတို့အတွက် အပြည့်အဝ တာဝန်ယူရမည်။

(ဆ) **``လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ``**သည် ပြည်တွင်းမှ ဝန်ထမ်းများ ၊ အလုပ်သမားများ ၊ ယင်းတို့၏ လုပ်အားခ ၊ နေအိမ် ၊ အစားအသောက်နှင့် သယ်ယူပို့ဆောင်ရေးတို့ကို ယင်း၏ ကိုယ်ပိုင်အစီအစဉ်ဖြင့် ဆောင်ရွက်ပေးရမည်။ ထို့ပြင် လုပ်ငန်းဆောင်ရွက်ရန်အတွက် လိုအပ်ပါက ပြည်ပမှ ဝန်ထမ်းများ ၊ လက်မှုပညာသည်များနှင့် အလုပ်သမားများကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ခေါ်ယူခန့်ထားနိုင်သည်။

(ဓ) **``လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ``**သည် ဝန်ထမ်းနှင့် အလုပ်သမားများ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေးတို့အတွက် ကာကွယ်မှုအစီအစဉ်များ ပြုလုပ်ပေးရမည်။

(ဈ) **``လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ``**သည် ပုံစံပြုဆောင်ရွက်စဉ်နှင့် လုပ်ငန်းအကောင်အထည်ဖော်စဉ်အတွင်း လိုအပ်သော ကြီးကြပ်ကွပ်ကဲမှုများကို လုပ်ငန်းအပြီးသတ် ဆောင်ရွက်ပြီးစီးမှုလက်မှတ် **(Final Completion Certificate)** ရရှိသည်အထိ ပြုလုပ်ပေးရမည်။ **(Final Completion Certificate)** ရရှိပြီး **``လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ``**၏ သဘောတူညီချက်ဖြင့် လမ်းအသုံးပြုခကို စတင်ကောက်ခံခွင့်ရှိသည်။

(ည) **``လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ``**သည် ပြည်ပမှ အလုပ်သမားများ မြန်မာနိုင်ငံတွင် ရှိနေစဉ်အတွင်း မြန်မာနိုင်ငံ၏ ဥပဒေ ၊ လုပ်ထုံးလုပ်နည်း ၊ စည်းမျဉ်းများကို လေးစားလိုက်နာရန်နှင့် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်ခြင်းမပြုရန် တာဝန်ယူရမည်။

(ဋ) **``လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ``**သည် ပစ္စည်း ၊ ထုတ်ကုန် (သို့မဟုတ်) ကိရိယာတန်ဆာပလာများ ဝယ်ယူမှုအတွက် တစ်ဆင့်ခံ လုပ်ငန်းလုပ်ကိုင်ခွင့်ရသူတစ်ဦး (သို့မဟုတ်) အများကို လွတ်လပ်စွာ ပြောင်းလဲနိုင်သည်။ တစ်ဆင့်ခံ လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ အားလုံးသည် **``လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ``**၏ အမည်ကိုသာ ရယူရမည့်အပြင် **``လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ``**၏ သဘောတူညီချက်နှင့်အညီ ဖြစ်ရမည်။

(ဌ) **``လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ``**သည် လမ်းနှင့်တံတားများ၏ပုံစံအတွက် အဆိုပြုချက် တင်သွင်းရမည်။ သို့ရာတွင် ယင်းတို့သည် အသေးစိတ်ဖော်ပြချက်ပါ လိုအပ်ချက်များထက်အဆင့် မနိမ့်စေရ၊ အဆိုပြုချက် အသစ်တင်ပြရန် လိုအပ်လာပါက အဆိုပြုချက်အသစ်အရ ဆောင်ရွက်ရာတွင် ဆောက်လုပ်မည့် အချိန်ဇယားသည် နောက်ကျခြင်းမရှိစေရ။

(ဍ) မြေတိုင်းသည့်မြေပုံတွင် ဖော်ပြထားသည့်လမ်း၏ လမ်းအူကြောင်းကို **``လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ``**၏ ခွင့်ပြုချက်ဖြင့်လိုအပ်သလိုပြင်နိုင်သည်။

(ဎ) **``လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ``**သည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု (လုပ်ငန်းခွင်နေရာအတွင်း နှင့် အပြင်) အတွက် လုပ်ငန်းဆောင်ရွက်မှုကြောင့် လေထု ၊ ရေနှင့် မြေအား ညစ်ညမ်းမှုနှင့် သဘာဝ ပတန်ဝန်းကျင် အခြေအနေ ယုတ်လျော့မှုမရှိအောင် ထိန်းသိမ်းရန် ၊ အများပြည်သူအား နှောင့်ယှက်မှုမရှိစေရန်တို့အတွက် လိုအပ်သော အစီအမံများ ချမှတ်ဆောင်ရွက်ပေးရမည်။

(ဏ) **``လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ``**သည် အထူးအကြောင်းကိစ္စရပ်များကြောင့် သတ်မှတ်ချိန်အတွင်း လုပ်ငန်းကို ပြီးစီးအောင် မဆောင်ရွက်နိုင်လျှင် **``လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ``**ထံ စာဖြင့် ရေးသား၍ တောင်းဆိုမှုပြုနိုင်သည်။ ယင်းတောင်းဆိုချက်တွင် လုပ်ငန်းပြီးစီးအောင် ဆောင်ရွက်မှုအတွက် အသေးစိတ်အချက်အလက်များနှင့် အချိန်တိုးမြှင့်ပေးရန်အတွက် အသေးစိတ်အကြောင်းပြချက်များ ပါဝင်ရမည်။ **``လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ``**သည် ယင်းတင်ပြချက်အထောက်အထားများ အပေါ် အခြေပြု၍ အချိန်တိုးပေးရန် စဉ်းစားမည်။

(တ) လမ်းဖြတ်သန်းသွားလာသည့် ဧရိယာအတွင်း လုပ်ငန်းဆောင်ရွက်ရာတွင် **``လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ``**သည် သစ်တောဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာရမည်။

(ထ) **``လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ``**သည် **``လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ``**၏ စာဖြင့် ရေးသားထားသောခွင့်ပြုချက်မရဘဲ လုပ်ငန်းကိုလွှဲပြောင်းခြင်း ၊ လုပ်ငန်းတစ်စိတ်တစ်ဒေသကို ထပ်ဆင့်ငှားရမ်းခြင်း မပြုရ။

(ဒ) **``လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ''**ထံမှ လုပ်ငန်းစတင်ရန် အကြောင်းကြားချက် ရရှိသည်နှင့် **``လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ''**သည် လမ်းပန်းဆက်သွယ်မှု ပြတ်တောက်ခြင်းမရှိစေရန်အတွက် လုပ်ငန်း စီမံကိန်းနယ်နိမိတ်အတွင်းရှိ လမ်းနှင့်တံတားများကို ကောင်းစွာ ထိန်းသိမ်းထားရှိရမည်။ ထို့အပြင် လုပ်ငန်းဆောင်ရွက်သည့်ကာလအတွင်း လမ်းများ၊ တံတားများကို ကောင်းမွန်သော အနေအထား ရှိစေရန် အစဉ် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကိုလည်းကောင်း ၊ အကြောင်း အမျိုးမျိုးကြောင့် ပျက်စီးယိုယွင်းသွား၍ စံချိန်စံညွှန်းအတိုင်း ပြန်လည်တည်ဆောက်ရန် လိုအပ်သည့်လမ်း-တံတား (လေလံတံတားများမပါဝင်ပါ) လုပ်ငန်း များကိုလည်းကောင်း **``လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ''**က မိမိစရိတ်ဖြင့် ဆောင်ရွက်ရမည်။

(ဓ) **``လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ''**၏ စာဖြင့် ရေးသားထားသော ခွင့်ပြုချက်မရဘဲ လမ်း-တံတား အသုံးပြုခ ကောက်ခံရေးဂိတ်များနှင့် ကောက်ခံသည့်နှုန်းထားများကို ပြောင်းလဲခြင်းမပြုရ။

(န) စာချုပ်အရ ကင်းလွတ်ခွင့်ပြုထားသည့် မော်တော်ယာဉ်များမှအပ ကျန်မော်တော်ယာဉ်များကို လမ်းအသုံးပြုခ ကောက်ခံနိုင်သည်။

(ပ) စတင်ကောက်ခံသည့် ပထမ (၃) နှစ်ကာလအတွက် လမ်းအသုံးပြုခမှ နိုင်ငံတော်သို့ ပေးသွင်း ခြင်းကို ကင်းလွတ်ခွင့်ပြုသည်။ ကျန်ကာလအတွက် အောက်ပါအတိုင်း နိုင်ငံတော်သို့ ပေးသွင်း ရန်ဖြစ်သည် -

(၁) ပထမ (၃) နှစ်အတွက်			-	ကင်းလွတ်ခွင့်ကာလ
(၂) ၄ နှစ်မြောက်	မှ ၁၃ နှစ်မြောက်အထိ	(၁၀) နှစ်	-	၅% ပေးသွင်းရန်
(၃) ၁၄ နှစ်မြောက်	မှ ၂၃ နှစ်မြောက်အထိ	(၁၀) နှစ်	-	၁၀% ပေးသွင်းရန်
(၄) ၂၄ နှစ်မြောက်	မှ ၃၃ နှစ်မြောက်အထိ	(၁၀) နှစ်	-	၁၅% ပေးသွင်းရန်
(၅) ၃၄ နှစ်မြောက်	မှ ၄၀ နှစ်မြောက်အထိ	(၇) နှစ်	-	၂၀% ပေးသွင်းရန်

(၆) ၄၀ နှစ်ကျော်ကာလအတွက် အချိန်တိုးမြှင့်ကောက်ခံခွင့် တင်ပြချိန်တွင် နိုင်ငံတော်မှ သတ်မှတ်ပေးသည့် ရာခိုင်နှုန်းအတိုင်း ပေးသွင်းရန်ဖြစ်ပါသည်။

(ဖ) **``လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ''**သည် လမ်းအသုံးပြုခ ကောက်ခံရငွေ စုစုပေါင်း၏ စာရင်းဇယား များကို နှစ်သက်တမ်းအလိုက် ပြက္ခဒိန်နှစ်၏ ဇန်နဝါရီလ (၁) ရက်မှ ထိုနှစ် ဒီဇင်ဘာလ (၃၁) ရက်နေ့အထိ စနစ်တကျ တိကျမှန်ကန်စွာ ပြုစုထားရမည်။ တစ်နှစ်တာလမ်းအသုံးပြုခ ကောက်ခံ ရငွေများစာရင်းကို **``လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ''**၏ စာရင်းစစ်အဖွဲ့ လာရောက်စစ်ဆေးချိန် တွင် စစ်ဆေးခံရန် အသင့်ဖြစ်နေရမည်။

(ဗ) လမ်းအသုံးပြုခ ကောက်ခံရငွေများစာရင်းကို **``လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ''**၏ စာရင်းစစ်အဖွဲ့မှ နောက်နှစ်၏ နှစ်ဆန်း ဇန်နဝါရီလ (၁) ရက်နေ့မှစတင်၍ လာရောက်စစ်ဆေးပြီး နှစ်သက်တမ်း အလိုက် ပေးသွင်းရမည့် ရာခိုင်နှုန်းအရ ကျသင့်ငွေပမာဏကို ဖော်ပြအသိပေးအကြောင်းကြားရမည်။

(ဘ) **``လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ''**သည် **``လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ''**၏ စာရင်းစစ်အဖွဲ့မှ ကောက်ခံရငွေများစာရင်းကို စစ်ဆေးပြီး နောက်နေ့မှစ၍ ရက်ပေါင်း (၉၀) အတွင်း **``လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ''**မှ သတ်မှတ်ပေးသော အစိုးရဘဏ်နှင့် ငွေစာရင်းအမှတ်သို့ ဘဏ်ငွေ လွှဲလွှာ (သို့မဟုတ်) မျဉ်းသားချက်လက်မှတ်ဖြင့် ပေးသွင်းရပါမည်။ နိုင်ငံတော်သို့ ပေးသွင်း ရမည့် ငွေပမာဏကို ရက်ပေါင်း (၉၀) အတွင်း အကြေပေးသွင်းရန်ဖြစ်ပြီး ပေးသွင်းပြီးကြောင်း အထောက်အထား ငွေသွင်းချလံကို (၇) ရက်အတွင်း **``လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ''**ထံ တင်ပြ ရပါမည်။ အဆိုပါ ပေးသွင်းရမည့် သတ်မှတ်ရက်ထက် ကျော်လွန်ပေးသွင်းပါက ရက်လွန်ဒဏ် ကြေးအဖြစ် (၁) ရက် လျှင် ပေးသွင်းရမည့် ငွေ (၁၀၀)ကျပ်လျှင် (၁)ကျပ်နှုန်းအပိုဆောင်း ပေးသွင်းရမည်။ ရက်လွန်ဒဏ်ကြေးပါ ပေးသွင်းရပါက ပေးသွင်းရန်ငွေနှင့် ရက်လွန်ဒဏ်ကြေး တို့ကို တစ်ပေါင်းတည်း အပြည့်ပေးသွင်းရမည်။ ပေးသွင်းရန်ငွေနှင့် ရက်လွန်ဒဏ်ကြေးပေး သွင်းခြင်းကို အစစ်ဆေးခံသည့် နှစ်၏ နောက်ပြက္ခဒိန်နှစ် ၊ ဒီဇင်ဘာလ (၃၁) ရက်နေ့ထက် မကျော်လွန်စေရပါ။

(မ) ညှိနှိုင်းထားသော ကောက်ခံနှုန်းများအတိုင်း **''လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ''** မှ ကောက်ခံရာတွင် အကျိုးအမြတ်မရရှိမှု ၊ အရှုံးပေါ်မှုများရှိလာပါက ကောက်ခံသည့် လမ်းအသုံးပြုခနှုန်းထားများကို ညှိနှိုင်းပြင်ဆင်ရန်အတွက် တင်ပြခွင့်ရှိသည်။ သို့ရာတွင် **''လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ''**၏ စာရင်းစစ်အဖွဲ့မှ စိစစ်ထားသည့် (၁) နှစ်ချင်း ဝင်ငွေထွက်ငွေ ၊ အရှုံးအမြတ် စာရင်းဇယားအတိအကျကို အထောက်အထားနှင့် ပူးတွဲတင်ပြရမည်။

(ယ) ခွင့်ပြုထားသော စာချုပ်သက်တမ်းကာလ နှစ် (၄၀)ပြည့်ပြီးနောက် **''လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ''**မှ အကျိုးအမြတ် မရရှိခဲ့လျှင်သော်လည်းကောင်း ၊ ဆက်လက်ဆောင်ရွက်လိုလျှင်သော်လည်းကောင်း၊ ကောက်ခံမှုသက်တမ်းကာလကို (၁) ကြိမ်လျှင် (၅) နှစ်စီဖြင့် (၃)ကြိမ် သက်တမ်းတိုးမြှင့်၍ ကောက်ခံခွင့်ရရှိရေးအတွက် **''လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ''** ထံ တင်ပြနိုင်သည်။

(ရ) **''လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ''**သည် လုပ်ငန်းတစ်ခုလုံးအား တစ်ဆင့်ခံလုပ်ကိုင်ခွင့်မပြုရ။

(လ) **''လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ''**သည် တရားဝင်ကိုယ်စားလှယ်ခန့်ရန် ရည်ရွယ်သူ(များ)၏ အမည်၊ ကိုယ်ရေးအချက်အလက်များကို လုပ်ငန်းစတင်ရန် အကြောင်းကြားစာ ထုတ်ပေးသည့်နေ့မှ (၁၄)ရက်အတွင်း **''လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ''**ထံ တင်ပြရမည်။

(ဝ) ယင်းကိုယ်စားလှယ်သည် ဆောက်လုပ်ရေးနှင့် သက်ဆိုင်သည့် အထောက်အထားများ ပြင်ဆင်ထားရှိခြင်း ၊ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ခြင်းများကို အချိန်ပြည့်ဆောင်ရွက်ပေးရမည်။

(သ) ယင်းကိုယ်စားလှယ်သည် လုပ်ငန်းခွင်မှ ပျက်ကွက်သည့်အခါ သင့်တော်သူတစ်ဦးကို အစားထိုးခန့်ထားပြီးနောက် အစားထိုးခန့်ထားကြောင်းကို **''လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ''**ထံ အကြောင်းကြားရမည်။

လုပ်ငန်းအာမခံ (Performance Bank Guarantee)

၆။ **''လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ''** သည် စာချုပ်ချုပ်ဆိုပြီး (၃၀) ရက်အတွင်း ရင်းနှီးမြှုပ်နှံမှုကုန်ကျစရိတ်၏ (၁) ရာခိုင်နှုန်းနှင့် ညီမျှသောငွေကို ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ တရားဝင်ခွင့်ပြုထားသော ဘဏ်တစ်ခုခုမှ ထုတ်ပေးသည့် ကြိုတင်စည်းကမ်းချက်များမပါရှိဘဲ ပြန်လည်ရုပ်သိမ်းနိုင်ခွင့်မရှိသော လုပ်ငန်းအကောင်အထည်ဖော်ရန် တာဝန်ယူသည့် ဘဏ်အာမခံကို **''လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ''** ထံသို့ ပေးအပ်ရမည်။ အဆိုပါဘဏ်အာမခံ၏ သက်တမ်းသည် ထုတ်ပေးသည့်နေ့မှ လုပ်ငန်းပြီးဆုံးအောင် ဆောင်ရွက်သည်အထိဖြစ်သည်။ **''လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ''** သည် လုပ်ငန်းစတင်ရန် အကြောင်းကြားစာရရှိပြီး (၃၀) ရက်အတွင်း လုပ်ငန်းစတင်ရန် ပျက်ကွက်လျှင်သော်လည်းကောင်း ၊ သတ်မှတ်ကာလအတွင်း လုပ်ငန်းပြီးစီးအောင် ဆောင်ရွက်ရန် အပါအဝင် စာချုပ်ပါစည်းကမ်းချက်များကို လိုက်နာရန်ပျက်ကွက်ပါက ဘဏ်အာမခံငွေကို **''လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ''**က သိမ်းယူရမည်။ ဘဏ်အာမခံငွေကို လုပ်ငန်းအပြီးသတ်ဆောင်ရွက်ပြီးစီးမှု လက်မှတ်ထုတ်ပေးပြီး ရက်ပေါင်း (၃၀) အတွင်း **''လုပ်ငန်းလုပ်ကိုင် ခွင့်ရသူ''**ထံ ပြန်လည်ထုတ်ပေးရမည်။

လမ်း-တံတားအသုံးပြုခကောက်ခံခြင်း

၇။ လမ်း-တံတားအသုံးပြုခ ကောက်ခံရန် နည်းလမ်းများမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) **''လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ''**မှ အဆိုပြုတင်ပြလာသည့် လမ်းအပိုင်းကို **''လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ''**က သဘောတူပါက လမ်း-တံတားအသုံးပြုခ ကောက်ခံသည့်ဂိတ်ကို **''လုပ်ငန်းလုပ်ကိုင်ခွင့် ရသူ''**က အဆင့်မီအောင် Steel, Aluminium, Brick Structure or Composite တို့ဖြင့် စနစ်တကျ တည်ဆောက်ရမည်။ [ဂိတ်တည်နေရာကို **နောက်ဆက်တွဲ (ခ)** ပါအတိုင်း]

(ခ) လမ်းအသုံးပြုခ ကောက်ခံခွင့်ပြုထားသော လမ်းမကြီးနှင့် ဆက်သွယ်နေသည့် အခြားလမ်းများမှ မော်တော်ယာဉ်များအတွက် လမ်း-တံတားအသုံးပြုခ ကောက်ခံရန် လိုအပ်သည့်နေရာများတွင် အဆင့်မီဂိတ်များ တည်ဆောက်ခွင့်ပြုသည်။ **"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"**က လိုအပ်၍ တင်ပြလာလျှင် ဂိတ် (၁) ဂိတ်ထက်ပို၍ တည်ဆောက်ခွင့်ပြုမည်။

(ဂ) လမ်းအသုံးပြုခကို လမ်းအပိုင်းလိုက် မိုင်အရှည်နှင့် လမ်းအသုံးပြုခ (၁) မိုင်နှုန်း မြှောက်၍ ရသည့်ကျသင့်ငွေစုစုပေါင်းကို ဂိတ်မှ ငွေလက်ခံဖြတ်ပိုင်းပေး၍ တစ်ပေါင်းတည်း ကောက်ခံရမည်။

(ဃ) **"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"**သည် မိမိအား ခွင့်ပြုထားသည့် လမ်းအပိုင်းတစ်လျှောက် တန်ပိုကြေးအား (၂၀) တန်အထက် တန်ပို (၁) တန်အတွက် (၁) မိုင်ကို (၈/၂၆) ကျပ်နှုန်းထားဖြင့် (၁) ကြိမ်သာ ကောက်ခံခွင့်ရှိသည်။

(င) လမ်း-တံတားအသုံးပြုခကောက်ခံရန် ခွင့်ပြုသည့်နေရာတိုင်းတွင် ကုန်ချိန်ကတ္တားတည်ဆောက်ခွင့်ပြုမည်မဟုတ်ပါ။

(စ) လမ်း-တံတားအသုံးပြုခကောက်ခံရန် တည်ဆောက်ထားသော ဂိတ်အဝင်အထွက်နေရာများသည် အနည်းဆုံး (၄) လမ်းသွား အဆင့်မီ ဖြစ်ရမည်။

(ဆ) မလိုလားအပ်သော အုပ်ချုပ်မှုကိစ္စများ မဖြစ်ပေါ်စေရန်အတွက် လမ်း-တံတားအသုံးပြုခ ကောက်ခံသည့် ဂိတ်များကို လုံခြုံရေးဂိတ်အဖြစ် အသုံးမပြုရ။

(ဇ) **"လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ"**၏ သဘောတူညီချက်ဖြင့် ယာဉ်သွားလမ်းအားလုံးကို ၂၄' အကျယ်နှင့် သတ်မှတ်မိုင်အရှည်ကို ကတ္တရာရေပိတ်လွှာနှစ်ထပ် ကတ္တရာကွန်ကရစ်ခင်းပြီး၍ လုပ်ငန်းအပြီးသတ် ဆောင်ရွက်ပြီးစီးမှုလက်မှတ် ရရှိပါက လမ်းအသုံးပြုခကို **"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"**က စတင်ကောက်ခံနိုင်သည်။

လမ်း-တံတားအသုံးပြုခ ကောက်ခံနှုန်းများ

၈။ လမ်း-တံတားအသုံးပြုခ ကောက်ခံနှုန်းထားများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) **လမ်းအသုံးပြုခ ကောက်ခံနှုန်း**။ လမ်းအသုံးပြုခ ကောက်ခံသော ဂိတ် (၁) ဂိတ်ကို ယာဉ်တစ်စီး ဖြတ်သွားတိုင်း ပေးဆောင်ရမည့် လမ်းအသုံးပြုခနှုန်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(၁)	၁ တန်အောက် ယာဉ်ငယ်များ	-	၁ မိုင်လျှင်	၄/၁၃ ကျပ်
(၂)	၁ တန် မှ ၃ တန်ထိ ယာဉ်များ	-	၁ မိုင်လျှင်	၁၂/၃၉ ကျပ်
(၃)	၅ တန်အောက်ကားကြီးများ	-	၁ မိုင်လျှင်	၂၀/၆၅ ကျပ်
(၄)	၁၀ တန်အောက် ကုန်တင်ယာဉ်ကြီးများ	-	၁ မိုင်လျှင်	၄၁/၃၀ ကျပ်
(၅)	၂၀ တန်အထိ ကုန်တင်ယာဉ်ကြီးများ	-	၁ မိုင်လျှင်	၈၂/၅၉ ကျပ်
(၆)	၂၀ တန်အထက် တန်ပို ၁ တန်လျှင်	-	၁ မိုင်လျှင်	၈/၂၆ ကျပ်

(ခ) **တံတားအသုံးပြုခကောက်ခံနှုန်း**

(၁) **"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"**သည် ခွင့်ပြုထားသော လမ်းအပိုင်းပေါ်ရှိ တံတားများ အသုံးပြုခကို ကောက်ခံရာတွင် ပေ (၁၈၀)နှင့်အထက်ရှည်သည့်တံတားများအတွက် နိုင်ငံတော်မှ တည်ဆောက်ထားသောတံတားများအား လေလံစနစ်ဖြင့်လည်းကောင်း ၊ သက်ဆိုင်ရာကုမ္ပဏီ၏ ရန်ပုံငွေဖြင့် တည်ဆောက်သောတံတားများအတွက် **"လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ"** နှင့် **"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"**တို့၏ ညှိနှိုင်းသဘောတူညီသည့်နှုန်းထားဖြင့်သာ ကောက်ခံရန်ဖြစ်သည်။

(ဂ) နှုန်းထားများကို ဤစာချုပ်အရ မည်သို့ပင် သတ်မှတ်ထားစေကာမူ နိုင်ငံတော်မှ အခါအားလျော်စွာ သတ်မှတ်ပေးသည့် ယာဉ်အမျိုးအစားနှင့် သတ်မှတ်နှုန်းထားအတိုင်း ကောက်ခံသွားရန်ဖြစ်ပါသည်။ သို့ရာတွင် အောက်ဖော်ပြပါယာဉ်များကို ကင်းလွတ်ခွင့်ပြုရန် (သို့မဟုတ်) သင့်လျော်သော အထူး နှုန်းထားဖြင့် ကောက်ခံရန် ဖြစ်ပါသည် -

(၁) သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်း ၊ ဝန်ကြီး ၊ ဒုတိယဝန်ကြီးနှင့် အထက်အရေးကြီး ပုဂ္ဂိုလ်လိုက်ပါလာသည့် ယာဉ်တန်းများ ၊ တပ်မတော် ၊ ပြည်သူ့ရဲတပ်ဖွဲ့နှင့် မီးသတ်ယာဉ် များ ၊ သူနာပြုယာဉ်များအပြင် လုပ်ငန်းတာဝန်ဖြင့် ခရီးသွားလာရသော ဆောက်လုပ်ရေး ဝန်ကြီးဌာန ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း (ရုံးချုပ်) မှ လမ်း-တံတားအသုံးပြုခ ကင်းလွတ်ခွင့်ကဒ်များနှင့် သီးခြားခွင့်ပြုမိန့်လက်မှတ်ပါသည့် ယာဉ်များကို လမ်း-တံတား အသုံးပြုခ ကင်းလွတ်ခွင့်ပြုရန်။

(၂) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအတွက် ဆောက်လုပ်ရေးပစ္စည်းများ တင်ဆောင်သွား လာသည့် မော်တော်ယာဉ်များကို လမ်း-တံတားအသုံးပြုခ ကင်းလွတ်ခွင့်ပြုရန်။

(၃) နိုင်ငံတော်အတွက် စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့ကြပြီး ၊ အပြစ်ကင်းစွာဖြင့် အငြိမ်းစားယူသွားသော ပုဂ္ဂိုလ်ကြီးများနှင့် ၎င်းတို့၏ ဇနီးများအား ဆောက်လုပ်ရေး ဝန်ကြီးဌာန ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တရားဝင် အထောက်အထားအဖြစ် ဂုဏ်ပြုထုတ်ပေးထားသော လမ်း-တံတားအသုံးပြုခ ရာသက်ပန်ကင်းလွတ်ခွင့်လက်မှတ် ကိုင်ဆောင် ၍ ကိုယ်တိုင်လိုက်ပါသွားလာသည့် မော်တော်ယာဉ်များကို လမ်း-တံတား အသုံးပြုခ ကင်းလွတ်ခွင့်ပြုရန်။

(၄) လုပ်ကိုင်ခွင့်ရ လမ်းအပိုင်းရှိဒေသမှ ပြည်တွင်းစားသုံးမှုအတွက် ဒေသထွက် အခြေခံ စားသောက်ကုန်ပစ္စည်းများ သယ်ဆောင်လာသည့် မော်တော်ယာဉ်များကို သင့်လျော်သော လမ်း-တံတားအသုံးပြုခနှုန်းထားဖြင့် လျှော့၍ ကောက်ခံရန်။

(၅) နိုင်ငံတော်မှ တာဝန်ယူဆောင်ရွက်သော ပြည်ပထုတ်ကုန်/သွင်းကုန်များကို ဌာနဆိုင်ရာ ထောက်ခံချက်အထောက်အထားဖြင့် သယ်ဆောင်သွားလာသည့် မော်တော်ယာဉ်များကို သင့်လျော်သော လမ်း-တံတားအသုံးပြုခနှုန်းဖြင့် လျှော့၍ ကောက်ခံရန်။

မိုင်အရှည် ၊ နေ့ရက် ၊ အချိန်နှင့်ကာလ

၉။ မိုင်အရှည် ၊ နေ့ရက် ၊ အချိန်နှင့်ကာလတို့ကို အောက်ပါအတိုင်း သတ်မှတ်ပါသည် -

(က) **"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"** သည် ရန်ကုန်-ပြည်-မန္တလေးလမ်း၏ ရန်ကုန်-ပြည်-မကွေးလမ်းပိုင်း မိုင်တိုင် ၂၂/၃ မှ မိုင် ၃၃၁/၀ ထိ ၃၀၈/၅ မိုင်၊ ကိုးပင်-စမ်းမကြီး-သစ်ရာကောက်လမ်းအပိုင်း မိုင် ၀/၀ မှ မိုင် ၁၉/၃ ထိ ၁၉/၃ မိုင်၊ အမှတ် (၄) လမ်းမကြီး မိုင် ၆/၀ မှ မိုင် ၁၂/၄ ထိ ၆/၄ မိုင်၊ ပြည်မြို့ရှောင်လမ်း ၅/၆၃/၂ မိုင်၊ စုစုပေါင်း ၃၄၀/၂၃/၂ မိုင်ကို ပုံစံပြုရန်နှင့် ဖောက်လုပ်တည်ဆောက်ရန်။

(ခ) **"လုပ်ငန်းစတင်သည့်နေ့"** သည် **"လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ"**မှ လုပ်ငန်းစတင်ရန် **"လုပ်ငန်း လုပ်ကိုင်ခွင့်ရသူ"**ကို အကြောင်းကြားသည့်နေ့ ဖြစ်သည်။ (၁-၄-၂၀၀၈) နေ့ကို လုပ်ငန်းစတင်သည့် နေ့ သတ်မှတ်သည်။

(ဂ) **"လုပ်ငန်းကာလ"** ဆိုသည်မှာ -

(၁) ဤပဋိညာဉ်စာချုပ်ပါလုပ်ငန်းများကို လုပ်ကိုင်ခွင့်ပြုကြောင်း အကြောင်းကြားသည့် နေ့မှစ၍ (၃) နှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်ပေးရမည်။

(၂) ပေ (၁၀၀) နှင့်အထက်တံတားများ တည်ဆောက်ချိန်ကို (၅) နှစ်သတ်မှတ်ပေးထား ပါသည်။

(ဃ) **''နေ့ရက်''** ဆိုသည်မှာ ပြက္ခဒိန်နေ့ရက်ဖြစ်ပြီး **''နှစ်''** ဆိုသည်မှာ ပြက္ခဒိန်နှစ်ဖြစ်သည်။

လုပ်ငန်းတန်ဖိုး

၁၀။ စာချုပ်တွင် ချုပ်ဆိုသည့် လမ်းအပိုင်းအတွက် လမ်းနှင့်တံတား ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာ၌ ရင်းနှီးမြှုပ်နှံမှုတန်ဖိုး စုစုပေါင်းမှာ မြန်မာကျပ်ငွေ (၆၅,၅၁၂.၁၀) သန်း (ကျပ် ခြောက်သောင်းငါးထောင်ငါးရာ တစ်ဆယ့်နှစ်သန်း နှင့် တစ်သိန်းတိတိ) ဖြစ်ပါသည်။

လုပ်ငန်းအစီအစဉ်နှင့် တိုးတက်မှု

၁၁။ လုပ်ငန်းအစီအစဉ်နှင့် တိုးတက်မှုကို အောက်ပါအတိုင်း တင်ပြရပါမည်-

(က) **''လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ''**သည် လုပ်ငန်းအစီအစဉ်ကို လုပ်ငန်းစတင်သည့်နေ့မှ (၂) လအတွင်း **''လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ''**ထံ တင်သွင်းရမည်။

(ခ) **''လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ''** သည် လစဉ် တိုးတက်မှုအစီရင်ခံစာ (နှစ်ဖက် သဘောတူ၍ လက်မှတ်ရေးထိုးထားသည့်ပုံစံဖြင့်) ကို မိတ္တူ (၆) စုံပြုစုပြီး **''လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ''**ထံ တင်သွင်းရမည်။

စစ်ဆေးခြင်း

၁၂။ လုပ်ငန်းဆောင်ရွက်ရာ၌ လိုအပ်သောအလုပ်သမား ၊ ပစ္စည်းများ ၊ လျှပ်စစ် ၊ လောင်စာ ၊ သိုလှောင်ခန်းများ ၊ စက်ပစ္စည်းကိရိယာများ ၊ တန်ဆာပလာများနှင့် လုပ်ငန်းဆောင်ရွက်မှု အစရှိသည်တို့ကို **''လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ''** က လိုအပ်သလို ထိရောက်စွာ စစ်ဆေးရန်နှင့် **''လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ''**အထောက်အပံ့ပြုရန်အတွက် စာရွက်စာတမ်း အထောက်အထားများ ၊ သတင်းအချက်အလက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးရမည်။ လမ်းဖောက်လုပ်ပြုပြင်ခြင်း လုပ်ငန်းပြီးဆုံး၍ လုပ်ငန်းစတင် ဆောင်ရွက်သည့်အချိန်မှစ၍ **''လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ''** သည် ကောက်ခံရရှိသော လမ်း-တံတားအသုံးပြုခငွေများနှင့် စပ်လျဉ်းသည့် စာရင်းအင်းများ အပြည့်အစုံ စနစ်တကျ ထားရှိရမည်။ အဆိုပါ စာရင်းအင်းများကို **''လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ''**က အခါအားလျော်စွာ စစ်ဆေးခွင့်ရှိရမည်။

ကန့်ကွက်ခြင်း

၁၃။ စစ်ဆေးတွေ့ရှိချက်များအရ အဆိုပါ လမ်း-တံတား တည်ဆောက်ပြုပြင်ထိန်းသိမ်းခြင်း (သို့မဟုတ်) သတ်မှတ်စံချိန်စံညွှန်းများနှင့် စပ်လျဉ်း၍ ချို့ယွင်းမှု (သို့မဟုတ်) ပဋိညာဉ်စာချုပ်နှင့် မကိုက်ညီမှု တွေ့ရှိရပါက **''လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ''** က ကန့်ကွက်နိုင်သည့်အပြင် **''လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ''**ထံ ချက်ချင်း အကြောင်းကြားရမည်။ **''လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ''**သည် ချို့ယွင်းချက်ကို **''လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ''** ၏ စရိတ်ဖြင့် ကောင်းစွာ ပြန်လည်ဆောင်ရွက်ပေးရန်နှင့် ကန့်ကွက်ခံရသည့်ပစ္စည်းများကို ပဋိညာဉ်စာချုပ်နှင့်အညီ ဖြစ်စေရန် တာဝန်ယူရမည်။

မလွန်ဆန်နိုင်သော ဖြစ်ရပ်များ

၁၄။ မလွန်ဆန်နိုင်သော ဖြစ်ရပ်များကြောင့် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) **''မလွန်ဆန်နိုင်သောဖြစ်ရပ်''** ဆိုသည်မှာ သဘာဝဘေးအန္တရာယ်များ ၊ အစိုးရတားမြစ်ချက်များ၊ သပိတ်မှောက်ခြင်းများ ၊ သောင်းကျန်းမှုများ ၊ အဓိကရုဏ်းများ ၊ ရောဂါဘယကျရောက်ခြင်းများ ၊ ပြည်သူတို့၏ နှောင့်ယှက်ရန်ပြုမှုများ ၊ ပေါက်ကွဲမှုများ ၊ မီးလောင်ခြင်း ၊ ရေကြီးခြင်း ၊ မြေငလျင်လှုပ်ခြင်း ၊ မုန်တိုင်းကျရောက်ခြင်းနှင့် တစ်ဦးဦးက ထိန်းချုပ်နိုင်စွမ်းမရှိသော ထိုက်သင့်သော ဂရုပြုမှု ၊ ဝီရိယစိုက်ထုတ်မှုပြုလျက်နှင့် တစ်ဦးဦးက ကျော်လွှားနိုင်ခြင်းမရှိသော ဖော်ပြခဲ့ပြီးသည့်အလားတူ အကြောင်းတစ်ရပ်ရပ်ကို ဆိုလိုသည်။

(ခ) စာချုပ်ဝင်တစ်ဖက်ဖက်သည် မလွန်ဆန်နိုင်သောဖြစ်ရပ်ကြောင့် ဤပဋိညာဉ်စာချုပ်အရ ဆောင်ရွက်ရမည့်တာဝန်များကို ဆောင်ရွက်ရန် (သို့မဟုတ်) အခြားစာချုပ်ဝင် တစ်ဖက်ဖက်၏ ဆောင်ရွက်မှုကို လက်ခံရန် လုံးဝဖြစ်စေ ၊ တစ်စိတ်တစ်ဒေသဖြစ်စေ ၊ ယာယီအားဖြင့် လုပ်ဆောင်နိုင်စွမ်းမရှိလျှင် ထိုသို့လုပ်ဆောင်နိုင်စွမ်းမ ရှိသည့်ဘက်မှ မလွန်ဆန်နိုင်သော ဖြစ်ရပ်၏ အသေးစိတ်အကြောင်းအရာများကို ဖော်ပြလျက် လုပ်ဆောင်နိုင်စွမ်း မရှိသောဖြစ်ရပ် ပေါ်ပေါက်သည့်နေ့မှ (၁၄) ရက်အတွင်း စာချုပ်ဝင် တစ်ဖက်သို့ အကြောင်းကြားစာ ပေးပို့ရမည်။ ယင်းသို့ အကြောင်းကြားစာ ပေးပို့ခြင်းကို တစ်ဖက်စာချုပ်ဝင်က လက်ခံသဘောတူမှသာ မလွန်ဆန်နိုင်သော ဖြစ်ရပ်မြောက်စေရမည်။

(ဂ) မလွန်ဆန်နိုင်သော ဖြစ်ရပ်၏ အကျိုးသက်ရောက်မှုခံရသည့် စာချုပ်ဝင်တစ်ဖက်၏ တာဝန်များကို အခြား စာချုပ်ဝင်တစ်ဖက်၏ အတည်ပြုချက်ဖြင့် ထိုသို့ မစွမ်းဆောင်နိုင်မှု ဖြစ်ပေါ်လာသည့် ကာလအတွင်း (ထိုကာလထက်လုံးဝမကျော်လွန်စေဘဲ) ရပ်ဆိုင်းထားရမည်။ ထို့ပြင် ထိုသို့ မစွမ်းဆောင်နိုင်မှု ဖြစ်ပေါ်ရသည့် အကြောင်းရင်းကို ဖြစ်နိုင်သမျှ ဆောလျင်စွာ ဖယ်ရှားပစ်ရမည်။

''လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ''၏ ပျက်ကွက်မှု

၁၅။ **''လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ''**၏ ပျက်ကွက်မှုနှင့်ပတ်သက်၍ လိုက်နာရမည့် အချက်များမှာ -

(က) **''လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ''**သည် ယင်း၏တာဝန်ဝတ္တရားများကို ဆောင်ရွက်ရန် ပျက်ကွက်လျှင်ဖြစ်စေ ၊ စာချုပ်ပါလုပ်ငန်းကို ဆောင်ရွက်ခြင်းမပြုလျှင်ဖြစ်စေ ၊ **''လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ''**၏ ကိုယ်စားလှယ်သည် အဆိုပါ ပျက်ကွက်မှုအတွက် သင့်တင့်လျောက်ပတ်သောအချိန်အတွင်း အကောင်းဆုံး ပြန်လည်ဆောင်ရွက်ပေးရန်နှင့် ပြုပြင်ပေးရန် အကြောင်းကြားစာ ပေးပို့နိုင်သည်။

(ခ) **''လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ''**၏ ပျက်ကွက်မှုကြောင့် စာချုပ်တွင် ပြီးစီးရန် သတ်မှတ်ထားသောကာလထက်ကျော်လွန်ပြီးမှ လုပ်ငန်းပြီးစီးမှုအတွက် လုပ်ငန်းနှောင့်နှေးကြန့်ကြာရသော ရက်များအတွက် ရက်လွန်ဒဏ်ကြေးအဖြစ် (၁) ရက်လျှင် ရင်းနှီးမြှုပ်နှံသည့် စီမံကိန်းတန်ဖိုး စုစုပေါင်း (မြန်မာငွေ+US $) ၏ (၀.၁) ရာခိုင်နှုန်းကို ပေးသွင်းရမည်။ စီမံကိန်းတန်ဖိုးတွက်ချက်ရာတွင် အမေရိကန်ဒေါ်လာတန်ဖိုးကို တရားဝင်ငွေလဲလှယ်နှုန်းဖြင့် တွက်ရန်ဖြစ်သည်။

(ဂ) **''လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ''**သည် စာချုပ်တွင် သတ်မှတ်ထားသောကာလအတွင်း စာချုပ်ပါလုပ်ငန်းကို ပြီးစီးအောင် ဆောင်ရွက်နိုင်ခြင်းမရှိပါက **''လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ''** ၏ လုပ်ငန်းမပြီးစီးသည့် လုပ်ငန်းဆောင်ရွက်မှုများအပေါ် စိစစ်၍ ထပ်မံလုပ်ကိုင်ခွင့်ပေးရန် မသင့်ဟုယူဆပါက စာချုပ်ပါလုပ်ငန်းကို **''လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ''** မှ သိမ်းယူခွင့်ရှိသည်။

(ဃ) **''လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ''** သည် ပဋိညာဉ်စာချုပ်၏ သက်တမ်းကာလအတွင်း လမ်း-တံတားများ အဆင့်မြှင့်တင် တည်ဆောက်ခြင်း ၊ ပြင်ဆင်ထိန်းသိမ်းခြင်းနှင့် လမ်း-တံတားအသုံးပြုခများ ကောက်ခံခြင်း စသည်တို့ကို လမ်းမကြီးများ ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းမရှိပါက စာချုပ်ပါလုပ်ငန်းကို **''လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ''**မှ သိမ်းယူခွင့်ရှိသည်။

ပြောင်းလဲခြင်းများ

၁၆။ ပြောင်းလဲခြင်းများကို အောက်ပါအတိုင်း လိုက်နာရမည် -

(က) **''လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ''** သည် ပဋိညာဉ်စာချုပ်သက်တမ်းကာလအတွင်း **''လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ''**အား အဆိုပြုလွှာ တင်သွင်းရန် ညွှန်ကြား၍ဖြစ်စေ ၊ လိုအပ်သည့် ညွှန်ကြားချက်များ ထုတ်ပြန်၍ ဖြစ်စေ ၊ အခါအားလျော်စွာ ဆောင်ရွက်ပိုင်ခွင့်ရှိသည်။

(ခ) **``လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ``**မှ လုပ်ငန်းပြောင်းလဲရေးအတွက် အဆိုပြုလွှာ တင်သွင်းရန် ညွှန်ကြားသည့်အခါ တင်ပြလာသည့် အဆိုပြုလွှာအပေါ် **``လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ``**၏ တရားဝင် အတည်ပြုချက်မရရှိမီ ကြိုတင်ဆောင်ရွက်ခြင်းမပြုရ။

(ဂ) **``လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ``** မှ လုပ်ငန်းပြောင်းလဲ ဆောင်ရွက်ရေးအတွက် အဆိုပြုလွှာ တင်သွင်းရန် တောင်းဆိုလာပါက **``လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ``** အနေဖြင့် အောက်ဖော်ပြပါ အတိုင်း ဆောင်ရွက်ရမည် -

(၁) ပြောင်းလဲအဆိုပြုမည့်လုပ်ငန်းအမျိုးအစားအလိုက် အသေးစိတ်ပုံစံပြလွှာ လုပ်ငန်းအစီအစဉ် နှင့် လုပ်ငန်းစီမံချက်များ ရေးဆွဲတင်ပြရမည်။

(၂) လိုအပ်သော အသစ်ပြုပြင်ရေးဆွဲထားသည့် လုပ်ငန်းစီမံချက်အတွက် **``လုပ်ငန်းလုပ်ကိုင်ခွင့် ရသူ``**၏ အဆိုပြုလွှာ ရေးဆွဲတင်ပြခြင်း။

(၃) **``လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ``**အနေဖြင့် အဆိုပြုလွှာ လက်ခံရရှိပြီးနောက် (၁၄) ရက်အတွင်းအတည်ပြုအမိန့် (သို့မဟုတ်) ကန့်ကွက်လွှာများ (သို့မဟုတ်) ဆောင်ရွက်ခိုင်းသည့်အမိန့်များ ထုတ်ပြန်ပေးရမည်။

(၄) **``လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ``** သည် မိမိညွှန်ကြားသည့် မည်သည့်လုပ်ငန်း ပြောင်းလဲခြင်းမဆို **``လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ``**အတွက် အပိုကုန်ကျစရိတ်ငွေများ မရှိစေရန် အထူးသတိထားဆောင်ရွက်ရမည်။ မည်သည့်လုပ်ငန်းပြောင်းလဲခြင်းမှ **``လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ``**၏ အတည်ပြုချက်မရယူဘဲ ညွှန်ကြားစေခိုင်းခြင်း မပြုရ။

(၅) **``လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ``** သည် လုပ်ငန်းပြောင်းလဲခြင်းအား အတည်ပြုပြီး (သို့မဟုတ်) ဆောင်ရွက်ရန် ညွှန်ကြားပြီးတိုင်း ပဋိညာဉ်စာချုပ်ပါ သတ်မှတ်ကာလ အား ပြန်လည်ပြင်ဆင်သတ်မှတ်ရန် ဆုံးဖြတ်ချက် (သို့မဟုတ်) သဘောတူညီချက် ရရှိအောင် ဆက်လက်ဆောင်ရွက်ပေးရမည်။

ပဋိညာဉ်စာချုပ်ကို ပြင်ဆင်ခြင်းနှင့် ရပ်စဲခြင်း

၁၇။ အောက်ပါအချက်များပေါ်ပေါက်လာလျှင် ဆောင်ရွက်မည် -

(က) နိုင်ငံတော်မှ ထပ်မံပြင်ဆင်သတ်မှတ်လိုက်သော ဥပဒေများအရ ဤပဋိညာဉ်စာချုပ်ကို ပြင်ဆင် ဖြည့်စွက်ရန်ကိစ္စရပ်များ ပေါ်ပေါက်လာပါက နှစ်ဦးနှစ်ဖက် သဘောတူညီမှုဖြင့် ပြင်ဆင် ဖြည့်စွက်နိုင်သည်။

(ခ) ပဋိညာဉ်စာချုပ်ကို အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်ပါက ရပ်စဲနိုင်သည်-

(၁) စာချုပ်ဝင်တစ်ဦးဦးမှ ပဋိညာဉ်စာချုပ်ပါ တာဝန်များကို ဆောင်ရွက်ရန် ပျက်ကွက်လျှင်။

(၂) စာချုပ်ဝင်တစ်ဦးဦးမှ ပဋိညာဉ်စာချုပ်ပါ စည်းကမ်းချက်တစ်စုံတစ်ရာကို ချိုးဖောက် လျှင်။

(၃) ကြိုတင်မမျှော်မှန်းနိုင်သည့်အပြင် တားဆီးခြင်းမပြုနိုင်သော မလွန်ဆန်နိုင်သည့် ဖြစ်ရပ် တစ်ခုခုသည် (၆) လဆက်တိုက်ပေါ်ပေါက်လျှင်။

(၄) ဤစာချုပ်ကို ရပ်စဲရန် နှစ်ဦးနှစ်ဖက် သဘောတူလျှင်။

(ဂ) ဤပဋိညာဉ်စာချုပ်ကို ရပ်စဲခြင်းသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှတစ်ဆင့် အစိုးရ အဖွဲ့သို့ တင်ပြအတည်ပြုချက်ရရှိမှသာ အကျိုးသက်ရောက်အတည်ဖြစ်စေရမည်။

အနုညာတစီရင်ဆုံးဖြတ်ခြင်း

၁၈။ **``လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ''** နှင့် **``လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ''** တို့အကြား စာချုပ်နှင့်ပတ်သက်၍ အငြင်းပွားမှု တစ်စုံတစ်ရာ ပေါ်ပေါက်လာပါက ရှေးဦးစွာ နှစ်ဦးနှစ်ဖက်အကြား ကောင်းစွာ မျှတသော ပြေလည်မှု ရရှိရေးအတွက် ညှိနှိုင်းခြင်းဖြင့် ပြေလည်အောင် ဆောင်ရွက်ရမည်။ နှစ်ဦးနှစ်ဖက်အကြား အငြင်းပွားမှုကို ပြေလည်အောင် မဖြေရှင်းနိုင်ပါက ထိုအငြင်းပွားမှုကို အနုညာတနည်းအားဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၊ ရန်ကုန်မြို့တွင် ဖြေရှင်းရမည်။ အနုညာတ ခုံလူကြီးတစ်ဦးစီကို စာချုပ်ဝင်တစ်ဖက်စီက ခန့်ထားပြီး ထိုအငြင်းပွားမှုကို ဖြေရှင်းပါလျက် အငြင်းပွားမှု မပြီးပြတ်ပါက လူကြီးနှစ်ဦးက နောက်ဆုံးအဆင့် ခုံသမာဓိလူကြီး (Umpire) တစ်ဦးကို နှစ်ဦးသဘောတူ ရွေးချယ် ဆုံးဖြတ်စေရမည်။ လူကြီးနှစ်ဦး (သို့မဟုတ်) ခုံသမာဓိလူကြီး ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည့် အပြင် နှစ်ဖက်အမှုသည်များအပေါ်၌လည်း အတည်ဖြစ်စေရမည်။ အနုညာတခုံဖြင့် ဆောင်ရွက်ရာတွင် ၁၉၄၄ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ဆုံးဖြတ်ခြင်း အနုညာတ အက်ဥပဒေ (မြန်မာနိုင်ငံ အက်ဥပဒေအမှတ်-၄/၁၉၄၄) နှင့် နောက်ပိုင်း ထုတ်ပြန်သော တည်ဆဲပြင်ဆင်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။ အမှုအတွက် ကုန်ကျစရိတ်များကို အမှုရှုံးသူက ကျခံရမည်။

ပဋိညာဉ်ပြီးဆုံးခြင်း

၁၉။ ပဋိညာဉ်စာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ စာချုပ်ပါ လုပ်ငန်းကို **``လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ''** မှ အပြည့်အဝ ပြီးဆုံးအောင် ဆောင်ရွက်ပြီးစီးသည့်အခါမှသာ ပဋိညာဉ် ပြီးဆုံးသည်ဟု မှတ်ယူရမည်။

လွှဲပြောင်းပေးခြင်း

၂၀။ **``လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ''** သည် ဤပဋိညာဉ်စာချုပ်အရ လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့် ကာလ နှစ် (၄၀) (သို့မဟုတ်) လုပ်ငန်းဆက်လက်လုပ်ကိုင်ရန် နောက်ထပ်တိုးမြှင့်သော ကာလများ ပြီးဆုံးပါက အဆိုပါလမ်းနှင့် တံတားများ ၊ ဂိတ်များနှင့် အဆောက်အအုံများ ဖောက်လုပ်ပြီးစီးချိန်က ရှိနေသော ကောင်းမွန်သည့် အနေအထား အတိုင်း **``လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ''** အား အဖိုးစားနား တစ်စုံတစ်ရာ မရှိဘဲ လွှဲပြောင်းပေးရမည်။

စာချုပ်၏ အစိတ်အပိုင်းများ

၂၁။ ဤစာချုပ်ပါ နောက်ဆက်တွဲများသည် စာချုပ်၏ အစိတ်အပိုင်းတစ်ရပ် ဖြစ်စေရမည်။

ဆက်သွယ်ရန်လိပ်စာများ

၂၂။ ပဋိညာဉ်စာချုပ်ဝင်များအကြား စာဖြင့် ရေးသားဆက်သွယ်ရန် လိပ်စာမှာ အောက်ပါအတိုင်း ဖြစ်သည် -

ဆောက်လုပ်ရေးဝန်ကြီးဌာန
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
ရုံးအမှတ် (၁၁)
နေပြည်တော်။

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက်
အမှတ် (၁၈၉/၁၉၁) ၊ မဟာဗန္ဓုလလမ်း ၊ ဗိုလ်တထောင်မြို့နယ် ၊ ရန်ကုန်မြို့။

ပဋိညာဉ်စာချုပ်စတင်အကျိုးသက်ရောက်သည့်နေ့နှင့်သက်တမ်းကာလ

၂၃။ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည် -

(က) ဤပဋိညာဉ်စာချုပ်သည် စာချုပ်ဝင်ပုဂ္ဂိုလ်များ နှစ်ဦးနှစ်ဖက်တရားဝင် အတည်ပြုလက်မှတ်ရေးထိုးသည့်နေ့မှစ၍ အကျိုးသက်ရောက်မှုရှိစေရမည်။

(ခ) ဤပဋိညာဉ်စာချုပ်၏ သက်တမ်းကာလမှာ နှစ် (၄၀) ဖြစ်ပြီး သက်တမ်းကို ရေတွက်ရာတွင် ခွင့်ပြုသတ်မှတ်ပေးထားသည့် လုပ်ငန်းကာလ (၃) နှစ်အထိ ပဋိညာဉ်စာချုပ် အပိုဒ် ၂ ပါ ဆောင်ရွက်ရမည့်လုပ်ငန်းများကို အပြီးဆောင်ရွက်ပြီးစီးသည့်နေ့ (သို့မဟုတ်) လုပ်ငန်းကာလ (၃)နှစ် ထက်စော၍ ပြီးစီးပြီး လုပ်ငန်းအပြီးသတ်ဆောင်ရွက်ပြီးစီးမှုလက်မှတ် ထုတ်ပေးသည့်နေ့ ထိုနှစ်ရပ်အနက် စောရာနေ့ရက်ကာလမှ စတင်ရေတွက်သတ်မှတ်ရမည်။

(ဂ) ပဋိညာဉ်သက်တမ်းကာလ ဆက်လက်တိုးမြှင့်လိုပါက ပဋိညာဉ်သက်တမ်းကာလ မစေ့ရောက်မီ (၆) လကြိုတင်၍ **"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"** မှ **"လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ"**ထံ တင်ပြ၍ နှစ်ဖက်သဘောတူပါက (၁) ကြိမ်လျှင် (၅) နှစ်စီဖြင့် (၃) ကြိမ် တိုးမြှင့်နိုင်သည်။

စာချုပ်အစားထိုးပယ်ဖျက်ခြင်း

၂၄။ ဤပဋိညာဉ်စာချုပ်သည် ကုန်သွယ်မှုမူဝါဒကောင်စီ၏ (၂၆-၃-၂၀၀၈) ရက်စွဲပါ အစည်းအဝေးအမှတ်စဉ် (၁၃/၂၀၀၈) ဆုံးဖြတ်ချက်ပါ လမ်းညွှန်ချက်များနှင့်အညီ ချုပ်ဆိုရခြင်းဖြစ်ပါသည်။ ရန်ကုန်-ပြည်-မကွေးအပိုင်း (ကိုးပင်-စမ်းမကြီး-သစ်ရာကောက်လမ်းပိုင်းအပါအဝင်) နှင့် စပ်လျဉ်း၍ (၁-၄-၂၀၀၈) ရက်နေ့က ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် မြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက်တို့ ချုပ်ဆိုခဲ့သော B.O.T စာချုပ်၊ ကန်ထရိုက်နံပါတ် (၂၀၀၈-၀၉/ဘီအိုတီ/၁၁) ကို ဤစာချုပ်ဖြင့် အစားထိုးပယ်ဖျက်ကြောင်း နှစ်ဖက်သဘောတူကြပါသည်။

စာချုပ်လက်မှတ်ရေးထိုးခြင်း

၂၅။ ဤစာချုပ်ဝင်များသည် ဤစာချုပ်ပါ စည်းကမ်းချက်များကို ကိုယ်တိုင်ဖတ်ရှုသိရှိပြီး အောက်ပါအသိသက်သေများရှေ့မှောက်၌ ၂၀၁၀ ခုနှစ် ၊ လ ( ) ရက်တွင် ဤစာချုပ်ကို လက်မှတ်ရေးထိုးကြပါသည်။

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
(**လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ**) အတွက်နှင့်
ကိုယ်စားလက်မှတ်ရေးထိုးသူ

(ဦးခင်မောင်ဆယ်)
ဦးဆောင်ညွှန်ကြားရေးမှူး

ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက်
(**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**) အတွက်နှင့်
ကိုယ်စားလက်မှတ်ရေးထိုးသူ

(ဗိုလ်ချုပ်ဝင်းသန်း)
မန်နေးဂျင်းဒါရိုက်တာ
မှတ်ပုံတင်အမှတ် ------------------

<u>အသိသက်သေများ</u>

အမည် ----------------------
မှတ်ပုံတင်အမှတ် --------------
ရာထူး ----------------------

အမည် ----------------------
မှတ်ပုံတင်အမှတ် --------------
ရာထူး ----------------------

နောက်ဆက်တွဲ (က)

နည်းပညာဆိုင်ရာ စံညွှန်းသတ်မှတ်ချက်များ

TECHNICAL SPECIFICATIONS

In general, the Geometric Design Criteria and Standards to be adopted shall be guided by the traffic volume and to a reasonable level of service. All works shall be constructed to specification and to acceptable engineering standards.

The following Geometric Design Criteria and Standards shall be followed -

1.	Design Speed (m.p.h)		
	Rural Areas	50	
	Urban Areas	40	
2.	Number of Lanes	2	(Asphalt Concrete)
3.	Width of each lanes (feet)	12'	
4.	Right of way (feet)	200'	
5.	Width of shoulder (feet) (Hard Shoulders)	4'~7'	
(၂၆)	ကုမ္ပဏီ၏ဒါရိုက်တာများ ကစွမ်းဆောင်နိုင်သော လုပ်ငန်းအမျိုးအစားများအတွက် စီမံခန့်ခွဲသူများအဖြစ်ဖြစ်စေ၊ စီမံခန့်ခွဲသူကိုယ်စားလှယ်များအဖြစ်ဖြစ်စေ၊ အကြံပေးသူများအဖြစ်ဖြစ်စေ၊ အတိုင်ပင်ခံများ အဖြစ်ဖြစ်စေ၊ လုပ်ငန်းကြီးကြပ်သူများ အဖြစ်ဖြစ်စေ၊ ကွပ်ကဲထိန်းချုပ်သူများ အဖြစ် ဖြစ်စေ၊ဆောင်ရွက်ရန်နှင့်ထို့အပြင်လုပ်ငန်းတိုးတက်မှုအကဲဖြတ်ကျွမ်းကျင်သူအဖြစ်ဖြစ်စေ၊ အကြံပေးဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်သူအဖြစ်ဖြစ်စေ ဆောင်ရွက်ရန်နှင့်အလားတူလုပ်ဆောင်ချက်များ အတွက်အခြားသူများ ကိုငှားရမ်းရန်၊	စီမံခန့်ခွဲသူ အဖြစ်နှင့်စီမံခန့်ခွဲသူ ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခြင်း။
(၂၇)	ငွေပေးကတိလက်မှတ်များ၊ ငွေလွှဲစာချုပ်များ၊ ကုန်တင်လက်မှတ်များ၊ အခွင့်အရေးများ၊ ဒိဘင်ချာများ နှင့် အခြား စေ့စပ်လွှဲပြောင်းနိုင်သော သို့မဟုတ် လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများကို လက်မှတ် ထိုးရန် ၊ ပြုရန် ၊ လက်ခံရန်၊ ထပ်ဆင့်	ငွေလွှဲစာချုပ် ကိုပြုလုပ်ခြင်း၊ လက်ခံခြင်းနှင့် လက်မှတ်ထိုး ခြင်း။

လက်မှတ်ရေးထိုးရန်၊ လျှော့နှုန်းဖြင့်လဲရန်၊ ချုပ်ဆိုရန်နှင့်ထုတ်ပေးရန်၊

ဖွဲ့စည်းခြင်း၊ တည်ထောင်ခြင်းဆိုင်ရာ စရိတ်များ ပေးချေခြင်း။

(၂၈) ပြည်ထောင်စုမြန်မာနိုင်ငံတွင်ဖြစ်စေ၊ အခြားမည်သည့်ဒေသတွင်ဖြစ်စေ ကုမ္ပဏီကိုဖွဲ့စည်းခြင်းဆိုင်ရာ၊ ဖက်တည်ထောင်ခြင်းဆိုင်ရာအဖိုးအခများ၊ စရိတ်များကိုလည်းကောင်း၊ ရှေးဦးဖြစ်သော ထို့ပြင် အကြောင်းသင့်ဆက်စပ်နေသော ကုန်ကျစရိတ်များကို လည်းကောင်း ထုတ်ပေးရန်၊

အထက်ပါရည်ရွယ်ချက်များ အထမြောက်စေရေးနှင့်အကြောင်းသင့်ဆက်စပ်နေသောအရာအားလုံး ဆောင်ရွက်ခြင်း။

(၂၉) ရည်ရွယ်ချက်များ၏ သို့မဟုတ် အဆိုပါတို့မှ တစ်ခုခု၏ ယင်းမြောက်စေရေးနှင့်အကြောင်း သင့်ဆက်စပ်နေသော သို့မဟုတ် အထောက်အပံ့ဖြစ်နေသောအဆိုပါအရာအားလုံးကို ယေဘုယျအားဖြင့် ဆောင်ရွက်ရန်၊ ထို့အပြင်အထက်တွင် ဖော်ပြခဲ့သောအပိုဒ်များ အသီးသီးတစ်လျှောက်တွင် ကုမ္ပဏီ ဟူသောစကားလုံးကို ဤကုမ္ပဏီအားရည်ညွှန်းသောအခါမှ တစ်ပါး ဥပဒေအရဖွဲ့စည်းတည်ထောင်ထားသည်ဖြစ်စေ၊ မထားသည်ဖြစ်စေ၊ ထို့ပြင်မြန်မာနိုင်ငံတွင်အမြဲနေထိုင်ခွင့်ရသည်ဖြစ်စေ၊ အခြားနေရာတွင် အမြဲနေထိုင်ခွင့်ရသည်ဖြစ်စေ၊ အစုစပ်လုပ်ငန်းတစ်ခုခု သို့မဟုတ် အခြားအဖွဲ့အစည်း သော်လည်းကောင်း၊ ပုဂ္ဂိုလ်များ သော်လည်းကောင်း ပါဝင်သည့် [illegible] ထို့ပြင် ရည်ရွယ်ချက်သည်အထက် [illegible]

သီးခြား ဖော်ပြသည့် ရည်ရွယ်ချက်များကို အဆိုပါ အပိုဒ်များတွင် အခြားနည်း အတိအလင်း ဖော်ပြထားသည့်ကိစ္စမှတစ်ပါး အခြားအပိုဒ်တစ်ခုခု၏ စကားရပ်များ သို့မဟုတ် ကုမ္ပဏီ၏အမည်ကို ရည်ညွှန်းချက် က သို့မဟုတ် အဆိုပါတို့မှ ရည်ညွှန်းချက်ကတစ်နည်းနည်း ကန့်သတ်ထားခြင်းကိုဖြစ်စေ၊ ရွေးချယ်ထားခြင်းကိုဖြစ်စေမပြုစေရဟု ဤစာချုပ်စာတမ်းအားဖြင့်အတိအလင်း ကြေညာလိုက်သည်။ ထို့ပြင်အထက်တွင်ဖော်ပြခဲ့သော ရည်ရွယ်ချက်များနှင့်အာဏာအားလုံးကို ဖြစ်စေ၊ တစ်ခုခုကိုဖြစ်စေ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင်သော်လည်းကောင်း၊ တစ်နေရာရာတွင်သော်လည်းကောင်း ဆောင်ရွက်နိုင်သည် သို့မဟုတ် သုံးစွဲနိုင်သည်ဟု ကြေညာလိုက်သည်။

၇။ ကုမ္ပဏီအဖွဲ့ဝင်များ၏တာဝန်ကိုကန့်သတ်ထားသည်။ တာဝန်ကိုကန့်သတ်ထားသည်။

၈။ မတည်ငွေရင်း ။ ကုမ္ပဏီ၏မတည်ငွေရင်းအစုရှယ်ယာသည် ၁၀,၀၀၀,၀၀၀,၀၀၀/-(ငွေကျပ်ကုငွေ ပေါင်းတစ်ထောင်တိတိ)ကို အောက်ပါအတိုင်း ခွဲထားသည် -

"က" အစုရှယ်ယာ

အစုရှယ်ယာတစ်စုကိုကျပ် ၁၀၀၀/-နှုန်း

သောအစုပေါင်း [illegible]/ - [illegible]/

"ခ" အစုရှယ်ယာ

အစုရှယ်ယာတစ်စုကိုကျပ် ၁၀၀[illegible]

သောအစုပေါင်း ၉,၀၀၀,၀၀၀/ [illegible]၀၀၀၀၀၀၀/ -

- [illegible]၀၀၀၀၀၀၀၀၀/ -

``က'' အစုရှယ်ယာများကို ပြည်ထောင်စုမြန်မာနိုင်ငံတော်ကာကွယ်ရေး ဝန်ကြီးဌာနပစ္စည်း ဝယ်ယူမှုညွှန်ကြားရေးမှူးရုံး ကပိုင်ရမည်။

``ခ'' အစုရှယ်ယာများကို အောက်ပါအတိုင်းပိုင်ရမည်။

(၁) တပ်မတော်ဝန်ထမ်းများ (တစ်ဦးချင်းသော်လည်းကောင်း၊ ပူးတွဲပိုင်ဆိုင်သူများအဖြစ်သော်လည်းကောင်း)၊

(၂) တပ်နှင့်သက်ဆိုင်သောကာကွယ်ရေး ဌာနက ကဤထောင်ထားသော အသင်းအဖွဲ့ (အသင်းအဖွဲ့များ)၊ အဖွဲ့ (အဖွဲ့များ) သို့မဟုတ် တပ်မတော်၏အဖွဲ့အစည်းတစ်ခုခု (အဖွဲ့အစည်းများ)၊

(၃) စစ်မှုထမ်းဟောင်းများ (တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့အစည်းအဖြစ်သော်လည်းကောင်း)၊

``ခ'' အစုရှယ်ယာအဖွဲ့ဝင် တစ်ဦးသည်အများဆုံး အစုရှယ်ယာ တစ်ခု ကျပ် ၁၀၀၀/- ဖြစ်သော ``ခ'' အစုရှယ်ယာ ၃၀၀ အထိ အများဆုံး ပိုင်နိုင်ကြောင်း သတ်မှတ်ထားသည်။ သို့မဟုတ် သာမန်တန်ဖိုး ကျပ် ၃၀၀၀၀၀/- ။

"က" နှင့် "ခ" အစုရှယ်ယာတို့၏အခွင့်အရေး
တာဝန်နှင့်ဝတ္တရားတို့မှာ နှိုင်း နိုင်း ၍တူညီမျှဖြစ်နေရမည် ။
သို့ရာတွင် အများစုအစုရှယ်ယာပိုင် "က" အစုရှယ် ယာ ပိုင်
များ သည်ဆင့်ပွား ထောက်မတား သည့်ကုမ္ပဏီ(ကုမ္ပဏီ များ)
၏စီမံခန့်ခွဲအုပ်ချုပ်မှုတွင်အသာစီး ဖြင့်ကွပ်ကဲအုပ်ချုပ် ထိန်း မှု
ရှိရမည်။ ထို့အပြင် ဆင့်ပွား ထောက်မထား သည့် ကု မ္ပဏီ ၏
ဒါရိုက်တာအများ စုကို တိုက်ရိုက် သော်လည်း ကောင်း ၊ သွယ် ဝိုက်
သည့်နည်း နှင့် သော်လည်း ကောင်း ကွပ်ကဲထိန်း ချုပ်ရမည့်။

၉။ ကုမ္ပဏီသည် ဒါရိုက်တာများ အနေနှင့် မည် သည့်အ ခါ မကည်ငွေရင်း
မဆိုသင့် လျော့မည် သို့မဟုတ် လိုအပ်မည်ဟုထင်မြင်ယူဆလျှင်ကုမ္ပဏီ တိုး မြှင့်ခြင်း၊
သည် မတည်ငွေရင်း ကိုအခါအား လျော်စွာတိုး မြှင့်ခြင်း သို့မဟုတ် လျှော့ချခြင်း
လျှော့ချခြင်း ပြုလုပ်ပိုင်ခွင့်ရှိစေရမည်။ မတည် ငွေ ရင်း ကို အာကာ။
တိုး မြှင့်ရာ၌အစုရှယ်ယာအသစ်များ ကိုဦး စား ပေး ဆိုင်း ငံ့
သို့မဟုတ် အထူး ရပိုင်ခွင့်များ ၊ အခွင့်အလမ်း များ နှင့်စည်း
ကမ်း ချက်များ ပါအစုရှယ်ယာဟု၍ထုတ် ပေး နိုင်သည်။ သို့ သော်
လည်း အစုရှယ်ယာများ ပါဦး စား ပေး ၊ ဆိုင်း ငံ့၊ ကန့် သတ်
သို့မဟုတ် အထူး ရပိုင်ခွင့်များ ၊ အခွင့်အလမ်း များ သို့ မ ဟုတ်
စည်း ကမ်း ချက်များ ကိုကုမ္ပဏီ၏သင်း ဖွဲ့စည်း မျဉ်း များနှင့်အညီ
သာလျှင် ပြောင်း လဲပြင်ဆင်ခြင်း သို့မဟုတ် ဆောင် ရွက်ခြင်း
ပြုလုပ်နိုင်သည်။ အခြား နည်း ဖြင့် ဆောင်ရွက်ခွင့်မရှိစေရ။

အောက်တွင်ပါရှိသည့်အမည်များ၊ လိပ်စာ[illegible]နှင့်အကြောင်းအရာများ ဖော်ပြထား သောကျွန်ုပ်တို့သည်အသင်း အဖွဲ့မှ [illegible] နှင့် စည်း မျဉ်း အတိုင်း အစု ရှယ်ယာများ ဖြင့်တန့်သတ်ထား [illegible] ကုမ္ပဏီ [illegible] ဖွဲ့စည်း လိုလား ကြောင်း နှင့်ကျွန်ုပ်တို့ [illegible] ဖော်ပြထား [illegible] မတည်ငွေရင်း တွင်အစုရှယ်ယာများ [illegible] အသီးသီး သဘောတူကြ ပါသည်။

အမှတ်စဉ်	အစုရှယ်ယာဝင်များ၏ အမည်များ လိပ်စာများ နှင့် အကြောင်းများ	နိုင်ငံသား	အစုရှယ်ယာ ဦးရေ	ထိုးမြဲ လက်မှတ်
	"က" အစုရှယ်ယာ			
၁	ပန္နည်းဝယ်ယူမှုညွှန်ကြားရေးမှူး ရုံး ကာကွယ်ရေး ဝန်ကြီး ဌာန ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ မော်တွန်းတိုက်လမ်း၊ ရန်ကုန်မြို့ ။	မြန်မာ	တစ်စု	
	ကိုယ်စားပြုသူ			
	အမည် – ဗိုလ်မှူးကြီး ဒီ၊ အို၊ အောဘယ်(လ်) ဦး ဆောင်ညွှန်ကြား ရေး မှူး ပန္နည်းဝယ်ယူမှုညွှန်ကြားရေးမှူးရုံး လိပ်စာ – မော်တွန်း တိုက်လမ်း ဒဂုံစာတိုက်၊ ရန်ကုန်မြို့။	မြန်မာ	–	
	အမည် – ဦး ဝင်း နိုင် အထွေထွေမန်နေဂျာ ပန္နည်းဝယ်ယူမှုညွှန်ကြားရေးမှူး ရုံး လိပ်စာ – မော်တွန်း တိုက်လမ်း ဒဂုံစာတိုက်၊ ရန်ကုန်မြို့	မြန်မာ	–	

အမှတ်စဉ်	အစုရှယ်ယာဝင်များ ၏ အမည်များ လိပ်စာများ နှင့်အကြောင်း အရာ	နိုင်ငံသား	အစုရှယ်ယာ ဦးရေ	ထိုးမြဲ လက်မှတ်
	အမည် - ဦးမြင့်ဆွေ ဒုတိယအထွေထွေမန်နေဂျာ (ဝယ်ယူရေး) ပစ္စည်းဝယ်ယူမှုညွှန်ကြားရေးမှူးရုံး လိပ်စာ - မော်ကွန်းတိုက်လမ်း ဒဂုံစာတိုက် ၊ ရန်ကုန်မြို့။	မြန်မာ	-	
	"ခ" အစုရှယ်ယာ **တပ်မတော်စစ်မှုထမ်း**			
၂	အမည် - ဗိုလ်မှူးကြီး သန်း ဦး ရာထူး အဆင့် - စစ်ဥပဒေချုပ် ဌာန - စစ်ဥပဒေချုပ်ရုံး လိပ်စာ - ကာကွယ်ရေးဝန်ကြီးဌာန ရန်ကုန်မြို့။	မြန်မာ	တစ်စု	
၃	အမည် - ဗိုလ်မှူးကြီး ကျော်ဟင် ရာထူး အဆင့် - ဒုတိယ စစ်ထောက်ချုပ် ဌာန - စစ်ထောက်ချုပ်ရုံး လိပ်စာ - ကာကွယ်ရေးဝန်ကြီး ဌာန ရန်ကုန်မြို့။	မြန်မာ	တစ်စု	
၄	အမည် - ဗိုလ်မှူးကြီး [illegible] ရာထူး အဆင့် - ဒုတိယ စစ်ရေးချုပ် ဌာန - စစ်ရေး [illegible] လိပ်စာ - ကာကွယ် [illegible] ဌာန ရန်ကုန်မြို့။	မြန်မာ	တစ်စု	

အမှတ်စဉ်	အစုရှယ်ယာဝင်များ၏ အမည်များ လိပ်စာများ နှင့်အကြောင်းအရာ	နိုင်ငံသား	အစုရှယ်ယာ ဦးရေ	ထိုးမြဲ လက်မှတ်
	<u>တပ်မတော်တပ်ရင်းများ</u> <u>အသင်းအဖွဲ့ (အသင်းအဖွဲ့များ) သို့မဟုတ်</u> <u>တပ်မတော်အဖွဲ့အစည်း တစ်ခုခု</u>			
	အမည် - ရန်ကုန်တိုင်းစစ်ဌာနချုပ် လိပ်စာ - ကုန်းမြင့်သာ ရန်ကုန်မြို့။	မြန်မာ	တစ်ရာ	
	<u>ကိုယ်စားပြုသူ</u>			
	အမည် - ဗိုလ်မှူးချုပ်မျိုးညွန့် ရာထူးအဆင့် - တိုင်းမှူး တပ်ရင်း/ဌာန - ရန်ကုန်တိုင်း စစ်ဌာနချုပ် လိပ်စာ - ကုန်းမြင့်သာ ရန်ကုန်မြို့။	မြန်မာ	-	
	အမည် - အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် လိပ်စာ - အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဌာနချုပ်ရုံး၊ တောင်ငူမြို့။	မြန်မာ	တစ်ရာ	
	<u>ကိုယ်စားပြုသူ</u>			
	အမည် - ဗိုလ်မှူးချုပ်အေးသောင် ရာထူးအဆင့် - တိုင်းမှူး တပ်ရင်း/ဌာန - အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် လိပ်စာ - အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဌာနချုပ်ရုံး၊ တောင်ငူမြို့	မြန်မာ	-	

အမှတ်စဉ်	အစုရှယ်ယာဝင်များ၏ အမည်များ၊ လိပ်စာများ နှင့် အကြောင်းအရာ	နိုင်ငံသား	အစုရှယ်ယာ ဦးရေ	ထိုးမြဲ လက်မှတ်
၇	အမည် –ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှု ညွှန်ကြားရေးမှူးရုံး လိပ်စာ–ကာကွယ်ရေးဝန်ကြီးဌာန ရန်ကုန်မြို့။	မြန်မာ	တစ်စု	
	<u>ကိုယ်စားပြုသူ</u> အမည် –ဗိုလ်မှူးကြီး တင်ထွတ် ရာထူးအဆင့်–ညွှန်ကြားရေးမှူး တပ်ရင်း/ဌာန–ကာကွယ်ရေးပစ္စည်း ထုတ်လုပ်မှုညွှန်ကြားရေးမှူးရုံး လိပ်စာ– ကာကွယ်ရေးဝန်ကြီးဌာန ရန်ကုန်မြို့။	မြန်မာ	–	
၈	အမည် –စစ်လက်နက်ပစ္စည်းညွှန်ကြား ရေးမှူးရုံး လိပ်စာ–ကာကွယ်ရေးဝန်ကြီးဌာန ရန်ကုန်မြို့ ။	မြန်မာ	တစ်စု	
	<u>ကိုယ်စားပြုသူ</u> အမည် –ဗိုလ်မှူးကြီး ဆန်းထွန်း ရာထူးအဆင့်–ညွှန်ကြားရေးမှူး တပ်ရင်း/ဌာန–စစ်လက်နက်ပစ္စည်း ညွှန်ကြားရေးမှူးရုံး လိပ်စာ –ကာကွယ်ရေးဝန်ကြီးဌာန ရန်ကုန်မြို့ ။	မြန်မာ	–	

အမှတ်စဉ်	အစုရှယ်ယာဝင်များ၏ အမည်များ၊ လိပ်စာများ နှင့်အကြောင်း အရာ	နိုင်ငံသား	အစုရှယ်ယာဦးရေ	ထိုးမြဲ လက်မှတ်
၉	အမည် - ထောက်ပံ့နှင့်ပို့ဆောင်ရေး သွန်ကြားရေးမှူးရုံး လိပ်စာ - ကာကွယ်ရေးဝန်ကြီးဌာန ရန်ကုန်မြို့။	မြန်မာ	တစ်ခု	
	<u>ကိုယ်စားပြုသူ</u> အမည် - ဗိုလ်မှူးကြီး သာဌေး ရာထူးအဆင့် - သွန်ကြားရေးမှူး တပ်ရင်း/ဌာန - ထောက်ပံ့နှင့်ပို့ဆောင် ရေးသွန်ကြားရေးမှူးရုံး လိပ်စာ - ကာကွယ်ရေးဝန်ကြီးဌာန ရန်ကုန်မြို့။	မြန်မာ		
၁၀	<u>စစ်မှုထမ်းဟောင်းများ</u> (အဖွဲ့အစည်း/တစ်ဦးချင်း) အမည် - မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း များအဖွဲ့ချုပ် လိပ်စာ - တက္ကသိုလ်ရိပ်သာလမ်း ရန်ကုန်မြို့။	မြန်မာ	တစ်ခု	
	<u>ကိုယ်စားပြုသူ</u> အမည် - ဗိုလ်မှူးကြီး အောင်ကိုး (အငြိမ်းစား) ရာထူးအဆင့် - ဗိုလ်မှူးကြီး (အငြိမ်းစား) လိပ်စာ - စက်မှုစီမံကိန်းဦးစီးဌာန အမှတ် (၁) စက်မှုဝန်ကြီးဌာန ကမ္ဘာအေးဘုရားလမ်း ရန်ကုန်မြို့။	မြန်မာ	-	

အမှတ်စဉ်	အစုရှယ်ယာဝင်များ၏ အမည်များ၊ လိပ်စာများ နှင့် အကြောင်းအရာ	နိုင်ငံသား	အစုရှယ်ယာ ဦးရေ	ထိုးမြဲ လက်မှတ်
	အမည် - ဒုတိယဗိုလ်မှူးကြီး ဦးသောင်း (အငြိမ်းစား) ရာထူးအဆင့် - ဒုတိယဗိုလ်မှူးကြီး (အငြိမ်းစား) လိပ်စာ - သတ္တုတွင်း ဝန်ကြီး ဌာန ရန်ကုန်မြို့။	မြန်မာ	-	
	အမည် - ဗိုလ်မှူးကြီး မောင်မောင် (အငြိမ်းစား) ရာထူးအဆင့် - ဗိုလ်မှူးကြီး (အငြိမ်းစား) လိပ်စာ - ကုန်သွယ်ရေး ဝန်ကြီး ဌာန ရန်ကုန်မြို့။	မြန်မာ	-	

နေ့စွဲ ၊ ၁၉၉၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၁၉ ရက်

အထက်ပါထိုးမြဲလက်မှတ်များ မှန်ကန်ကြောင်း အသိသက်သေ။

ဦးလှထွန်း
မှတ်ပုံတင်စာရင်းကိုင်၊စာရင်းစစ်နှင့်
ဘဏ္ဍာရေး အတိုင်ပင်ခံ
၁၃/၁၁ မဟာဗန္ဓုလပန်းခြံလမ်း
ရန်ကုန်မြို့ ။

၁၉၅၀ ပြည့်နှစ်၊ အထူး ကုမ္ပဏီအက်ဥပဒေအရ

နှင့်

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ

အစုရှယ်ယာများဖြင့်တာဝန်ကန့်သတ်ထားသည့်အများနှင့်သက်ဆိုင်သော

ကုမ္ပဏီလီမိတက်

ပြည်ထောင်စုမြန်မာနိုင်ငံ

စီးပွားရေးဦးပိုင်လီမိတက်

၏

သင်းဖွဲ့စည်းမျဉ်း

စကားချီး

၁။ ဤစည်းမျဉ်းများတွင်ပါရှိသော စကားရပ်များသည် အတိအလင်း အဓိပ္ပာယ်ပေါ်လွင်သည့်စကားရပ်များမှတစ်ပါး ဤစည်းမျဉ်းများက နောက်တွင်ကုမ္ပဏီဟု ဖော်ပြမည့် ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေး ဦးပိုင်လီမိတက် ပေါ်စတင်အာဏာသက်ရောက်သည့်နေ့မှစ၍ ၁၉၅၀ ပြည့်နှစ် အထူး ကုမ္ပဏီအက်ဥပဒေမြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ သို့မဟုတ် ယင်း ဥပဒေများတွင် ပြင်ဆင်ပြဋ္ဌာန်းသည့်အဓိပ္ပာယ်ဖော်ပြချက်နှင့်အညီ ဖြစ်စေရမည်။ ထို့ပြင် အပြန်အလှန်အားဖြင့် ဧကဝုစ်ကိန်း အဖြစ်ဖော်ပြသောစကားရပ်များတွင် ဗဟုဝုစ်ကိန်းများ လည်းပါဝင်သည်။ ထို့အပြင် ပုလ္လိင်ဖြင့် ဖော်ပြသောစကားရပ်များတွင် ဣတ္ထိလိင်များ လည်းပါဝင်စေရမည်။ ဖော်ပြချက်များ နှင့် အဓိပ္ပာယ်များ။

၂။ ထို့အပြင် နောင်တွင်ဖော်ပြထားသည့်စကားရပ်များသည် ၎င်းတို့အတွက်သတ်မှတ်ထားသည့်အဓိပ္ပာယ်များ ရှိစေရမည်–

(က) ``မတည်ရင်းနှီးငွေ`` ဆိုသည်မှာ ကုမ္ပဏီ၏ အစုရှယ်ယာမတည်ရင်းနှီးငွေကိုဆိုသည်၊

(ခ) ``ဦးပိုင်ကုမ္ပဏီ``ဟူ၍ ဆိုသည်မှာ ဆင့်ပွား ထောက်ပံ့ထားသည့်ကုမ္ပဏီတစ်ခုတွင် ထိုကုမ္ပဏီ၏ထုတ်ဝေခြင်းပြုထားသည့် သို့ မဟုတ် တောင်းခံရရှိပြီးဖြစ်သည့်မတည်ရင်းနှီးငွေ၏ (၅၁%) ထက်မနည်းသောအများစုရှယ်ယာကိုလက်ကိုင်ပိုင်ဆိုင်ထားခြင်းနှင့် မိမိအကျိုးအတွက်အသာစီးအဖြစ်ကွပ်ကဲ ချုပ်ထိန်းမှုပြုလုပ်နိုင်သည့်ကုမ္ပဏီကိုဆိုသည်။

(ဂ) ``ပါဝင်ပူးပေါင်းမှုပြုသောကုမ္ပဏီ``ဆိုသည်မှာ၎င်းကုမ္ပဏီနှင့်ပတ်သက်ပြီး၊ ၎င်းကုမ္ပဏီက (၄၉%)ထက်မပိုသောထုတ်ဝေခြင်းပြုထားသည့် သို့မဟုတ် တောင်းခြင်း ရရှိပြီးဖြစ်သည့် မတည်ရင်းနှီးငွေ၊ ပိုင်ဆိုင်ရရှိထားသည့် အခြားကုမ္ပဏီဟုဆိုသည်။

(ဃ) ``အတွင်းရေးမှူး``ဆိုသည့်စကားရပ်တွင် ယာယီ သို့မဟုတ် လက်ထောက်အတွင်းရေးမှူးနှင့်အတွင်းရေးမှူး၏တာဝန်များကိုထမ်းဆောင်ရန်ဒါရိုက်တာလူကြီးများကခန့်အပ်ထားသည့်ပုဂ္ဂိုလ်များလည်းပါငင်သည်။

(င) ``အမြတ်ဝေစု``ဆိုသည့်စကားရပ်တွင်ဆုလာဘ်ကြေးငွေလည်းပါဝင်သည်။

(စ) ``အဖွဲ့ဝင်ဆိုသည်မှာ``ကုမ္ပဏီ၏မတည်ရင်းနှီးငွေတွင်မှတ်ပုံတင်ထားသည့် အစုရှယ်ယာပိုင်ဆိုင်သူကိုဆိုသည်။

(ဆ) ``လ'' ဆိုသည်မှာ အင်္ဂလိပ်ပြက္ခဒိန် အတိုင်း တွက်ချက်သော လကိုဆိုသည်၊

(ဇ) ``ရုံး'' ဆိုသည်မှာ ကုမ္ပဏီ၏ မှတ်ပုံတင်ထားသော ရုံးဖြစ်သည်၊

(ဈ) ``ပေးပြီး အစုရှယ်ယာငွေ'' ဆိုသည့်စကားရပ်တွင် ``ငွေရဖက်တွင်ပေးထားပြီး'' ဟုစာရင်းသွင်းထားသည့် အစုရှယ်ယာများလည်း ပါဝင်သည်၊

(ည) ``တံဆိပ်'' ဆိုသည်မှာ ``ကုမ္ပဏီ'' အမြဲသုံးစွဲသည့်တံဆိပ်ကိုဆိုသည်၊

(ဋ) ``ရေးသားခြင်း'' ဆိုလိုသည်မှာရေးသားထားခြင်း၊ ပုံနှိပ်ထားခြင်း သို့မဟုတ် ကျောက်ပုံနှိပ်ထားခြင်း၊ သို့မဟုတ် စကားလုံးများကိုမြင်သာနိုင်သည့်ပုံသဏ္ဍာန် သို့ မည်သည့်နည်း နှင့်မဆိုမြင်နိုင်အောင်ပြသ၍ပြုလုပ်ထားခြင်းကိုဆိုလိုသည်၊

(ဌ) ``ကုန်သွယ်ရေးဝန်ကြီး'' ဆိုသည်မှာ ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရ ကုန်သွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးကိုဆိုလိုသည်၊

(ဍ) ``ကာကွယ်ရေးဝန်ကြီး'' ဆိုသည်မှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရကာကွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးကိုဆိုလိုသည်၊

(ပ) ``လူပုဂ္ဂိုလ်'' ဆိုသည့်စကားရပ်တွင် လူပုဂ္ဂိုလ်တစ်ဦးချင်းနှင့် ဥပဒေအရတည်ထောင်ထားသည့်အဖွဲ့အစည်း၊ ဆိုလိုသည်မှာ လူပုဂ္ဂိုလ်များ ဥပဒေအရတည်ထောင်သည့် အဖွဲ့အစည်း၊ သို့မဟုတ် မည်သည့်အသင်းအဖွဲ့များလည်း ပါဝင်သည်၊

အများနှင့် သက်ဆိုင်သည့် ကုမ္ပဏီလီမိတက်။

၃။ ဤကုမ္ပဏီသည် မြန်မာနိုင်ငံကုမ္ပဏီများအက် ဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ(၁)၊ ပုဒ်မခွဲငယ် ၁၃(က)တွင်အဓိပ္ပာယ်ဖော်ပြထားသည့်အများနှင့်သက်ဆိုင်သော လီမိတက် ကုမ္ပဏီ ဖြစ်သည်။

အက်ဥပဒေ ပုဒ်မ၁၇(၂) အရမလိုက်နာမနေရ သတ်မှတ်ထား သည့်စည်းမျဉ်းများ။

၄။ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ ပထမဇယား ပုံစံ(က)တွင် ပါရှိသော စည်းမျဉ်းများသည် ကုမ္ပဏီက အတိအလင်း ထည့်သွင်း ဖော်ပြထားသော သို့မဟုတ် အကျုံးဝင်စေရမည်ဟု သဘောဆောင်သောပြဋ္ဌာန်းချက်များ မှတစ်ပါး ကုမ္ပဏီသို့အာဏာ သက်ရောက်မှုမရှိစေရ။ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ ပုဒ်မ ၁၇၊ ပုဒ်မခွဲ(၂)တွင် မလိုက်နာမနေရသတ်မှတ်ထားသည့် စည်းမျဉ်းများသည် ကုမ္ပဏီသို့အာဏာ အမြဲသက်ရောက်စေရမည်။ ဤစည်းမျဉ်းများ သည် ၁၉၅၀ ပြည့်နှစ်၊ အထူးကုမ္ပဏီ အက်ဥပဒေနှင့် အခြားတည်ဆဲဥပဒေများကိုထိခိုက်နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်စေခြင်း မရှိခဲ့လျှင် အကျုံးသက်ရောက်မှုရှိစေရမည်။

လုပ်ငန်းစတင်ဆောင်ရွက်ခြင်း

၅။ ကုမ္ပဏီ၏လုပ်ငန်းစတင်ဆောင်ရွက်ခြင်းနှင့်ပတ်သက် လုပ်ငန်းစတင်ပြီး၊ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၁၀၃ တွင် ဆောင်ရွက်ဖော်ပြထားသည့်သတ်မှတ်ချက်များသည်ကုမ္ပဏီအပေါ်ယင်းသက် ခြင်း ။ မှတ်ချက်များကချုပ်နှောင်ထားခဲ့လျှင် သို့မဟုတ် ချုပ်နှောင်ထားသည့်အတိုင်း အတာအချက်အလက်များကို ဒါရိုက်တာ လူကြီးများက အလေးထားဂရုမူရမည်။ ချွင်းချက်မှာသင်းဖွဲ့ကြေငြာစာတမ်းနှင့်အစားထိုး ကြေငြာစာတမ်းထုတ်ပြန်ရန်မလိုအပ်ပါ။ ထို့ပြင် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၉၃ မှ ၁၀၀ ထိ နှင့်ပုဒ်မ ၉၈ က တို့သည်မသက်ဆိုင်စေရ။

အစုရှယ်ယာများ

၆။ ကုမ္ပဏီ၏သင်းဖွဲ့မှတ်တမ်းတွင်သတ်မှတ်ချက်များပါရှိ အစုရှယ်ယာ ခဲ့လျှင် ယင်းတို့ကိုလိုက်နာလျက်ကုမ္ပဏီကမူလကတည်းကပေးထား များထုတ် သောအစုရှယ်ယာပါအထူးအခွင့်အရေးများကိုထိခိုက်မှုမရှိစေဘဲ ပေးခြင်း ။ ဝေစုခံစားခွင့်ကိစ္စ၊ မဲပေးခွင့်ကိစ္စ၊ တန်ဖိုးရင်းပြန်ရခွင့် ကိစ္စ သို့မဟုတ် အခြားသောကိစ္စများနှင့်စပ်လျဉ်း၍ကုမ္ပဏီသည် အခါကာလအားလျော်စွာအထူးစည်းကမ်းသတ်မှတ်ဆုံးဖြတ်လျက် အသိုပါဦးစားပေးအစုရှယ်ယာများ၊ ရွှေ့ဆိုင်းထားသော အခွင့်အရေးပါအစုရှယ်ယာများ သို့မဟုတ် အခြားအထူးအခွင့် အရေးများ သို့မဟုတ် အသိုပါကန့်သတ်ချက်များမည်သည့်အစု ရှယ်ယာကိုမဆိုထုတ်ပေးနိုင်သည်။ ထို့အပြင် ၎င်းကုမ္ပဏီ၏သဘော အတိုင်း ရွေးနှုတ်နိုင်သည့်အခွင့်အရေးသတ်မှတ်ချက်ဖြင့်ဦးစား ပေးအစုရှယ်ယာများကိုအထူးဆုံးဖြတ်ချက်အရထုတ်ပေးနိုင်သည်။

အစုရှယ်ယာများ၏အထူးအခွင့်အရေးများကိုမည်ကဲ့သို့ခွဲခြားမည့်အကြောင်း။

၇။ အကယ်၍မည်သည့်အချိန်၌မဆိုအစုရှယ်ယာမတည်ငွေရင်းကိုအစုရှယ်ယာအတန်းအစားအမျိုးမျိုးဖြစ်အောင်ခွဲစိတ်လျှင် မည်သည့်အမျိုးအစားကိုမဆိုပူးတွဲပါရှိသည့်အခွင့်အရေးများအား (ယင်းထုတ်ပေးသောရှယ်ယာအမျိုးအစားအတွက်စည်းကမ်းချက်များ၊ အခြားနည်းစီစဉ်ထားခြင်းမဟုတ်လျှင်) မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၆၆-က ပါပြဋ္ဌာန်းချက်များကိုလိုက်နာလျက်အဆိုပါအစုရှယ်ယာအမျိုးအစား၏လေးပုံသုံးပုံပိုင်ဆိုင်ထားသူတို့၏စာအားဖြင့်သဘောတူညီချက်ဖြင့်သော်လည်းကောင်း၊ သို့မဟုတ်အစုရှယ်ယာအမျိုးအစားပိုင်ရှင်များ၏သီးခြားအထွေထွေအစည်းအဝေး၌အထူးသဘောတူစည်းကမ်းသတ်မှတ်ဆုံးဖြတ်ချက်တစ်ရပ်ဖြင့်ခွင့်ပြုချက်အရသော်လည်းကောင်းပြောင်းလဲနိုင်ခွင့်ရှိသည်။ အဆိုပါသီးခြားအထွေထွေအစည်းအဝေးတိုင်း၌ အထွေထွေအစည်းအဝေးများအတွက်သတ်မှတ်ထားသောဤစည်းမျဉ်းများကိုသင့်လျော်သလိုပြောင်းလဲပြင်ဆင်၍အသုံးပြုရမည်။ သို့သော်အစည်းအဝေးအထမြောက်စေရန်အတွက်ထုတ်ပေးထားသည့်အစုရှယ်ယာအမျိုးအစားပိုင်ဆိုင်သူအနည်းဆုံးသုံးဦးကကိုယ်တိုင်ဖြစ်စေ၊ သုံးပုံတစ်ပုံကကိုယ်စားလှယ်ဖြင့်ဖြစ်စေတက်ရောက်ရမည်။

လျှောက်ထားခြင်းအတွက်ပေးရမည့်ငွေ။

၈။ အစုရှယ်ယာပါဝင်ရန်လျှောက်ထားလျှင်အစုရှယ်ယာသတ်မှတ်တန်ဖိုးရင်း၏ငါးရာခိုင်နှုန်းအနည်းဆုံးကိုလျှောက်ထားစဉ်ပေးချေရမည်၊ ဒါရိုက်တာများသည်အစုရှယ်ယာများကိုခွဲဝေထုတ်ပေးရာတွင်မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၁၀၁ နှင့် ၁၀၄ ပါသက်ဆိုင်ရာပြဋ္ဌာန်းချက်တို့ကိုလိုက်နာဆောင်ရွက်ရမည်ဟူသောစည်းကမ်းချက်များနှင့်ညီညွတ်သည့်မှတစ်ပါး မည်သည့်အစုရှယ်ယာကိုမျှပါဝင်ရန်ဖိတ်ခေါ်ခြင်းမပြုရ။ သင်းဖွဲ့ကြေညာစာတမ်းနှင့်အစားထိုးကြေညာစာတမ်းတို့နှင့်ပတ်သက်သောကိစ္စရပ်များနှင့်မသက်ဆိုင်စေရ။ အဆိုပါခွဲဝေပေးခြင်းနှင့်ထုတ်ပေးခြင်းတစ်ရပ်အတွက်

ငွေပေးချေခြင်းကိုအစုရှယ်ယာများထုတ်ပေးကြောင်း နှင့်တစ်စာလက်ခံရရှိပြီးသည့်နေ့မှရက်ပေါင်း သုံးဆယ်အတွင်း ဆောင်ရွက်ရမည်။

သက်သေခံလက်မှတ်များ ထုတ်ပေးခြင်း။

၉။ ကုမ္ပဏီအဖွဲ့ဝင်မှတ်ပုံတင်စာရင်းတွင်အမည်စာရင်းသွင်းပြီးသောအဖွဲ့ဝင်တိုင်းသည်အစုရှယ်ယာ သို့မဟုတ် အစုရှယ်ယာများကို ယင်းပုဂ္ဂိုလ်ပိုင်ဆိုင်ကြောင်း အသိအမှတ်ပြုသောတန်ဖိုးနှင့်ပေးသွင်းပြီးသောငွေပမာဏကိုဖော်ပြလျက် ကုမ္ပဏီ၏အမြဲသုံးတံဆိပ်ခတ်နှိပ်ထားသည့်သက်သေခံလက်မှတ်တစ်စောင်ကို ငွေပေးချေရန်မလိုဘဲ ရထိုက်ခွင့်ရှိစေရမည်။ သို့ရာတွင်အစုရှယ်ယာတစ်စု သို့မဟုတ် အစုရှယ်ယာများကိုပူးတွဲပိုင်ဆိုင်သူများတို့ခွဲအလို့ငှာယင်းသို့ ပူးတွဲပိုင်ဆိုင်သူပုဂ္ဂိုလ်များသို့ပိုင်ဆိုင်ကြောင်းသက်သေခံလက်မှတ်တစ်စောင်ထက်ပို၍ထုတ်ပေးခွင့် မရှိစေရ။ ထို့အပြင် အစုရှယ်ယာတစ်စုကို ပူးတွဲပိုင်ဆိုင်သူများအနက်တစ်ဦးတို့သက်သေခံလက်မှတ်တစ်စောင်ထုတ်ပေးပြီးဖြစ်လျှင်ကျန်အားလုံးတို့ပါထုတ်ပေးပြီးဖြစ်သည်ဟုမှတ်ယူရမည်။

သက်သေခံလက်မှတ်များ အသစ်လဲလှယ်ခြင်း။

၁၀။ အကယ်၍အစုရှယ်ယာသက်သေခံလက်မှတ်တစ်စောင်သည် ပုံသဏ္ဌာန်ပျက်လျှင်၊ ပျောက်ဆုံးလျှင် သို့မဟုတ် ပျက်စီးလျှင် အထောက်အထားနှင့်လျော်ကြေး ခံဝန်ချုပ် (ရှိလျှင်) ယင်းတို့ကိုလိုက်နာပြီး ငွေကျပ် ငါးဆယ်ထက်မပိုသောဒဏ်ကြေးကိုပေးဆောင်စေလျက်အစုရှယ်ယာသက်သေခံလက်မှတ်ကိုဒါရိုက်တာများ ကသင့်လျော်သည်ဟုယူဆသည့်အတိုင်း အသစ်လဲလှယ်ပေး နိုင်သည်။

ကုမ္ပဏီသည် မိမိအစုရှယ်ယာများအတွက်

၁၁။ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၅၄- က တွင်ခွင့်ပြုထားသည့်မှတစ်ပါး ယင်းသတ်မှတ်ချက်ထက်ပိုသောကုမ္ပဏီ၏မည်သည့်ရန်ပုံငွေများ၏အစိတ်အပိုင်းကိုမျှကုမ္ပဏီ၏အစုရှယ်ယာ

ငွေကြေးထောက်ပံ့မှုများ ဝယ်ယူရန် သဘောတူညီး ကောင်း ၊ အာမခံထား၍ ငွေချေးခြင်းမပြုရခြင်း။ ဤ ငြင်း သဘောတူညီး ကောင်း မပြုလုပ်ရ။

ရယူပိုင်ခွင့်

ကုမ္ပဏီ၏ ရယူပိုင်ခွင့်။

၁၂။ ကုမ္ပဏီသည် ရှယ်ယာတိုင်း (ငွေအပြည့်မချေရသေးသည့်အစုရှယ်ယာ) အတွက် ငွေကြေးများ (လက်ငင်း ပေးချေရန်အချိန်ကျရောက်သည်ဖြစ်စေ၊ မကျရောက်သည် ဖြစ်စေ) တောင်းခံသည့်အခါ သို့မဟုတ် သက်ဆိုင်ရာရှယ်ယာ အတွက် ပေးချေရန်ကန့်သတ်ချိန် စေ့ရောက်သည့်အခါ ရယူပိုင်ခွင့်ရှိရမည် ။ ထို့အပြင် ကုမ္ပဏီအနေဖြင့် ပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်နေမည် နှင့် တီကျသောသွန်ကြားမှုဖြင့်မှတ်ပုံတင်ထားရှိသည့် အစုရှယ်ယာအားလုံး (အပြည့်အဝပေးချေပြီးသည့် ရှယ်ယာများ အပြင်) အတွက်ချက်ချင်း လက်ငင်း ပေးချေရန် ငွေကြေး အားလုံး ကို သူကိုယ်တိုင် သဘောတူညီး ကောင်း ၊ သူ၏အိမ်ယာလယ်မြေ ပစ္စည်းများဖြင့် သဘောတူညီး ကောင်း ကုမ္ပဏီသို့ ပေးချေရန် ရှိသည့် အခြေအနေတွင်ယင်း အစုရှယ်ယာအားလုံးကို ရယူပိုင်ခွင့် ရှိရမည်။ သို့သော် ဒါရိုက်တာများ အနေဖြင့်မည်သည့် အစုရှယ်ယာကိုမဆိုအပြည့်အဝ သို့မဟုတ် တစ်စိတ်တစ်ဒေသအား ဤအပိုဒ်ရှိသတ်မှတ်ချက်များ မှကင်းလွတ်ခွင့်ပြုကြောင်း မည်သည့်အချိန်အခါတွင်မဆို ကြေညာနိုင်သည်။ ကုမ္ပဏီ၏ရှယ်ယာတစ်စု အပေါ် ရယူပိုင်ခွင့် (ရှိလျှင်) ထိုသို့အချိန်မှစ၍ ပေးရန် အမြတ်ဝေစုများ အထိအကျုံး ဝင်စေရမည်။

၃။ ကုမ္ပဏီအနေဖြင့်ဒါရိုက်တာများ ကသင့်လျော်သည်ဟု ယူ သည့်နည်း လမ်း များ အတိုင်း ကုမ္ပဏီမှ ဂယူပိုင်ခွင့်ရှိ သည့် မည် ည်အစုရှယ်ယာများ ကိုမဆို ရောင်း ချခွင့်ရှိသည်။ သို့ သော် ငွေပမာဏတချို့ပေး ချေရန်အချိန် စေ့ရောက်သည့်ဂယူ ပိုင်ခွင့် အစုရှယ်ယာများ ကို သော်လည်း ကောင်း ၊ အစုရှယ်ယာပိုင်ရှင် ဖြစ်မှတ်ပုံတင်ပြီး သူ သို့မဟုတ် ကွယ်လွန်ခြင်း ဖြင့် သော်လည်း ကောင်း ၊ လူမွဲဖြစ်ခြင်း ကြောင့် သော်လည်း ကောင်း အ စု ယ်ယာပိုင်ဆိုင်ခွင့်ရှိသူ၏လက်ဝယ် လော လောဆယ်ရှိသည့် ဂယူပိုင် င့်ရှိပြီး ပေး ချေရန်အချိန် စေ့ရောက်သည့်အစုရှယ်ယာများ န့်ဖိုး ၏တစ်စိတ်တစ် ဒေသအတွက် ပေး ချေရန်စာဖြင့် ဖော်ပြ ၍း သား တောင်း ခံသည့် နို့တစ်စာအား ထိုသူထံသို့ ပေး ပို့ တစ်ဆယ့် လေး ရက် ကျော်လွန်ကုန်ဆုံး သည့်အခါတွင် သော်လည်း ာင်း ထိုအခြေအနေများ မှလွဲ၍ မည်သည့် ရောင်း ချ မှုကို မပြုလုပ်ရ။

ဂယူပိုင်ခွင့် နှင့်စပ်လျဉ်း သည့်အစုရှယ် ယာများ ကို ရောင်း ချ ခြင်း ။

၄။ ရောင်း ချ ၍ ရရှိသော ငွေမှထိုအစုရှယ်ယာအပေါ် တင်း ပေး ရန်တာဝန်ရှိသော ငွေများ ကိုခုနှိမ် ပြီး ကျန် ငွေကိုတရား ဝင်ထိန်း သိမ်း ထား ခြင်း ခံရသော နေ့ က ပိုင် င်ခဲ့သူသို့ (ရောင်း ချသည့် နေ့အထိအခြား ပေး ရန် ကျန် ငွေ ငွေများ ကိုထည့်သွင်း စဉ်း စား ပြီး)ပြန်လည်ပေး အပ် ရ ည်။ ဝယ်ယူသူကိုအစုရှယ်ယာပိုင်ဆိုင်သူအဖြစ်မှတ်ပုံ တင်သွင်း မည်။ ထို့ပြင်အစုရှယ်ယာ ရောင်း ရ ငွေကိုမည်ကဲ့သို့ သုံး စွဲ ည့်တိစွသည်လည်း ကောင်း ၊ ရောင်း ချရာတွင် လုပ်နည်း ပ်တန်မမှန်ကန်ခြင်း နှင့်တရား မဝင်ခြင်း ကိစ္စ သည်လည်း ာင်း ဝယ်ယူသူ၏တာဝန်မဖြစ် စေရ။ ထိုပုဂ္ဂိုလ်၏ပိုင် ဆိုင် မှုကိုလုံး ဝမထိခိုက် စေရ။

ဂယူပိုင်ခွင့် နှင့်သက်ဆိုင် သောအ စု ရှယ်ယာရောင်း ငွေများနှင့် စပ်လျဉ်း ၍ ဆောင်ရွက် ခြင်း ။

အစုရှယ်ယာများ အပေါ် တောင်းခေါ်ခွင့်

တောင်းခေါ်ယူခြင်းနို့တစ်စာ။

၁၅။ ဒါရိုက်တာများ သည်အခါအားလျော်စွာ မိမိတို့၏ ရှယ်ယာ များအတွက် ငွေပေး ချေခြင်း မရှိသေး သောအဖွဲ့ဝင်မျာ ကို ပေး ချေရန် တောင်း ခေါ်နိုင်သည်။ ထိုသို့ တောင်းခေါ်ရ တွင်အစုရှယ်ယာများ သတ်မှတ်တန်ဖိုး ရင်း၏ လေး ပုံတစ် ပုံ ထ ပို၍ တောင်း ခေါ်ခြင်း ဖြစ်စေ၊ နောက်ဆုံး တောင်း ခေါ် ပြုသည့် နေ့မှတစ်လမပြည့်မီ ပေး သွင်း စေရန်ဖြစ်စေမပြုလုပ်ရ ထိုပြင်အဖွဲ့ဝင်တစ်ဦး ချင်း သည် (ငွေပေး ချေရန်သတ်မှတ်ထာ သောအချိန် သို့မဟုတ် ပေး ချေ ရန်အကြိမ်များ ကန့်သတ် ထား သည့် နို့တစ်စာကိုတစ်ဆယ့် လေး ရက်ကြိုတင်ရရှိထား ခြင်း ကိုအ ကြောင်း ပြု၍) အဆိုပါသတ်မှတ်ချိန် သို့မဟုတ် အကြိမ်များအတိုင် ကုမ္ပဏီသို့ ပေး ချေရန်တာဝန်ရှိသည်။

ပူးတွဲပိုင်ဆိုင်သူများ၏တာဝန်များ။

၁၆။ အစုရှယ်ယာတစ်စု၏ပူးတွဲပိုင်ဆိုင်သူများ သည် အစု ရှယ်ယာနှင့်စပ်လျဉ်း သည့် တောင်း ခေါ်ခြင်း များ အား လုံးကို ပေး ရန် တွဲဖက်၍လည်း ကောင်း ၊ ကိုယ်စီကိုယ်ငှလည်း ကောင်း တာဝန်ရှိစေရမည်။

တောင်းခေါ်ယူခြင်းအပေါ် အတိုး ။

၁၇။ အစုရှယ်ယာတစ်စုနှင့်စပ်လျဉ်း ၍ တောင်း ခေါ်ထား သော ငွေတစ်ရပ် ပေး ခြင်း အတွက်သတ်မှတ်ထား သော နေ့ ရက် မတိုင်မီ သော်လည်း ကောင်း ၊ ယင်း နေ့ရက်တွင် သော် လည်း ကောင်း မ ပေး လျှင်အဆိုပါငွေကို ပေး ရန်ရှိသောသူထံမှအဆို ပါ ငွေအပေါ်တွင်တစ်နှစ်လျှင်ငါး ရာခိုင်နှုန်း အတိုး ကို အ ဆို ပါ ပေး ခြင်း အတွက်သတ်မှတ်ထား သော နေ့ရက်မှအမှန်တကယ် ပေး ဆောင် သော နေ့အထိ ပေး ရမည်။ သို့ရာတွင် ဒါရိုက်တာ များ သည်အဆိုပါအတိုး ငွေအား လုံး ကို သော်လည်း ကောင်း ၊ တစ်စိတ် တစ် ဒေသကို သော်လည်း ကောင်း ပေး ခြင်း မှကင်း လွတ်ခွင့် ပြု နိုင်ခွင့်ရှိစေရမည်။

၁၈။ အတိုးပေးရန်နှင့်စပ်လျဉ်းသောဘဏ်စည်းမျဉ်းများ၌သတ်မှတ်ချက်များသည်အစုရှယ်ယာတစ်စုကိုထုတ်ပေးစဉ်ကတည်းတသတ်မှတ်ထားချက်များအရ ပေးရန်သတ်မှတ်ထားသောအချိန်ရောက်ရှိလာပြီး ၊ အစုရှယ်ယာ၏ပမာဏပေါ်မူတည်၍ဖြစ်စေ၊ ပရိမီယံကြေးပေးချေသည့်နည်းလမ်းအားဖြင့်ဖြစ်စေပေးချေရမည်ဖြစ်သော်လည်း မည်သည့်ငွေကြေးမှမပေးချေရသေးသည့်အစုရှယ်ယာများကိစ္စတွင်ပေးချေရန် နို့တစ်စာဖြင့်နည်းလမ်းတကျတောင်းခံမှုတစ်ရပ်ပြုပြီး ဘိသကဲ့သို့အကျိုးသက်ရောက်စေရမည်။	မပေးချေရသေးသည့် အစုရှယ်ယာများအတွက်အတိုး ။
၁၉။ ဒါရိုက်တာများသည်အစုရှယ်ယာများထုတ်ပေးခြင်းနှင့်စပ်လျဉ်း၍ပိုင်ဆိုင်သူတို့အကြား ငွေပေးချေရန်ပမာဏနှင့် ပေးနိုင်သည့်အကြိမ်များကိုသီးခြားစီစဉ်ပေးနိုင်ခွင့်ရှိစေရမည်။	သီးခြားစီစဉ်ပေးနိုင်သည့် အာဏာ ။
၂၀။ မတောင်းခံရသောနှင့်မပေးရသေးသော အစုရှယ်ယာများကိုင်ရှိထားသည့်အဖွဲ့ဝင်ကယင်းငွေ သို့မဟုတ် ယင်းတစ်စိတ်တစ်ဒေသကိုကြိုတင်ပေးထားလိုလျှင်ဒါရိုက်တာလူကြီးများသည်လက်ခံသင့်သည်ဟုယူဆပါက ယင်းငွေများကိုလက်ခံထားနိုင်သည်။ ယင်းကဲ့သို့ကြိုတင်ပေးသည့်ငွေအားလုံးအပေါ် သို့မဟုတ် တစ်စိတ်တစ်ဒေသအပေါ် ထိုသို့ကြိုတင်ငွေပေးထားသည့်အဖွဲ့ဝင်နှင့်ဒါရိုက်တာလူကြီးများ သဘောတူညီသည့် နှုန်းထားအတိုင်း ထိုငွေများအပေါ်အတိုးရရှိနိုင်သည်။ (သို့သော် ထိုအတိုးသည်ယင်းရှယ်ယာများပေးသွင်းရန်အချိန်ထိသာဖြစ်ရမည်ဖြစ်ပြီး ၊ ကုမ္ပဏီ၏အထွေထွေအစည်းအဝေးဆုံးဖြတ်ချက်အရသာပေးရမည်ဖြစ်ပြီး ၊ အတိုးနှုန်းမှာ (၆%)သာဖြစ်ရမည်။)	ကြိုတင်ပေးငွေများအပေါ် အတိုး ။

အစုရှယ်ယာများ လွှဲပြောင်းခြင်းနှင့်
တစ်ဆင့်လွှဲပြောင်းခြင်း

ပြီးမြောက်အောင်ဆောင်ရွက်ခြင်း။

၂၁။ အစုရှယ်ယာတစ်စုစု၏လွှဲပြောင်းရေးဆိုင်ရာစာတမ်းကိုလွှဲပြောင်းသူနှင့်လွှဲပြောင်းခြင်းခံရသူနှစ်ဦးစလုံးက လက်မှတ်ရေးထိုးအတည်ပြုရမည့်အပြင်၊ လွှဲပြောင်းသူသည် အဖွဲ့ဝင်များမှတ်ပုံတင်စာအုပ်တွင်အစုရှယ်ယာနှင့် စပ်လျဉ်း၍ လွှဲပြောင်းခြင်းခံရသူ၏အမည်ကို ရေးသွင်းပြီးသည်အထိအစုရှယ်ယာပိုင်ဆိုင်သူအဖြစ်တည်ရှိသည်ဟု မှတ်ယူရမည်။

လွှဲပြောင်းခြင်းပုံစံ။

၂၂။ ကုမ္ပဏီ၏အစုရှယ်ယာများ လွှဲပြောင်းရာတွင်အောက်ဖော်ပြပါပုံစံဖြင့်ဖြစ်စေ၊ ဒါရိုက်တာများ လက်ခံအတည်ပြုနိုင်သောသုံးစွဲနေကျရိုးရိုးပုံစံဖြင့်ဖြစ်စေပြုလုပ်ရမည်။

. . . . .နေ၊ ကျွန်ုပ် . . . .

သည် . . . . .နေ၊ . . . .(နောက်တွင် ``လွှဲပြောင်းခြင်းခံရသူ" ဟုခေါ်တွင်စေရမည်) က ကျွန်ုပ်သို့ ကျပ် . . . . .ဖြစ်သောအဖိုးစားနားကိုပေးချေသည်ဖြစ်၍၊ ၎င်းစာချုပ် မချုပ်ဆိုမီတဆက်တည်းဖြစ်သောအချိန်တွင်အစုရှယ်ယာ (သို့မဟုတ် ရှယ်ယာများ)ကို ကျွန်ုပ်ပိုင်ဆိုင်ကြောင်းအတွက် စည်းကမ်းချက်များကိုအထောက်အထားပြု၍ လွှဲပြောင်းခြင်းခံရသူမှစ၍ထိုသူ၏သေတမ်းစာအတည်ပြုသူများ အမွေထိန်းများနှင့်ပနည်း လွှဲပြောင်းခံရသူများ ပိုင်ဆိုင်ကြစေရန်ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက်ဟု ခေါ်တွင်သည့်လုပ်ငန်းတွင်ပါဝင်ထားသည့်ကျွန်ုပ်ပိုင်အစုရှယ်ယာ(ရှယ်ယာများ)နံပါတ် . . . . မှ . . . . .အထိကိုလွှဲပြောင်းခြင်းခံရသူ

..............သို့ ဥစ္စာချုပ်စာတမ်းအား ဖြင့် လွှဲပြောင်းပေးပါသည်။ ထို့အပြင်အဆိုပါလွှဲပြောင်းပေးခြင်းခံရသူကုမ္ပဏီ ....သည်ဆိုခဲ့သည့်စည်းကမ်းချက်များကိုအထောက်အထားပြု၍အဆိုပါအစုရှယ်ယာ (သို့မဟုတ်ရှယ်ယာများ) ကိုလွှဲပြောင်းခြင်းခံယူရန်သဘောတူပါသည်။

သက်သေအရာတည်စေမှု့သော ၄၁ ......ခုနှစ်၊ ....လ .....ရက်နေ့တွင်လက်မှတ်ရေးထိုးကြပါသည်။

လက်မှတ်များရေးထိုးသည်ကိုသိမြင်ပါသည်။

၂၃။ ဒါရိုက်တာများသည်အပြည့်အဝပေးချေခြင်းမရှိသေး မှတ်ပုံတင်ရန်သောအစုရှယ်ယာများကိုငင်းတို့မလိုလားသူသို့လွှဲပြောင်းခြင်း ငြင်းပယ်နိုင်ကိုငြင်းဆိုနိုင်သကဲ့သို့ကုမ္ပဏီ၌တရားဝင်သိမ်းထားပိုင်ခွင့်ရှိသော သည့်ဒါရိုက်တာအစုရှယ်ယာများလွှဲပြောင်းခြင်းကိုလည်းငြင်းပယ်နိုင်သည်။ များ၏အာဏာ။ ဒါရိုက်တာများသည်နှစ်စဉ်သာမန်အထွေထွေအစည်းအဝေးမကျင်းပမီတစ်ဆယ့်လေးရက်ကာလအတွင်းတွင်လွှဲပြောင်းခြင်းမှတ်ပုံတင်ရန်ကိုလည်းဆိုင်းငံ့ထားနိုင်သည်။ ဒါရိုက်တာများသည်လွှဲပြောင်းခြင်းဆိုင်ရာမည်သည့်စာချုပ်စာတမ်းတို့ကိုမဆိုအောက်ပါအချက်များအတိုင်းလိုက်နာဆောင်ရွက်ရန်ပျက်ကွက်ခဲ့လျှင်အသိအမှတ်မပြုဘဲနေနိုင်သည် -

(က) လွှဲပြောင်းခြင်းမှတ်ပုံတင်ရန်မှတ်ပုံတင်ခ အစုရှယ်ယာလွှဲသုံးဆယ်ကျပ်ထက်မပိုသောအခကြေးငွေကိုပေး ပြောင်းပေးဆောင်ရန်၊ ဆောင်ခြင်း။

(ခ) လွှဲပြောင်းပေးသူသည်အမှန်တကယ်လွှဲပြောင်း အစုရှယ်ယာသက်ပေးနိုင်ခွင့်ရှိကြောင်းကိုလွှဲပြောင်းခြင်းသေခံလက်မှတ်နှင့်စာတမ်းနှင့်အတူပူးတွဲ၍ယင်းနှင့်သက်ဆိုင် အတူလွှဲပြောင်း

ခြင်း စာတမ်း ကိုပူးတွဲတင်ပြခြင်း ။

သည့်အစုရှယ်ယာများ၏သက် သေခံလက် မှတ်များ အပြင် ဒါရိုက်တာများ ထံ တင်ပြရန် ကို အဆို သည့်အခြား သက် သေခံချက်များ ကိုလည်း တင်ပြ ရန်။

လွှဲပြောင်းခြင်း ကိုငြင်းပယ်သည့် တိစ္စ ။

အကယ်၍ ဒါရိုက်တာများ သည်လွှဲပြောင်း ခြင်း တစ်ခုကို မှတ်ပုံတင်ပေး ရန်ငြင်း ပယ်လျှင်ကုမ္ပဏီသို့အစုရှယ်ယာ လွှဲပြောင်း ခြင်း ကိုတင်ပြသည့် နေ့မှနှစ်လအတွင်း လွှဲပြောင်း ပေး သူ နှင့် လွှဲပြောင်း ပေး ခြင်း ခံရသူတို့ထံငြင်း ပယ် ကြောင်း နို့တစ်စာ ပေး ပို့ရမည်။

အစုရှယ်ယာပိုင်ဆိုင်သူ အဖြစ် မှတ်ပုံတင်ပြီးသူကိုသာအသိအမှတ်ပြုခြင်း ။

၂၄။ အစုရှယ်ယာပိုင်ဆိုင်သူအဖြစ်မှတ်ပုံတင်ပြီး သူ ကို သာ ကုမ္ပဏီကအစုရှယ်ယာအ ပေါ်ပိုင်ဆိုင်ခွင့်ရှိသူအဖြစ်အသိအမှတ်ပြု ရ မည်။

သေတမ်းစာအတည်ပြုသူများသို့ မဟုတ်အမွေထိန်းစာရရှိသူ များအနေဖြင့်သေဆုံးသူ၏အစုရှယ်ယာ ပိုင်ဆိုင်ခွင့် ။

၂၅။ ကွယ်လွန်သည့်တစ်ဦး တည်း ပိုင်ဆိုင်သည့်အစုရှယ်ယာပိုင်ရှင်၏ သေတမ်း စာအတည်ပြုသူနှင့်အ မွေထိန်း သူတို့ကိုသာယင်းအ စုရှယ်ယာ၏ပိုင်ဆိုင်သူအဖြစ်ကုမ္ပဏီကလက်ခံမည်ဖြစ်သည်။ အကယ် ၍ ရှယ်ယာကိုအမည်နှစ်ခု သို့မဟုတ် နှစ်ခုထက်ပို၍အစုရှယ်ယာကိုမှတ် ပုံတင်ထား၍တစ်ဦး သေဆုံး သွား ပါကကျန်ရှိသူ သို့မဟုတ် ကျန် ရှိ သူများ သို့မဟုတ် ကျန်ရှိသူ၏ သေတမ်း စာအတည်ပြုသူ သို့မ ဟုတ် အ မွေထိန်း စာရရှိသူသာလျှင်သာယင်း အစုရှယ်ယာ၏ပိုင်ဆိုင်ခွင့် ရှိသူဖြစ် ကြောင်း ကုမ္ပဏီကအသိအမှတ်ပြုမည်။

အစုရှယ် ယာ တစ်စု ကိုပိုင် ဆိုင် ခွင့် ရှိ လာသူ။

၂၆။ မည်သူမဆိုအစုရှယ်ယာတစ်စုကိုပိုင်ဆိုင်ခွင့်ရှိ လာလျှင် ဒါရိုက်တာများ ကအခါအား လျော်စွာ တောင်း ဆို သော သက် သေ အထောက်အထား များ ကိုတင်ပြနိုင်မှသာလျှင်အဖွဲ့ဝင်အဖြစ်မှတ်ပုံ တင်ခြင်း ခံယူခွင့်ရှိစေရမည် သို့မဟုတ် ထိုသူကမိမိကိုယ်တိုင်မှတ်

ပုံတင်ခြင်း ခံယူမည့်အစား၊ ယင်း ရှယ်ယာများ ကို သေဆုံး သူ သို့မဟုတ် လူမွဲအဖြစ် ခံယူသူကလွှဲ ပြောင်း ပိုင်ခွင့်ရှိစဉ်ကလွှဲ ပြောင်း နိုင်သကဲ့သို့လွှဲ ပြောင်း နိုင်ခွင့်ရှိသည်။ သို့သော် ဒါရိုက်တာ လူကြီးများ သည်မည်သည့်ကိစ္စတွင်မဆို သေသူ သို့မဟုတ် လူမွဲခံ ယူ သူ လွှဲပြောင်း ခွင့်ရှိစဉ်က လျှောက်ထား သည့်အခါ မှတ်ပုံတင်ခြင်း ကို ငြင်း ပယ်ခြင်း သို့မဟုတ် ဆိုင်း ငံ့ထား ခြင်း ပြုလုပ်နိုင်သည်။

၂၇။ ပုဂ္ဂိုလ်တစ်ဦး သည်အစုရှယ်ယာတစ်စုကိုအထက်ပါအတိုင်း မှတ်ပုံတင်ဆိုင်ခွင့်ရလာလျှင် ထိုသူသည် မူလမှတ်ပုံတင်ထား သူကိုယ်တိုင် ရရှိခဲ့သောအမြတ်ဝေစုများ နှင့်အခြား အကျိုး ခံစား ခွင့်များ ကို ရရှိခွင့်ရှိ စေရမည်။ သို့သော်ထိုသူသည်အဖွဲ့ဝင်အဖြစ်မှတ် ပုံတင်ခံရခြင်း မရရှိမီကုမ္ပဏီအစည်း အဝေး များ နှင့်စပ်လျဉ်း၍ အဖွဲ့ဝင်များ သို့အပ်နှင်း ထား သည့် မည်သည့်အခွင့်အ ရေး ကို မျှရရှိခွင့်ရှိမည်မဟုတ်။

မှတ်ပုံတင်မထားသောအစုရှယ်ယာများကိုကိုင်ဆောင်ထား သူ၏အခွင့်အရေးများ ။

အစုရှယ်ယာများ သိမ်း ယူခြင်း

၂၈။ အဖွဲ့ဝင်တစ်ဦး သည် တောင်း ခေါ်ခြင်း တစ် ခု ခု ကိုဖြစ်စေ၊ တောင်း ခေါ်ခြင်း တစ်ခု၏အရစ်ကျ ပေး ခြင်း ကို ဖြစ်စေ၊ အဆိုပါ ပေး ခြင်း ကိုဖြစ် စေ၊ အဆိုပါ ပေး ခြင်း အတွက် သတ်မှတ်ထား သော နေ့ရက်တွင် ပေး ရန် ပျက်ကွက်လျှင် ဒါရိုက်တာ များ သည်ထိုသို့ဖြစ်ပြီး နောက်မည်သည့်အချိန်၌မဆို၊ ယင်း တောင်း ခေါ်ခြင်း ၏ သို့မဟုတ် အရစ်ကျ ပေး ခြင်း ၏အချို့အဝက်ကိုပေး ရန်ကျန်ရှိ နေသည့်အချိန်အတွင်း တွင်မ ပေး ရ သေး သော တောင်း ခေါ်ခြင်း ရှိသမျှကိုဖြစ် စေ၊ အရစ်ကျ ပေး ခြင်း ရှိသမျှ ကို ဖြစ်စေကျသင့် သောအတိုး နှင့်တကွ ပေး ဆပ်ရန်ဆင့်ဆို သော နို့တစ်စာကို ထိုသူထံသို့ချအပ်နိုင်သည်။

တောင်းခေါ်ခြင်းအ တွက် ပေး ဆပ်ရန် နို့တစ်စာ။

ပေးသွင်းရန် အတွက်သတ်မှတ်သည့် အချိန် ဖော်ပြသည့် နို့တစ်စာ။	၂၉။ နို့တစ်စာတွင် နေ့ရက်သတ်မှတ်၍ (နို့တစ်စာ ထုတ်ဆို သည့်နေ့မှသတ်မှတ်ရက်ကုန်ဆုံးသောနေ့ သို့မဟုတ် တစ်ဆယ့်လေး ရက်ထက်မစောသော) ယင်းနေ့ရက်ထက်စော၍ သော်လည်းကောင်း ထိုနေ့တွင် သော်လည်းကောင်း ငွေပေးချေရန်သတ်မှတ်ကြောင်း အကယ်၍ ပျက်ကွက်ပါကယင်း ပျက်ကွက်မှုအတွက်အဆိုပါအစုရှယ်ယာများ ကိုသိမ်းယူခြင်းခံရဖွယ်အကြောင်းရှိကြောင်း ဖော်ပြပါရှိရ မည်။
နို့တစ်စာပါ အချက်များကို မလိုက်နာ၍သိမ်းယူခြင်း။	၃၀။ မည်သည့်အဆိုပါနို့တစ်စာပါလိုအပ်ချက်များ အတိုင်း လိုက် နာဆောင်ရွက်ခြင်းမရှိပါက ပေးအပ်ပြီးသောနို့တစ်စာကရည် ညွှန်း သောမည်သည့်အစုရှယ်ယာများကိုမဆိုနို့တစ်စာကရည်ညွှန်း သောငွေပေးချေရန်ကိစ္စနှင့်စပ်လျဉ်း၍မပေးချေမီကာလ အတွင်း မည်သည့်အချိန်၌မဆိုဒါရိုက်တာများ၏အစည်းအဝေး ဆုံး ဖြတ်ချက်တစ်ရပ်အရသိမ်းယူနိုင်သည်။
သိမ်းယူခံရသောအစုရှယ်ယာများကို ရောင်းချခြင်း၊ စီမံခန့်ခွဲခြင်း။	၃၁။ သိမ်းယူခြင်းခံရသောအစုရှယ်ယာတစ်စု ရောင်းချ ခြင်းဖြင့်ဖြစ်စေ သို့မဟုတ် ဒါရိုက်တာများကသင့်လျော်သည် ဟု အခြားနည်းဖြင့်စီမံခန့်ခွဲခြင်းမပြုမီမည်သည့်အချိန်၌ မဆို ဒါရိုက်တာများကသင့်လျော်သည်ဟုယူဆသည့်စည်းကမ်းချက် များ အရအစုရှယ်ယာသိမ်းယူခြင်းကိုပယ်ဖျက်နိုင်သည်။
အစုရှယ်ယာများကိုသိမ်းယူခြင်းခံရသော အစုရှယ်ယာဝင်များ၏တာဝန်နှင့် အခွင့်အရေး။	၃၂။ အစုရှယ်ယာသိမ်းယူခြင်းခံရသူသည်အဆိုပါအစုရှယ်ယာ ကိုကိုယ်စားပြုသောအဖွဲ့ဝင်တစ်ဦးအဖြစ်မှရပ်စဲခြင်းခံရမည်။ သို့သော်ရပ်စဲခြင်းခံရသည့်နေ့တွင်အဆိုပါအစုရှယ်ယာ များ ၏ တန်ဖိုးအလိုက်ကုမ္ပဏီသို့ထိုသူကပေးချေရမည့်ငွေကြေးအားလုံးနှင့် စပ်လျဉ်း၍ ပေးရန်တာဝန်ဆက်လက်တည်ရှိနေမည်။ သို့သော် အဆိုပါအစုရှယ်ယာများသတ်မှတ်တန်ဖိုးရင်းအပြည့်အဝကိုကုမ္ပဏီ မှရပြီးသည့်အချိန်မှစ၍ထိုသူပေါ်တွင်ယင်းပေးချေရန်တာဝန် ရပ်စဲရမည်။

၃၃။ အစုရှယ်ယာတစ်စုကို ဖော်ပြပါနေ့ရက်တွင် ကုမ္ပဏီက သိမ်းယူပြီး ဖြစ်ကြောင်း စာဖြင့် ရေးသား ထုတ်ပြန်သော ကြေညာချက်ကို ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးက ထုတ်ပြန်ကြောင်း စိစစ် အတည်ပြုပြီးခြင်းသည် အစုရှယ်ယာ ပိုင်ခွင့်ဆိုင်ခွင့် ရှိကြောင်း တောင်းဆိုလာသူ အားလုံး အပေါ်တွင် ဆန့်ကျင်သော အပြီးသတ် သေချာချက်ဖြစ်စေရမည်။ အဆိုပါအစုရှယ်ယာကို သိမ်းယူကြောင်း ကြေညာချက်သည်လည်းကောင်း၊ ရောင်းချခြင်း သို့မဟုတ် စီမံခန့်ခွဲပေးခြင်းတို့အတွက် အကယ်၍ အဖိုးစားနားရရှိခဲ့လျှင် ကုမ္ပဏီကထုတ်ပေးထားသော ဖြတ်ပိုင်းသည်လည်းကောင်း အစုရှယ်ယာပိုင်ဆိုင်ခြင်းအတွက် တရားဝင်သော အထောက်အထားများ ဖြစ်စေပြီး၊ ထိုသို့ဝယ်ယူသူ သို့မဟုတ် စီမံခန့်ခွဲခြင်းဖြင့် ရယူသူကို အဆိုပါအစုရှယ်ယာ ပိုင်ဆိုင်သူအဖြစ် မှတ်ပုံတင်ပေးရမည်။ ဝယ်ယူရန်ငွေ (ရှိလျှင်) ကို မည်ကဲ့သို့သုံးစွဲခဲ့ခြင်း အပြင် အစုရှယ်ယာကို သိမ်းယူရာတွင် ဆောင်ရွက်မှုများသည်လည်းကောင်း၊ ရောင်းချ သို့မဟုတ် စီမံခန့်ခွဲရာတွင်လည်းကောင်း နည်းလမ်းမကျခြင်း နှင့် လုပ်နည်းလုပ်ဟန်တရားမဝင်ခြင်းတို့သည် အဆိုပါ အစုရှယ်ယာပိုင်ဆိုင်လာသူ၏ ပိုင်ဆိုင်ခွင့်ကို ထိခိုက်ခြင်းမရှိစေရ။

သိမ်းယူခြင်း ခံရသော သို့မဟုတ် ရောင်းချသော အစုရှယ်ယာများကို ပိုင်ဆိုင်ခွင့် ရရှိခြင်း။

၃၄။ အဆိုပါအစုရှယ်ယာ သိမ်းယူခြင်းဆိုင်ရာ စည်းမျဉ်းများပါ သတ်မှတ်ချက်များသည် အစုရှယ်ယာတစ်စုကို ထုတ်ပေးစဉ် တတည်းက သတ်မှတ်ထားချက်များအရ ရှယ်ယာ၏ ပမာဏ အပေါ် မူတည်၍ဖြစ်စေ၊ ပရီမီယံကြေး ပေးချေသည့်နည်းလမ်းအားဖြင့်ဖြစ်စေ ပေးချေရန်သတ်မှတ်ချိန် ရောက်ရှိလာပြီး ဖြစ်သော်လည်း မည်သည့်ငွေကြေးမျှ မပေးချေရသေးသည့်အစုရှယ်ယာများ တိငွရဝ်တွင် ပေးချေရန်နှိုတစ်စာဖြင့် နည်းလမ်းတကျ တောင်းခေါ်မှု တစ်ရပ်ပြုပြီး ဘိသကဲ့သို့ အကျိုးသက်ရောက်စေရမည်။

သတ်မှတ်ချိန် ရောက်ပြီးသော်လည်း ပေးချေခြင်းမရှိသေးသော အစုရှယ်ယာများကို သိမ်းယူခြင်းဆိုင်ရာ စည်းမျဉ်းများ အတိုင်းပြုလုပ်ခြင်း။

အစုရှယ်ယာများကို စတော့(ရင်းနှီးပစ္စည်း) အဖြစ်ပြောင်းလဲခြင်း

ရှယ်ယာများကို စတော့အဖြစ်ပြောင်းလဲခြင်းနှင့် ပြန်လည်ပြောင်းလဲခြင်း။

၃၅။ ဤကုမ္ပဏီ၏ကြိုတင်ပြုလုပ်သော အထွေထွေအစည်းအဝေးမှ ခွင့်ပြုချက်ဖြင့် ဒါရိုက်တာလူကြီးများသည် အပြည့်ပေးအပ်ပြီးသည့် အစုရှယ်ယာများကို စတော့(ရင်းနှီးပစ္စည်း) အဖြစ်ပြောင်းလဲခွင့်ရှိသည်။ ထို့ပြင် ဒါရိုက်တာလူကြီးများသည် ထိုသို့သော ရရှိသည့်ခွင့်ပြုချက်ဖြင့် မည်သည့်စတော့ကိုမဆို အပြည့်ပေးအပ်ပြီး သည့်ရှယ်ယာအဖြစ်ပြန်လည် ပြောင်းလဲနိုင်သည်။

စတော့လက်ကိုင်ပိုင်ရှိသူများက လွှဲပြောင်းခြင်း။

၃၆။ စတော့လက်ကိုင်ပိုင်ဆိုင်သူတို့သည် ၎င်းတို့၏ စတော့ သို့မဟုတ် စတော့၏တစ်စိတ်တစ်ဒေသကိုတတ်နိုင်သရွေ့အခြေအနေပေးသမျှယင်း စတော့များကိုရှယ်ယာမှစတော့အဖြစ်မပေါ်ထွက်လာမီက ပြောင်းလွှဲရမည့်စည်းမျဉ်း များ အရနှင့်အလားတူနည်း အတိုင်း ပြောင်းလွှဲနိုင်သည်။ သို့သော်ဒါရိုက်တာ လူကြီးများသည်အခါအား လျော်စွာထိုသို့ ပြောင်းလွှဲစတော့ပမာဏ အနည်းဆုံး မည်ရွေ့ ဖြစ်ရမည်ဟုသတ်မှတ်နိုင်သည်။ ထိုသို့ သတ်မှတ်သည့်အနည်းဆုံး၏တစ်စိတ်တစ်ဒေသ ပြောင်းလွှဲမှုကိုလည်း သတ်မှတ်နိုင်သည် သို့မဟုတ် ပိတ်ပင်နိုင်သည်၊ သို့သော်ထိုအနည်းဆုံး သတ်မှတ်ချက်သည်စတော့ ပေါ်ထွက်လာသည့်ရှယ်ယာများ၏ သာမန်ပမာဏတန်ဖိုး ထက်မပိုစေရ။

စတော့လက်ကိုင်ပိုင်ဆိုင်သူတို့၏အခွင့်အရေးများ။

၃၇။ စတော့ပိုင်ဆိုင်လက်ကိုင်ရှိသူများ သည် ``ကုမ္ပဏီ``၏ အစည်းအဝေး နှင့်အခြားကိစ္စရပ်များ တွင်၎င်း တို့၏စတော့ ပေါ်ပေါက်လာသည့်အစုရှယ်ယာများ ကိုင်ဆောင်ထားဘိသကဲ့သို့ ယင်း အစုရှယ်ယာပမာဏအတိုင်း အမြတ်ဝေစုအခွင့်အရေး၊ မဲပေးခြင်း၊ အခွင့်အရေး၊ ပိုင်ရေးပိုင်ခွင့်အထူးခွင့်နှင့် အကျိုးခံစားခွင့် ညီတူရရှိစေရမည်။ သို့ရာတွင် (ကုမ္ပဏီ၏ အမြတ်ဝေစုနှင့် အကျိုးအမြတ်တွင်ပါဝင်ရရှိခြင်းမှအပ) ယင်းစတော့၏

ား ကိန်း အရအကြွင်း မရှိသည့်အပိုင်း နှင့်ပတ်သက်၍မူ ယင်း စတော့ပေါ်ထွက်လာသည့်အစုရှယ်ယာများ အပေါ်ပိုင်ရေးပိုင် င့်အထူး အခွင့်အကျိုး အမြတ်ရရှိထားမှသာလျှင်ယင်း စတော့ ား အပေါ်ပိုင်ရေး ပိုင်ခွင့်အထူး အခွင့်နှင့်အကျိုး ခံစား င့်ရရှိနိုင်သည်။

၁၈။ ပေးဆပ်ပြီးသည့်ရှယ်ယာ (အစု) များနှင့် (ရှယ်ယာ ဝရမ်းများနှင့်သက်ဆိုင်သည့်ကိစ္စရပ်များမှအပ) ကုမ္ပဏီ၏ ည်းမျဉ်းများသည်စတော့များနှင့်လည်း သက်ဆိုင်ရမည်။ အစု ''နှင့်အစုရှင်ဆိုသည့်စကားရပ်များတွင် ''စတော့'' င့်စတော့လက်ကိုင်ပိုင်ဆိုင်သူစကားရပ်များ ပါဝင်သည်။

အစုများနှင့် ပတ်သက်သည့် စည်းမျဉ်းများ စတော့များနှင့် သက်ဆိုင်ခြင်း။

အစုရှယ်ယာဝရမ်းများ

၁၉။ ကုမ္ပဏီသည်အစုဝရမ်းများထုတ်ပေးနိုင်သည်။ ဒါရိုက်တာလူကြီးများကအခါနှင့်အား လျော်စွာသတ်မှတ်ထားသည့် ည်းလမ်းအတိုင်း အပြည့်ပေးအပ်ပြီး သောအစုအတွက်အစု င်ရှင်အဖြစ်မှတ်ပုံတင်ထားသူသည်စာဖြင့်ရေးသားထားသည့် တ်မှတ်ထိုးထားသော လျှောက်လွှာဖြင့်အစုဝရမ်းများကို ဒါရိုက်တာလူကြီးများ၏သဘောအတိုင်း ထုတ်ပေးနိုင်သည်။ ယင်း ထုတ်ပေးရန် လျှောက်လွှာအပေါ်ထိုးထားသည့်လက်မှတ်မှန် န်ကြောင်း သက်သေအထောက်အထား (ရှိခဲ့သော်) ပါရှိရမည်။ စုရှယ်ယာနှင့်ပတ်သက်၍ယင်းအထောက်အထား လက်မှတ် ရှိခဲ့သော်) ဝရမ်းအတွက်တံဆိပ်ခေါင်းဖိုးငွေနှင့်အခပါရှိသည့် ဒါရိုက်တာလူကြီးများသည်ဝရမ်းကိုတံဆိပ်ခေါင်းကပ်၍ကုမ္ပဏီ တံဆိပ်ဖြင့်ထုတ်ပေးနိုင်သည်။ ယင်း ဝရမ်းတွင်ဝရမ်းလက်ရှိ ပ်သူသည်ဝရမ်းတွင်ဖော်ပြထားသည့် အစုရှယ်ယာများ ရရှိ င့်ရှိသူဖြစ်ကြောင်း နှင့်ယင်း ဝရမ်းတွင်ဖော်ပြထားသည့်အစု

အစုဝရမ်း များထုတ်ပေးခြင်း။

များ အပေါ် ပေး ရန်ရှိသောအမြတ်ဝေစုနှင့်အခြား ငွေမ
ရရှိခွင့်ရှိသူများ ဖြစ်ကြောင်း ဖော်ပြ၍ထိုကဲ့သို့ရရန်ဖြစ် ပို
သို့မဟုတ် အခြား အထောက်အထား ပေး အပ်ရမည်။

အစုဝရမ်းဖြင့် အစုများ လွှဲပြောင်းပေးခြင်း။

၄၀။ အစုရှယ်ယာဝရမ်းသည်ယင်း ဝရမ်း တွင် ဖော်ပြထ
သည့်အစုများ ကိုထိုအစုဝရမ်း လက်ကိုင်ရှိသူကပိုင်ဆိုင်ခွင့်ရှိ သ
အစုဝရမ်း ကိုလက်ရောက် ပေး အပ်ခြင်း ဖြင့်လွှဲပြောင်း
ခြင်း ဖြစ်သည်။ အစုများ နှင့်ပတ်သက်သည့်လွှဲပြောင်းခြင်း
ဆင်း သက်မှုတို့နှင့်ကုမ္ပဏီ၏စည်း မျဉ်း များ သည်အစုဝရမ်းများ
မသက်ဆိုင်စေရ။

အစုရှယ်ယာဝရမ်းပိုင်ရှင်သည် အဖွဲ့ဝင်အဖြစ်မှတ်ပုံတင်ခြင်း။

၄၁။ ဒါရိုက်တာလူကြီး များ ကအချိန်အား လျော်စွာသတ်
ထား သည့် ငွေ ကြေး ပေး သွင်း ပြီး ၊ အစုရှယ်ယာဝရမ်း ပိုင်
ကယင်း ဝရမ်း ကိုကုမ္ပဏီကပင်ဖျက် ပေး ရန်ပြန်သွင်း သည့် အ
ယင်း၏အမည်ကိုအဖွဲ့ဝင်များ မှတ်ပုံတင်စာအုပ်တွင် ဝရမ်း
ဖော်ပြထား သည့်အစုရှယ်ယာများ အတိုင်း ပိုင်ဆိုင်သည့် အဖွဲ့
အဖြစ်ထည့်သွင်း ပေး ရန် တောင်း ဆိုခွင့်ရှိသည်။

အစုရှယ်ယာဝရမ်းအပ်နှံသည့် အခွင့်အရေး။

၄၂။ အစုရှယ်ယာဝရမ်း ပိုင်ဆိုင်သူသည်အချိန်မရွေးဝ
ကိုကုမ္ပဏီ၏ရုံး၌အပ်နှံနိုင်သည်။ ထိုသို့ဝရမ်းသည်အပ်နှံထား လ
ရှိနေလျှင်အပ်နှံထား သူသည်ကုမ္ပဏီအစည်း အဝေး ခေါ် ပေး
တောင်း ဆိုချက်လက်မှတ် ရေး ထိုး ခွင့်တန်း တူရှိသည်။ အပ်နှံ
သည့်ဝရမ်း တွင်ပါရှိသည့်အစုရှယ်ယာများ နှင့်အညီထိုသူသည်ဝရ
အပ်နှံပြီး နှစ်ရက်တိတိကုန်ဆုံး သည့်အချိန်မှစ၍မည်သည့် အစည်
အဝေး သို့တက်ခွင့်၊ မဲပေး ခွင့်နှင့်အခြား အဖွဲ့ဝင်များ ရ
သည့်ပိုင်ခွင့်အထူး အခွင့်အရေး များ ကျင့်သုံး ခွင့်ရှိသည်။ သူတ
ဦး တစ် ယောက်ထက်ပို၍အစုရှယ်ယာဝရမ်း အပ်နှံသူအဖြစ် အ
အမှတ်မပြု။ နှစ်ရက်ကြိုတင်နို့တစ်စာ ပေး ပို့လျှင် ကုမ္ပဏီ

အပ်နှံထားသော အစုရှယ်ယာဝရမ်းကို အပ်နှံသူအား ပြန်ပေးရမည်။

၄၃။ နောက်တွင်အခြားနည်းအားဖြင့်အတိအကျဖော်ပြထားခြင်းမှတစ်ပါး အစုရှယ်ယာဝရမ်းပိုင်ရှင် မည်သူမဆို ကုမ္ပဏီ အစည်းအဝေး ခေါ်ပေးရန်လက်မှတ်ထိုး၍တောင်းဆိုချက်ပြုခွင့်မရှိ သို့မဟုတ်ကုမ္ပဏီအစည်းအဝေး တက်ခွင့်သို့မဟုတ် မဲပေးခွင့် သို့မဟုတ် အဖွဲ့ဝင်၏အခြားပိုင်ရေးပိုင်ခွင့်အထူးအခွင့်မရှိ သို့မဟုတ် ကုမ္ပဏီထံမှအကြောင်းကြားစာများ ရရှိခွင့်မရှိ၊ သို့ရာတွင် ဝရမ်း၌ဖော်ပြထားသည့်အစုရှယ်ယာ ပိုင်ဆိုင်သူအနေနှင့်မှတ်ပုံတင်စာအုပ်၌ ဖော်ပြထားသည့်အဖွဲ့ဝင် တစ်ဦး ရရှိသည့်ပိုင်ရေးပိုင်ခွင့်အထူးအခွင့်များ နှင့်အကျိုးခံစားခွင့်များကိုအစုရှယ်ယာဝရမ်း ပိုင်ဆိုင်သူက ရရှိစေရမည်။ သူသည် ``ကုမ္ပဏီ``၏အဖွဲ့ဝင်ဖြစ်သည်။

အစုရှယ်ယာဝရမ်းပိုင်ဆိုင်ခွင့်များအတွက် သတ်မှတ်ချက်။

၄၄။ အစုရှယ်ယာဝရမ်းများ ပျက်ပြယ်လျှင်၊ ဆုံးရှုံးလျှင် သို့မဟုတ် ပျက်စီးသွားလျှင် ပြန်လည်လဲလှယ်သည့်အနေနှင့်အစုရှယ်ယာဝရမ်း အသစ်လက်မှတ်ဖြတ်ပိုင်း ထုတ်ပေးရန်အတွက်ဒါရိုက်တာလူကြီးများ သည်အခါအားလျော်စွာသတ်မှတ်ချက်များ အတွက်နည်းဥပဒေများ ပြုလုပ်နိုင်သည်။ (၄င်းတို့ကိုအပ်သည်ထင်မှတ်လျှင်)

အစုရှယ်ယာဝရမ်းများနှင့်ပတ်သက်၍ ဒါရိုက်တာလူကြီးများက နည်းဥပဒေများ ပြုလုပ်နိုင်သည်။

<u>မတည်ငွေရင်း ကိုပြုပြင်ပြောင်းလဲခြင်း</u>

၄၅။ ဒါရိုက်တာများ သည်အထွေထွေအစည်းအဝေးကြီးတွင် ကုမ္ပဏီ၏အတည်ပြုခွင့်ပြုချက်များ အရတင်ပြရရှိသောအထူးဆုံးဖြတ်ချက်တစ်ရပ်ကိုလိုက်နာ၍မတည်ငွေရင်း ကိုတိုးမြှင့်ခြင်း နှင့် သင့်လျော်သောအစုရှယ်ယာများ အဖြစ်ခွဲစိတ်ခြင်း ကိုဆုံးဖြတ်ခွင့်ပြု

မတည်ငွေရင်းကိုတိုးမြှင့်ခြင်းအာဏာ။

ချက်တွင် သတ်မှတ်ပေးသည့်ပမာဏအတိုင်း ပြုလုပ်နိုင်သည်။

အစုရှယ်ယာအသစ်များ ထုတ်ပေးရန် ကမ်းလှမ်းခြင်း အခွင့်အရေး နှင့်ထုတ်ပေး ခြင်း ။

၄၆။ မတည်ငွေရင်း တိုးမြှင့်ရန်ဆုံးဖြတ်ခွင့်ပြုချက်ပေး‌ တွင်ဆန့်ကျင်သောသည်ကြား ချက်တစ်ခုခုပါ ရှိ သည့် ကိ ရပ်များ မှတစ်ပါး အစုရှယ်ယာသစ်များ ထုတ်ပေး ရာတွင်အ‌ ‌တွေ့အစည်း အဝေး ဖိတ်စာ ရထိုက်သူများ သို့အဆိုပါသူတို့ပိုင်ဆိုင် လ ရှိသောအစုရှယ်ယာများ အချိုးအဆနှင့်အနီး ဆုံး ဖြစ် နိုင် သေ အခြေအနေအတိုင်း အစုရှယ်ယာသစ်များ အရေအတွက်မည်မျှဝယ် ခွင့်ရှိ ကြောင်း အသိပေး သောနို့တစ်စာများ ရရှိခွင့် ရှိ သည် အဆိုပါ နို့တစ်စာတွင်ထုတ်ပေး ရန်ကမ်း လှမ်း သော အစုရှယ် အရေအတွက်နှင့်ထုတ်ပေး သည့်အချိန်ကာလသတ်မှတ်ရက်ပါရှိစေ လ ထိုရက်အတွင်း လက်ခံကြောင်း အတည်မပြုပါက လက်မခံလို ကြောင် မှတ်ယူမည်ဖြစ်ကြောင်း ဖော်ပြပါရှိရမည်။ ထိုသို့သတ်မှတ်ရက်ကျော် လွန်သည်ဖြစ်စေ၊ အစုရှယ်ယာသစ်များ မယူလိုကြောင်း အကြော ပြန်ကြား၍ဖြစ်စေ ကျန်ရှိသောအစုရှယ်ယာများကိုကုမ္ပဏီ အတွက်အကျိုး ဆုံး ဖြစ်မည်ယူဆသောနည်း လမ်း များ အတိုင်း ဒါရိုက်တာများက စီမံခန့်ခွဲနိုင်ခွင့်ရှိသည်။ ဒါရိုက်တာများ သည် (ကိုင်ဆောင်ထား သောအစုရှယ်ယာများ အချိုးကျအတိုင်း ကမ်း လှမ်းရန်ရှိသောအစု ရှယ်ယာ သစ်များ ဝယ်ယူခွင့်ရရှိမည့်ပုဂ္ဂိုလ်များ သို့အချိုး ကျ ခွဲ ဝေ ရာတွင်) ဤသင်း ဖွဲ့စည်း မှုဦး အရကမ်း လှမ်း ခြင်း ကိုအဆင်ပြေ စွာ ဆောင်ရွက်နိုင်မည်မ ဟုတ် ကြောင်း ထင်မြင်လျှင် မည် သည့် အစုရှယ် ယာ သစ်ကိုမဆိုအထက်ပါအတိုင်း စီမံခန့်ခွဲနိုင်ခွင့်ရှိသည်။

အစုရှယ်ယာ အသစ်များနှင့် ပူးတွဲထားသော အခွင့်အရေးနှင့် တာဝန်များ။

၄၇။ အစုရှယ်ယာအသစ်များ သည်လည်း မူလမတည်ငွေ ရင်း ပါအစုရှယ်ယာများ နည်းတူ တောင်း ခေါ်ခြင်း များ ကိုပေး‌ချေ ရန်၊ တရား ဝင်ထိန်း သိမ်း ထား ပိုင်ခွင့်၊ လွှဲပြောင်း ခြင်း ၊ တစ်ဆင့်လွှဲပြောင်း ခြင်း ၊ သိမ်း ယူခြင်း နှင့်အခြားနည်း ဆောင် ရွက်ခြင်း စသည့်သတ်မှတ်ချက်များ နှင့်အကျုံး ဝင်စေရမည်။

၄၈။ ကုမ္ပဏီသည်သာမန်ဆုံးဖြတ်ချက်များအရ−

(က) လက်ရှိအစုရှယ်ယာမတည်ငွေရင်းကို ပေါင်းစည်းခြင်းဖြင့်မူလအစုရှယ်ယာထက်တန်ဖိုးကြီးသောအစုရှယ်ယာများဖြစ်အောင် ဖန်တီးနိုင်သည်၊

အစုရှယ်ယာများကိုပေါင်းစည်းနိုင်သည့်အာဏာ။

(ခ) လက်ရှိအစုရှယ်ယာများကိုဖြစ်စေ၊ အခြားမည်သည့်အစုရှယ်ယာများကိုမဆိုဖြစ်စေ၊ ထပ်မံခွဲစိတ်ခြင်းဖြင့်အစုရှယ်ယာမတည် ငွေရင်းတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ သင်းဖွဲ့မှတ်တမ်းပါအစုရှယ်ယာတန်ဖိုးအောက်ငယ်သောအစုရှယ်ယာများ ဖြစ်အောင်ခွဲစိတ်နိုင်သည်။ သို့သော် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ ပုဒ်မ ၅၀ ပုဒ်မခွဲ(၁)ပုဒ်မခွဲငယ်(ဃ)ပါပြဋ္ဌာန်းချက်ကိုကျော်လွန်၍လုပ်နိုင်ခွင့်မရှိစေရ၊

အစုရှယ်ယာများကိုထပ်မံခွဲစိတ်နိုင်သည့်အာဏာ။

(ဂ) ဆုံးဖြတ်ချက်ချမှတ်သည့်နေ့တွင်ရယူခြင်း မပြုရသေးသော သို့မဟုတ် ရယူရန်သဘောတူခြင်းမရှိသေးသောမည်သည့်အစုရှယ်ယာများကိုမဆိုပယ်ဖျက်နိုင်သည်။

အစုရှယ်ယာများကိုပယ်ဖျက်နိုင်သည့်အာဏာ။

၄၉။ ကုမ္ပဏီသည်အစုရှယ်ယာမတည်ငွေရင်း နှင့် မည်သည့်မတည်ငွေရင်းအာမခံအထူးရန်ပုံငွေတို့ကိုမဆိုလျှော့ချခြင်းကိုအထူးဆုံးဖြတ်ချက်များဖြင့်ဥပဒေကလက်ခံခွင့်ပြုထားသည့်တောင်အတွင်းမှမည်သည့်နည်းဖြင့်မဆိုပြုလုပ်နိုင်သည်။

မတည်ငွေရင်းကိုလျှော့ချနိုင်သည့်အာဏာ။

<u>အထွေထွေအစည်း အဝေး များ</u>

ဥပဒေအရ ကျင်း ပသည့် အထွေထွေ အစည်းအဝေး။

၅၀။ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၇၇
ကိုအဝ်ချက်အရကုန်သွယ်မှုစတင် ဆောင်ရွက်ခွင့်ရှိသည့်ရက်မှ တစ်
ထက်မနည်း သို့မဟုတ် ခြောက်လထက်မကျော်သည့်အချိန် အတွ
ကုမ္ပဏီ သည်ဥပဒေပြဋ္ဌာန်း ချက်အထွေထွေအစည်း အဝေ
ကျင်း ပရမည်။

နှစ်ပတ်လည် အထွေထွေ အစည်းအဝေး ကြီးများ။

၅၁။ ကုမ္ပဏီ၏အထွေထွေအစည်း အဝေး ကိုကုမ္ပဏီအားဥပ
အရဖွဲ့စည်း တည်ထောင်ထား သည့် နေ့ရက်မှ စ၍တစ်ဆယ့် ရှစ်
အတွင်း တွင်ကျင်း ပပေး စေရမည်။ ထိုသို့ကျင်း ပပြီး နော
တစ်နှစ်လျှင်အနည်း ဆုံး တစ်ကြိမ် (နောက်ဆုံး ကျင်း ပပြီးစီးသွ
သောအထွေထွေအစည်း အဝေး ပြီး ဆုံး ၍တစ်ဆယ့်ငါး လ ထ
မပိုသည့်အချိန်၌) ကုမ္ပဏီ၏အထွေထွေအစည်း အဝေး ကြီး တွင်
ဘောတုဆုံး ဖြတ်ထား သည့်အဆိုပါနေ့၊ အချိန် နှင့် နေရာတွင်အ
ထွေအစည်း အဝေး ကြီး ခေါ်ယူရမည် သို့မဟုတ် ယင်း နည်း
တိုင်း ခေါ်ယူသည့်အထွေထွေအစည်း အဝေး ကျင်း ပရန်ပျက် ကွ
ခဲ့သည် ရှိ သော် နောက်လာမည့်တစ်လအတွင်း မည်သည့်အသင်း သ
နှစ်ဦး မှ နေ၍မဆိုအထွေထွေအစည်း အဝေး ကိုဒါရိုက်တာများ
ခေါ်ယူ လေ့ရှိသည့်နည်း လမ်း များ အတိုင်း အနီး စပ်ဆုံး ဖြစ်
လျက်ပုံစံတကျ ခေါ်ယူခွင့်ရှိ စေရမည်။

အဓိပ္ပါယ် ဖော်ပြချက်။

၅၂။ အထက် ဖော်ပြပါအထွေထွေအစည်း အဝေး များ
သာမန်အစည်း အဝေး များ ဟု ခေါ်ဆို၍ကျန်အစည်း အဝေးမျ
ကိုအထူး အစည်း အဝေး များ ဟု ခေါ်ဆိုရမည်။

အထူးအထွေ ထွေအစည်း အဝေးများ။

၅၃။ ဒါရိုက်တာများ သည်သင့် လျော်သည်ဟုယူဆသည့်မည်သ
အချိန်၌မဆိုအထူး အထွေထွေအစည်း အဝေး ကို ခေါ်ယူ နို
သည်။ ထိုပြင် တောင်း ဆိုခြင်း ပြုလာ၍ သော်လည်း တောင်း

သို့မဟုတ် အစည်းအဝေး ကျင်းပရန် ပျက်ကွက်ပါကလည်းကောင်း အထူးအထွေထွေအစည်းအဝေး ကိုခေါ်စေနိုင်သည်။ အကယ်၍ မည်သည့်အချိန်တွင်မဆိုမြန်မာနိုင်ငံအတွင်း အစည်းအဝေး အထမြောက်နိုင်လောက်သော ဒါရိုက်တာများ အရေအတွက် မရှိပါက မည်သည့်ဒါရိုက်တာမဆို သော်လည်းကောင်း၊ ကုမ္ပဏီ၏ မည်သည့်အဖွဲ့ဝင်နှစ်ဦး မဆိုက သော်လည်းကောင်း ဒါရိုက်တာများက အစည်းအဝေး ကိုခေါ်ယူစေသည့်နည်းလမ်းများအတိုင်း အနီးစပ်ဆုံးဖြစ်စေလျက်အထူး အထွေထွေအစည်းအဝေး ကိုခေါ်ယူနိုင်သည်။

အထွေထွေအစည်းအဝေးကြီးများတွင်ဆောင်ရွက်ချက်များ

၂၄။ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၈၁ ပုဒ်မခွဲ(၂) ပါအထူးဆုံးဖြတ်ချက်များ နှင့်စပ်လျဉ်းသော ပြဋ္ဌာန်းချက်များ ကိုလိုက်နာလျက်အနည်းဆုံး တစ်ဆယ့်လေးရက်ကြိုတင်၍ နို့တစ်စာကို (နို့တစ်စာထုတ်သည့်နေ့ သို့မဟုတ် နို့တစ်စာ ထုတ်ပြီး ဖြစ်သည်ဟုသဘောဆောင်သောနေ့ကိုဖယ်ထုတ်လျက်၊ သို့သော် နို့တစ်စာပေးအပ်ပြီးသည့်နေ့ကိုမူထည့်သွင်း ရေတွက်ရမည်) အစည်းအဝေးကျင်းပမည့်အချိန်၊ နာရီ၊ နေ့ရက်နှင့်နေရာ တို့ကိုဖော်ပြလျက်အဖွဲ့ဝင်များအား ဖိတ်ကြားရမည်။ အထူး လုပ်ငန်းကိစ္စရပ်အတွက်ဖြစ်စေ ယင်းလုပ်ငန်း၏ ယေဘုယျ သဘောအနေအထားအရဆက်လက်ဖော်ပြမည့်နည်းလမ်းအတိုင်း နို့တစ်စာချအပ်ရမည် သို့မဟုတ် အခြားနည်းလမ်းရှိခဲ့လျှင် ထိုကုမ္ပဏီ၏အထွေထွေအစည်းအဝေး ကသတ်မှတ်နိုင်သည်။ နို့တစ်စာ ချအပ်ဖိတ်ကြားရာတွင်မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ သို့မဟုတ် ကုမ္ပဏီ၏စည်းမျဉ်းများအရ နို့တစ်စာလက်ခံခွင့်ရှိ သူများထံပေးအပ်ဖိတ်ကြားရမည်။ သို့သော် နို့တစ်စာပေး

အထွေထွေနှင့် အထူးအစည်းအဝေးအတွက် နို့တစ်စာ။

အပ်ရန်မတော်တဆချန်လှပ်မိခြင်း သို့မဟုတ် မည်သည့် အဖွဲ့ဝ
မဆို နိုတစ်စာလက်ခံရရှိမှုမရှိခြင်း အကြောင်း ကြောင့်မည်သ
အတွေ့တွေ့အစည်းအဝေးတွင်မဆို ဆောင်ရွက်ခဲ့သည့် ဆောင်ရွ
ချက်များကိုပျက်ပြယ်စေခြင်း မဖြစ်စေရ။

အထူးကိစ္စဟု မှတ်ယူရမည့် လုပ်ငန်း။

၅၅။ မည်သည့်သာမန်အစည်းအဝေးများတွင်မဆိုဆော
ရွက်သောအမြတ်ဝေစုတစ်ရပ်ခွဲဝေခွင့်ပြုခြင်းကိစ္စ၊ ငွေစာရင်
ကိစ္စ၊ ဒါရိုက်တာများနှင့်စာရင်းများ၏သာမန်မှတ်တမ်းတ
ပြချက်များနှင့်ငွေစာရင်းရှင်းတမ်းများကိစ္စ၊ အလှည့်ကျ
အနားယူသွားသောဒါရိုက်တာများနှင့်အခြားအရာရှိများ
နေရာတွင်အစားထိုးရွေးချယ်ခြင်းကိစ္စ၊ စာရင်း စစ်
များ၏ချီးမြှင့်ရမည့်ယောက်ပံ့ငွေများသတ်မှတ်ခြင်းကိစ္စများမှ
တစ်ပါး မည်သည့်သာမန်အစည်းအဝေးတွင်ဖြစ်စေ၊ အထူး
အစည်းအဝေးတစ်ရပ်တွင်ဖြစ်စေ၊ ဆွေးနွေးဆောင်ရွက်
သည့်လုပ်ငန်းအားလုံးကိုအထူးကိစ္စဟုမှတ်ယူရမည်။

အစည်းအဝေး အထမြောက်ရန် တက်ရောက်ရမည့်အဖွဲ့ဝင် ဦးရေ။

၅၆။ အစည်းအဝေးအထမြောက်စေရန်လိုအပ်သောအဖွဲ့
ဝင်ဦးရေပြည့်စုံစွာတက်ရောက်ခြင်းမပြုမီ အစည်းအဝေး
စတင်ရန်အချိန်ကျရောက်စေကာမူမည်သည့်အထွေထွေအစည်း
အဝေးတွင်မှလုပ်ငန်းကိစ္စကိုဆောင်ရွက်ခြင်းမပြုရ။ ဤတွင်
အခြားနည်းသတ်မှတ်ချက်များ စီစဉ်ထားပြီးရှိသည်များမှ
တစ်ပါး အဖွဲ့ဝင်ငါးဦးတက်ရောက်ရမည်။ ထိုငါးဦး အနက်
တစ်ဦးသည်ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရကာကွယ်
ရေးဌာန ပစ္စည်းဝယ်ယူမှုညွှန်ကြားရေးမှူးရုံးမှကိုယ်စား
လှယ်ဖြစ်ရမည်။ သို့မှသာအစည်းအဝေးအထမြောက်စေသော
ဦးရေပြည့်စုံသည်ဟုသတ်မှတ်သည်။

[illegible]။ အစည်းအဝေးအတွက် ချိန်းဆိုထားသော အချိန်က [illegible]ရောက်ပြီး နာရီဝက်အတွင်း အစည်းအဝေး အထမြောက်စေ [illegible]ည်အဖွဲ့ဝင်ဦး ရေတက်ရောက်ခြင်း မရှိလျှင်၊ အဆိုပါ အစည်း [illegible]ဝေး သည်အဖွဲ့ဝင်များ တောင်းဆိုချက်အရ ခေါ်ယူထားခြင်း [illegible]ပါက ဖျက်သိမ်း ရမည်။ အခြား ကိစ္စတစ်ရပ်ရပ် ကြောင့် ဖြစ် [illegible]အစည်း အဝေး ကိုတူညီ သော နေ့၊ တူညီ သောအချိန်၊ တူ ညီ [illegible]သော နေရာ၌ပင် နောက်ရက်သတ္တပတ်သို့ ရွှေ့ဆိုင်းထားရမည်။ [illegible]ယင်း၍ ရွှေ့ဆိုင်း ထား သော နေ့ရက်တွင်ကျင်း ပမည့် အစည်း [illegible]ဝေး၌အစည်း အ ဝေး အထ မြောက် စေရန်တက် ရောက်ရမည့် [illegible]ဝင်ဦး ရေသည်ချိန်း ဆိုထား သောအချိန်က ရောက်ပြီး နာရီ [illegible]အတွင်း တက် ရောက်လာခြင်း မရှိလျှင်တက် ရောက်လာသ မျှ [illegible]သောအဖွဲ့ဝင်များ သည် အစည်း အ ဝေး အထ မြောက် စေ သည့် [illegible]ဝင်ဦး ရေဖြစ် စေရမည်။

စုံညီတက်ရောက်ခြင်း မရှိက အစည်းအဝေးကို ဖျက်သိမ်းခြင်း၊ သို့မဟုတ် ရွှေ့ဆိုင်းခြင်း။

[illegible] ဒါရိုက်တာ များ ဘုတ်အဖွဲ့၏သဘာပတိရှိလျှင် ကုမ္ပဏီ၏ [illegible]တွေ့အစည်း အ ဝေး တိုင်း ၌သဘာ ပတိအဖြစ် ဆောင်ရွက်ရ [illegible]

ဒါရိုက်တာဘုတ် အဖွဲ့၏သဘာပတိ သည်အ ထွေထွေ အစည်းအ ဝေး၏ သဘာ ပတိ ဖြစ် ရမည်။

[illegible] အဆိုပါ သဘာ ပတိမရှိလျှင် သို့မဟုတ်အစည်းအဝေး ၌ [illegible]တျင်း ပရန်သတ်မှတ်ထား သောအချိန် စေ့ ရောက်ပြီးနောက် [illegible]ယ်ငါး မိနစ်အတွင်း သဘာ ပတိတက် ရောက်လာခြင်းမ ရှိ [illegible] သို့မဟုတ်သဘာ ပတိအဖြစ် ဆောင်ရွက်ရန်သန္နိ မရှိပါက တက် [illegible]တ်လာ သောအဖွဲ့ဝင်များ သည်မိမိတို့အထဲမှတစ်ဦးကိုသဘာ [illegible]အဖြစ် ရွေး ချယ်တင် မြှောက်ရမည်။ သို့ရာတွင်ထိုသူသည် ပြည် [illegible]ောင်စုမြန်မာနိုင်ငံကာကွယ် ရေး ဝန်ကြီးဌာနပစ္စည်းဝယ် [illegible]န်ကြား ရေး မှူး ရုံးက ရွေး ချယ်ထား သော ဒါရိုက်တာ [illegible]ကြီး ဖြစ်ရမည်။

အမြဲတန်းသဘာပတိ မရောက်သည့်အခါ အထွေထွေ အစည်းအဝေး၏ သဘာပတိအဖြစ် ရွေးချယ်ခြင်း။

ရွေးဆိုင်းခြင်းများ။ ၆၀။ အစည်းအဝေးအထမြောက်စေသည့် အဖွဲ့ဝင်ဦးရေ တက်ရောက်၍အထမြောက်သောမည်သည့်အစည်းအဝေး၏သဘော တူညီချက်အရသဘာပတိသည် (ထို့ပြင်အစည်းအဝေး၏ညွှန်ကြားချက် အရဖြစ်စေ) အစည်းအဝေးကိုတစ်နေရာသို့ဖြစ်စေ၊ အချိန် တစ်ချိန်မှတစ်ချိန်သို့ဖြစ်စေ ရွေးဆိုင်းနိုင်သည်။ သို့သော်ရွေး

ရွေးဆိုင်းရန်နို့တစ်စာ။ ဆိုင်းအစည်းအဝေး၌ဆောင်ရွက်ရန်ကျန်ရှိခဲ့သည့်မပြီးပြတ်သော သောလုပ်ငန်းကိစ္စမှတစ်ပါး အခြားမည်သည့်လုပ်ငန်းကိစ္စကိုမျှ ဆောင်ရွက်ခြင်းမပြုရ။ အစည်းအဝေးအတွက်နို့တစ်စာကို မူလအစည်းအဝေးတစ်ရပ်အတွက်ကဲ့သို့ပင်ပေးပို့ရမည်။ အထက် ဖော်ပြပါအတိုင်းမှတစ်ပါး၊ အစည်းအဝေးရွေးဆိုင်းခြင်းတစ် ရပ်အတွက်ဖြစ်စေ၊ ရွေးဆိုင်းအစည်းအဝေးတစ်ရပ်တွင်ဆောင် ရွက်ရန်လုပ်ငန်းကိစ္စရပ်အတွက်ဖြစ်စေ မည်သည့်နို့တစ်စာကိုမျှ ချအပ်ပေးရန်လိုအပ်ခြင်းမရှိစေရ။

မဲပေးသူစာရင်းကို မည်ကဲ့သို့ကောက်ခံခြင်း။ ၆၁။ မည်သည့်အထွေထွေအစည်းအဝေးတွင်မဆိုဆုံးဖြတ်ချက် တစ်ရပ်အတွက်မဲပေးခြင်းကိုလက်များပြခြင်းဖြင့်ဆုံးဖြတ်နိုင် သည်။ (လက်များပြ၍ရရှိသောအဖြေကိုကြေညာနေစဉ်ဖြစ်စေ၊ ကြေညာခြင်းမပြုမီတွင်ဖြစ်စေ) သဘာပတိကဖြစ်စေ၊ အနည်း ဆုံးအဖွဲ့ဝင်ငါးဦးကဖြစ်စေမဲပေးသူစာရင်းကိုတောင်းဆို ခြင်းမပြုလျှင်၊ ထို့ပြင်မဲပေးသူစာရင်းကိုတောင်းဆိုခဲ့ပြီး မဟုတ်လျှင်၊ လက်များပြ၍မဲပေးခြင်းဖြင့်ဆုံးဖြတ်သော ဆုံး ဖြတ်ချက်တစ်ရပ်တွင်အတည်ပြုကြောင်းသို့မဟုတ်အများသဘောတူ အတည်ပြုကြောင်းသို့မဟုတ်အများစု၏သဘောဆန္ဒအရ အတည် ဖြစ်ကြောင်းသို့မဟုတ် ရှုံးနိမ့်သွားကြောင်းတို့သည်သဘာပတိ ၏ကြေညာချက်တစ်ရပ်တွင်ပါဝင်ပြီးဖြစ်သည်။ ထို့ပြင် အသိုပါ အကျိုးသက်ရောက်မှုကိုကုမ္ပဏီ၏ဆောင်ရွက်မှုမှတ်တမ်းစာအုပ် တွင်ရေးသွင်းချက်တစ်ရပ်ပြုလုပ်ခြင်းသည် ထောက်ခံမဲ သို့မဟုတ် ကန့်ကွက်မဲအရေအတွက်ကိုသော်လည်းကောင်း၊ အချိုးအဆ

ကို သော်လည်း ကောင်း ၊ သက်သေထင်ရှား ပြရန်မလိုဘဲ ယင်းဆုံးဖြတ်ချက်အတွက်လုံလောက်သည့်အပြီး သတ် သက်သေခံချက် ဖြစ် စေရမည်။

မဲပေးသူစာရင်းမည်ကဲ့သို့ ကောက်ခံခြင်း။

၆၂။ အကယ်၍မဲဆန္ဒပေးသူစာရင်းကိုနည်းလမ်းတကျ ပြုလုပ်လာပါကအစည်းအဝေးတက်ရောက်သောအဖွဲ့ငါး ဦးကိုယ်တိုင် သော်လည်း ကောင်း ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ သို့မဟုတ်အစည်းအဝေး၏သဘာပတိကဖြစ်စေ သို့မဟုတ် ဆယ်ပုံတစ်ပုံ ထက်မနည်း မဲပေးခွင့်ရှိသူထုတ်ပေးထားသည့်မတည်ငွေရင်း ပိုင်ဆိုင်သူတစ်ဦးဦးက ပုဒ်မ ၇၉ ပုဒ်မခွဲ (၁) အပိုဒ် (ဂ) အရ မဲဆန္ဒပေးသူစာရင်း တောင်းခွင့်ရှိသည်။ သဘာပတိ၏ညွှန် ကြားချက်အတိုင်း စာရင်း ကောက်ယူရမည်။ ထို့အပြင် ကောက်ယူ ရရှိသောမဲဆန္ဒစာရင်းအဖြေသည်မဲပေးသူစာရင်း ကောက်ယူရန် တောင်းဆိုသည့်အစည်းအဝေး၏ဆုံးဖြတ်ချက်ဟုမှတ်ယူရမည်။

သဘာပတိ၏ မဲပေးခြင်း။

၆၃။ လက်များပြခြင်းဖြင့်ဖြစ်စေ၊ မဲဆန္ဒစာရင်းကောက်ယူခြင်းဖြင့်ဖြစ်စေ၊ ဆောင်ရွက်ရာတွင်ဆန္ဒမဲများ တူညီနေသည့် ကိစ္စရပ်တွင်သဘာပတိသည်အစည်းအဝေးတွင်လက်ပြခြင်းဖြင့်ဖြစ်စေ၊ မဲဆန္ဒပေးသူစာရင်းတွင်ပါဝင်၍ဖြစ်စေ ဒုတိယ သို့မဟုတ် အဆုံးဖြတ်မဲတစ်မဲ ပေးပိုင်ခွင့်ရှိရမည်။

မဲစာရင်း ကောက်ယူရန် အချိန် သတ်မှတ်ခြင်း။

၆၄။ အစည်းအဝေးသဘာပတိတစ်ဦး ရွေးချယ်တင်မြှောက်ရာတွင်ဖြစ်စေ၊ အစည်းအဝေး ရွှေ့ဆိုင်းရန်ကိစ္စပေါ်ပေါက်လာလျှင်ဖြစ်စေ၊ ယင်းအတွက်ဆန္ဒမဲပေးသူစာရင်း ကောက်ယူခြင်းကိုချက်ချင်း ဆောင်ရွက်ရမည်။ အခြားမည်သည့်ကိစ္စအတွက်မဆိုတောင်းဆိုသောဆန္ဒမဲပေးသူစာရင်း ကောက်ယူခြင်းကို အစည်းအဝေးသဘာပတိ၏ညွှန်ကြားသည့်အချိန်တွင် ဆောင်ရွက်ရမည်။

<u>အဖွဲ့ဝင်များ၏မဲများ</u>

အဖွဲ့ဝင်များ၏မဲပေးပိုင်ခွင့်များ။

၆၅။ လက်များပြ၍မဲပေးခြင်းတွင်ကိုယ်တိုင်တက်ရောက်သောအဖွဲ့ဝင်တိုင်းသည်မဲတစ်မဲပေးခွင့်ရှိသည်။ မဲပေးသူစာရ[င်း] ကောက်ယူခြင်းတွင်အဖွဲ့ဝင်တိုင်းသည်မိမိပိုင်ဆိုင်သောအစုရှ[ယ်] ယာတစ်ခုစီအတွက်မဲတစ်မဲစီပေးပိုင်ခွင့်ရှိသည်။

ပူးတွဲပိုင်ဆိုင်သူများ၏မဲပေးပိုင်ခွင့်များ။

၆၆။ ပူးတွဲပိုင်ဆိုင်သူများကိစ္စ၌ဝါအရင့်ဆုံးပုဂ္ဂိုလ်ကိုယ်တို[င်] ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေပေးသောမဲတစ်မဲကို ကျန်[ရှိ] သောပူးတွဲပိုင်ဆိုင်သူများ၏မဲများအားထုတ်ပယ်လျှင် လက်[ခံ] ရမည်။ အဆိုပါ ဝါရင့်မှုကိစ္စအလို့ငှာကုမ္ပဏီမှတ်ပုံတင် စာအုပ်[တွင်] အမည်နာမရပ်တည်မှုအစီအစဉ်အတိုင်းဆုံးဖြတ်ရမည်။

ရူးသွပ်သူအဖွဲ့ဝင်၏မဲပေးပိုင်ခွင့်များ။

၆၇။ စိတ်မမှန်သူအဖွဲ့ဝင်တစ်ဦး သို့မဟုတ် စီရင်ပိုင်ခွ[င့်] အာဏာရှိသောမည်သည့်တရားရုံးကမဆိုရူးသွပ်ကြောင်းအမိ[န့်] တစ်ရပ်ချမှတ်ခံရပြီးသူအဖွဲ့ဝင်အတွက်အဆိုပါပုဂ္ဂိုလ်၏ကော်မတီ ဖြစ်စေ၊ အခြားတရားဝင်အုပ်ထိန်းသူကဖြစ်စေလက်များပြ၍ မဲပေးခြင်းစနစ်အရသော်လည်းကောင်း၊ မဲပေးသူစာရင်း ကောက်ယူခြင်းအရသော်လည်းကောင်း မဲပေးဆိုင်ခွင့်ရှိသည်။ ထို့ပြင်မဲစာရင်းကောက်ယူခြင်းနည်းဖြင့်မဲပေးရာတွင်အဆိုပါ မည်သည့်ကော်မတီ သို့မဟုတ် တရားဝင်အုပ်ထိန်းသူမဆိုကိုယ်စား လှယ်လွှဲအပ်ခြင်းဖြင့်မဲပေးနိုင်သည်။

ကာလစေ့ရောက်သည့်ကြွေးမြီပေးဆပ်ရန်ကျန်ရှိသောအဖွဲ့ဝင်များမဲပေးခွင့်မရှိခြင်း။

၆၈။ မည်သည့်အထွေထွေအစည်းအဝေးတွင်မဆို ကုမ္ပဏီတွင် မိမိပိုင်ဆိုင်သောအစုရှယ်ယာများနှင့်စပ်လျဉ်း၍ တောင်းခေါ် မှုအားလုံးအတွက်ဖြစ်စေ၊ အခြားသောငွေကြေးများကိုလော လောဆယ်ပေးချေရန်ရှိနေခြင်းများကိုဖြစ်စေပေးချေခြင်း မပြုရသေးသောအဖွဲ့ဝင်သည်မဲပေးပိုင်ခွင့်မရှိစေရ။

၉။ မဲပေးသူစာရင်း ကောက်ယူခြင်းတွင်ကိုယ်တိုင် ဖြစ် ကိုယ်တိုင်သို့ မဟုတ်ကိုယ်စားလှယ်ဖြင့်ဖြစ်စေမဲပေး နိုင်ခွင့်ရှိသည်။ သို့သော်မြန် ဟုတ်ကိုယ်စား နိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၁၀ ပါပြဋ္ဌာန်း ချက် လှယ်ဖြင့် မဲ နှင့်အညီအာဏာတည်လျက်ရှိ သောကုမ္ပဏီ၏ ဒါရိုက်တာ များ၏ ပေးခြင်း။ ပြတ်ချက်တစ်ရပ်ရှိ နေသမျှကာလပတ်လုံး ကိုယ်စားလှယ် ဖြင့် မဲ ပေးခြင်းကိုမည်သည့်ကုမ္ပဏီကမျှပြုလုပ်ခွင့်မရှိစေရ။

၁၀။ ကိုယ်စားလှယ်လွှဲအပ်ခြင်း ခံရသူတစ်ဦးကိုစာချုပ်စာ မဲပေးခွင့်ရ ဖြင့်ခန့်ထားရာတွင်လွှဲအပ်သူကိုယ်တိုင်လက်ရေးဖြင့်ဖြစ်စေ၊ ကိုယ်စားလှယ် အပ်သူကအခွင့်အာဏာပေးထားသည့်ကိုယ်စား ဆောင်ရွက်သူက လွှဲအပ်ခြင်း။ ကိုယ်တိုင်လက်ရေးဖြင့်နည်းလမ်းတကျရေးသား၍ဖြစ်စေ စာ ခန့်ထားရမည်။ အကယ်၍လွှဲအပ်သူသည်အသင်းသို့မဟုတ် အဖွဲ့ အစည်းတစ်ခုခုဖြစ်လျှင်ယင်း၏အသုံးပြုမြဲရုံးတံဆိပ်ခတ်နှိပ် လျက် သော်လည်းကောင်း၊ အခွင့်အာဏာပေးထားသည့် အရာရှိ ဦး သို့မဟုတ် ကိုယ်စားဆောင်ရွက်ခွင့်ရှိသူက သော် လည်း ကောင်းလက်ရေးဖြင့်ရေးသားလျက်လွှဲအပ်ခန့်ထား ရမည်။ မှုဥပဒေ ၇၃ ပါစည်းကမ်းချက်နှင့်အညီအဖွဲ့အစည်းအသင်း ဝင်စသည်တို့၏ကိုယ်စားလှယ်များ မှတစ်ပါးကုမ္ပဏီ၏ အဖွဲ့ဝင် တစ်ဦးမဟုတ်သူ မည်သူ့ကိုမျှမဲပေးခွင့်လွှဲအပ်ခန့်ထားခြင်းခံရ ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခွင့်မရှိစေရ။

၁၁။ ကိုယ်စားလွှဲအပ်ခြင်းခံရသူနှင့်အခွင့်အာဏာ ပေး မဲပေးခွင့်ရ ခြင်းခံရသူ သို့မဟုတ် အခြားလုပ်ပိုင်ခွင့်ပေး အပ်ခြင်း ကိုယ်စားလှယ် ရှိသူ(ရှိလျှင်)တစ်ဦးကိုခန့်ထားသည့်စာချုပ်စာတမ်းအောက် များကိုကြိုတင် ခန့်ထားသူကလက်မှတ်ရေးထိုးထားခြင်းဖြင့် သော်လည်း စာရင်းတင် ကောင်း၊ အဆိုပါအာဏာ သို့မဟုတ် လုပ်ပိုင်ခွင့်ပေးအပ်ထား သွင်းခြင်း။ ခြင်းအတွက်နိုတြီဖြင့်မှန်ကန်ကြောင်းသက်သေခံလက်မှတ် ရေး ထားသည့်စာချုပ်စာတမ်းမိတ္တူတစ်စောင်ဖြင့် သော်လည်း ကောင်းပြုလုပ်လျက် အဆိုပါ စာချုပ်စာတမ်းတွင်အမည် ဖော် ထားသူကမဲပေးရန်ကြံရွယ်သောအစည်းအဝေးကျင်း ပမည့်

အချိန်မတိုင်မီ ခုနှစ်ဆယ့်နှစ်နာရီ အောက်မနည်း စောဘဲ ကုမ္ပ…
မှတ်ပုံတင်ပြီး ရုံးတွင်တင်သွင်းပြီး ဖြစ်စေရမည်။ ထို့ အပြ…
ကိုယ်စားလွှဲအပ်ခြင်း ခံရသူအား ခန့်ထားသည့် စာချုပ်စာတ…
ပြုလုပ်တင်သွင်း ရန်ပျက်ကွက်လျှင် ယင်းကိုတရားဝင်သည် ဟုသ…
မှတ်ခြင်း မခံထိုက်စေရ။

မဲပေးရန် ကိုယ်စားလှယ်လွှဲ စာချုပ် ဆိုခြင်း။

၇၂။ ကိုယ်စားလှယ်လွှဲအပ်ခြင်း ခံရသူတစ်ဦး ဆိုင်ရာ စ…ချုပ်စာတမ်း တစ်စောင်သည် အောက်ဖော်ပြပါပုံစံအတိုင်း သေ… လည်းကောင်း၊ ဒါရိုက်တာများ လက်ခံနိုင်သောအခြား မည်သ… ပုံစံနှင့်မဆို သော်လည်းကောင်း ဖြစ်စေရမည်-

မဲပေးခွင့်ရ ကိုယ်စားလှယ် လွှဲအပ်ခြင်း ပုံစံ။

"ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတ…

အထက်ဖော်ပြပါကုမ္ပဏီ၏အဖွဲ့ဝင်တစ်ဦး ဖြစ်သ… ....နေ၊ ကျွန်ုပ် ....သည် ....နေ… ....ကျင်းပမည်ဖြစ်သောကုမ္ပဏီ၏ (သာမန် သို့မဟု… အထူး၊ ဆိုင်သင့်ရာရာ) အထွေထွေအစည်းအဝေး တွင် လည်း ကောင်း၊ ရွှေ့ဆိုင်းထားသည့်အစည်းအဝေး တွင်လည်း မဲဆ… ပေး ခွင့်ရှိသူကိုယ်စားလွှဲအပ်ခြင်း ခံရသူအဖြစ် ကျွန်ုပ်၏ကိုယ်စာ… ....နေ၊ ....အား ခန့်ထားလိုက်သည်။

......ခုနှစ်၊ ......လ ....ရက် နေ့တွ… လက်မှတ်ရေးထိုး ပါသည်။

အဖွဲ့အစည်း၊ အခြားအဖွဲ့များ၏ကိုယ်စားလှယ်များ အဖြစ်ဆောင်ရွက်ခွင့်

အဖွဲ့ဝင်အဖြစ် ပါဝင်သောအဖွဲ့ အစည်းများအ နေနှင့်ကိုယ်စား

၇၃။ ကုမ္ပဏီ၏အဖွဲ့ဝင်ဖြစ်သောမည်သည့်အဖွဲ့ အစည်း မဆို… ယင်း၏ဒါရိုက်တာလူကြီး သို့မဟုတ် အုပ်ချုပ်ရေး အဖွဲ့၏ ဆုံးဖြတ်… ချက်အရ ယင်းတို့သင့်တော်သည့်သူ သို့မဟုတ် သူများကိုယင်း၏ကိုယ်… စားပြုသူ သို့မဟုတ် ကိုယ်စားပြုသူများ အဖြစ် ဆောင်ရွက်ရန်

ကုမ္ပဏီအစည်း အဝေး သို့ စေလွှတ်နိုင်သည်။ ထို့အပြင်ကုမ္ပဏီ၏ အဖွဲ့ဝင် သို့မဟုတ် အခြား အတန်း စား အဖြစ်ပါဝင်သူနှင့် ထိုသို့ပါဝင်ရန်ခွင့် ပြထားသည့်သူ သို့မဟုတ် သူများ သည်ကုမ္ပဏီ၏ပုဂ္ဂိုလ်ကအဖွဲ့ဝင်ကဆောင် ရွက်နိုင်သည့်အခါကာလများ ကိုယင်း အဖွဲ့အစည်း ကိုယ်စား ဆောင် ရွက် ခွင့်ရှိသည်။

ပြသူနှင့် ဆောင် ရွက်ခွင့်။

ဒါရိုက်တာများ

၇၄။ ဒါရိုက်တာများ ၏အရေအတွက်နှင့်ပထမ ဦး ဆုံး သော ဒါရိုက်တာများ ၏အမည်နာမများ ကိုသင်း ဖွဲ့မှတ်တမ်း အရ အစု ရှယ်ယာပါဝင်ရန်ကတိပြုသူများ တစ ာဖြင့် ရေး သား ဆုံး ဖြတ်ရမည်။

ပထမ ဦး ဆုံး ဒါရိုက်တာ များ ။

ကုမ္ပဏီ၏ပထမဦး ဆုံး ဒါရိုက်တာများ မှာ အောက်ပါအတိုင်း ဖြစ်သည် -

၁။ ``က``အစုရှင်က ရွေး ချယ် သော ပြည် ထောင် စု မြန်မာနိုင်ငံ တော်အစိုး ရကာကွယ် ရေး ဝန်ကြီး ဌာန

အမှတ်စဉ်	အမည်	ရာထူး အဆင့်	ဌာန	လိပ်စာ
(၁)	ဗိုလ်မှူးကြီး ဒီ၊အို၊အောဘယ်(လ်)	ဦးဆောင်ညွှန် ကြားရေးမှူး	ပစ္စည်းဝယ်ယူမှုညွှန်ကြားရေးမှူး ရုံး	မော်ကွန်း တိုက်လမ်း ဒဂုံစာတိုက် ရန်ကုန်မြို့။
(၂)	ဦးမြင့်ဆွေ	ဒုတိယအထွေထွေ မန်နေဂျာ (ဝယ်ယူရေး)	ပစ္စည်းဝယ် ယူမှုညွှန်ကြား ရေးမှူး ရုံး	မော်ကွန်း တိုက်လမ်း ဒဂုံစာတိုက် ရန်ကုန်မြို့။

၂။ ``ခ'' အစုရှင်များက ရွေးချယ်သော

(၁) တပ်မတော်စစ်မှုထမ်း

အမှတ်စဉ်	အမည်	ရာထူး အဆင့်	ဌာန	လိပ်စာ
(၁)	ဗိုလ်မှူးကြီး သန်းဦး	စစ်ဥပဒေချုပ်	စစ်ဥပဒေချုပ်ရုံး	ကာကွယ်ရေးဝန်ကြီးဌာန
(၂)	ဗိုလ်မှူးကြီး ကျော်တင့်	ဖွဲ့ဘက်စစ် ထောက်ချုပ်	စစ်ထောက်ချုပ်ရုံး	ကာကွယ်ရေးဝန်ကြီးဌာန
(၃)	ဗိုလ်မှူးကြီး မင်းသိမ်း	ဖွဲ့ဘက်စစ် ရေးချုပ်	စစ်ရေးချုပ်ရုံး	ကာကွယ်ရေးဝန်ကြီးဌာန

(၂) တပ်မတော်တပ်ရင်းများ သို့မဟုတ် တပ်မတော်အခြားအဖွဲ့အစည်းတစ်ခုခု

အမှတ်စဉ်	အမည်	တပ်ရင်းသို့မဟုတ် တပ်မတော်အဖွဲ့ အစည်းတစ်ခုခု အမည်	ဌာန/ တပ်ရင်း	လိပ်စာ
(၁)	ဗိုလ်မှူးချုပ် မျိုးညွန့်	ရန်ကုန်တိုင်းစစ် ဌာနချုပ်	ရန်ကုန်တိုင်း စစ်ဌာနချုပ်	ကုန်းမြင့်သာ ရန်ကုန်မြို့။
(၂)	ဗိုလ်မှူးကြီး တင်ထွတ်	ကာကွယ်ရေးပစ္စည်း ထုတ်လုပ်ရေးစစ် မှုထမ်းအဖွဲ့များ	ကာကွယ်ရေးပစ္စည်း ထုတ်လုပ်မှုညွှန် ကြားရေးမှူးရုံး	ကာကွယ်ရေး ဝန်ကြီးဌာန
(၃)	ဗိုလ်မှူးကြီး သိန်းထွန်း	စစ်လက်နက် ပစ္စည်းစစ်မှု ထမ်းအဖွဲ့များ	စစ်လက်နက် ပစ္စည်းညွှန်ကြား ရေးမှူးရုံး	ကာကွယ်ရေး ဝန်ကြီးဌာန

(၃) မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းများအဖွဲ့ချုပ်

အမှတ်စဉ်	အမည်	ယခင်ရာထူး အဆင့်	ယခင် ဌာန	လိပ်စာ
(၁)	ဗိုလ်မှူးကြီး အောင်ကိုး (အငြိမ်းစား)	ဗိုလ်မှူးကြီး	စစ်သံမှူး ဝါရှင်တန်	စက်မှုစီမံကိန်း ဦးစီးဌာန ကမ္ဘာအေး ဘုရားလမ်း ရန်ကုန်မြို့။
(၂)	ဗိုလ်မှူးကြီးမောင်မောင် (အငြိမ်းစား)	ဗိုလ်မှူးကြီး	–	ကုန်သွယ်ရေး ဝန်ကြီးဌာန

ကုမ္ပဏီ၏ဒါရိုက်တာများသည် (၁၄) ဦး ထက်မများ (၁၀) ဦး ထက်မနည်း စေရ၊ အောက်ပါအတိုင်း ဖြစ်ရမည်–

ရွေးချယ်သူ	အများဆုံး	အနည်းဆုံး
"က" အစုရှင်		
(၁) ပစ္စည်း ဝယ်ယူမှုညွှန်ကြားရေးမှူးရုံး ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ	၃	၂
"ခ" အစုရှင်များ		
(၂) တပ်မတော်စစ်မှုထမ်း	၄	၃
(၃) တပ်မတော်တပ်ရင်း တပ်ဖွဲ့များ သို့မဟုတ်တပ်မတော်အဖွဲ့အစည်း တစ်ခုခု	၄	၃
(၄) စစ်မှုထမ်းဟောင်းများ (အဖွဲ့အစည်း/တစ်ဦးချင်း)	၃	၂
	၁၄	၁၀

ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ။

ပြည်ထောင်စုမြန်မာနိုင်ငံတော်``က``အစုရှယ်
များပိုင်ဆိုင်သူကကာကွယ်ရေးဝန်ကြီးဌာနပစ္စည်းဝယ်ယူမှုညွှ
ကြားရေးမှူးရုံးကိုယ်စားလှယ်ကရွေးချယ်ထားသည့်ဒါရိုက်
များမှပုဂ္ဂိုလ်သာလျှင်ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌဖြစ်ရမည်။

ပုံးတွဲဒါရိုက်တာ။

ပုံးတွဲဒါရိုက်တာများကို ကုမ္ပဏီများအက်ဥပ
ပုဒ်မ ၈၆ ပုဒ်မခွဲ(ခ)အရခန့်အပ်နိုင်သည်။

ဒါရိုက်တာများအတွက်ထောက်ပံ့ငွေ။

၇၅။ ဒါရိုက်တာများ၏တာဝန်ယူခြင်းအတွက်အခကြေး
ထောက်ပံ့ခြင်းကိုကုမ္ပဏီ၏အထွေထွေအစည်းအဝေးမှအခါအာ
လျော်စွာ သတ်မှတ်ပေးရမည်။

ဒါရိုက်တာတစ်ဦးဖြစ်ရန်ပိုင်ဆိုင်ရမည့်အစုရှယ်ယာများ။

၇၆။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ကာကွ
ရေးဝန်ကြီးဌာန၊ ပစ္စည်းဝယ်ယူမှုညွှန်ကြားရေးမှူးရုံး
ရွေးချယ်သည့် ဒါရိုက်တာတစ်ဦးသည်အရည်အချင်းပြည့်ရန် မ
သည့်အစုရှယ်ယာများကိုမျှပိုင်ဆိုင်ရန်မလို။

``ခ``အစုရှယ်ယာပိုင်ဆိုင်သူများကရွေးချယ်သ
ဒါရိုက်တာသည်၎င်းကိုယ်စားပြုသည့်အဖွဲ့အစည်းသို့မဟုတ် အဖွဲ့
အနေဖြင့်ဖြစ်စေ၊ ယင်း၏အမည် ယင်း၏အခွင့်အရေး အ
ဖြစ်စေ၊ ကုမ္ပဏီတွင်သာမန်တန်ဖိုးကျပ် ၁၀၀၀၀၀ /
(ကျပ်တစ်သိန်း)ရှိသော``ခ``အစုရှယ်ယာ(၁၀၀) အနည်း
ဆုံးပိုင်ဆိုင်သူဖြစ်ရမည်။

ဒါရိုက်တာများ၏အာဏာနှင့်တာဝန်များ

ကုမ္ပဏီ၏လုပ်ငန်းကိုစီမံခန့်ခွဲရန်ဒါရိုက်တာများ၏အထွေထွေအာဏာ။

၇၇။ ကုမ္ပဏီ၏လုပ်ငန်းကိုဒါရိုက်တာများကစီမံအုပ်ချုပ်
မည်။ ထိုပုဂ္ဂိုလ်တို့သည်ကုမ္ပဏီကိုပြုံးထောင်ခြင်းနှင့် မှတ်ပုံတင
ခြင်းကိစ္စရပ်အသီးသီးအတွက်ကုန်ကျစရိတ်အမျိုးအခများအာ
လုံးကိုပေးချေနိုင်သည်။ ထို့အပြင်မြန်မာနိုင်ငံကုမ္ပဏီများအက်
ဥပဒေအရဖြစ်စေ၊ လတ်တလောအချိန်တွင်တည်ဆဲဖြစ်သောမည်
သည့်ဥပဒေပြုပြင်ပြောင်းလဲချက်အရဖြစ်စေ၊ ဤသင်းဖွဲ့စည်း

ဦး များ အရဖြစ်စေ အထွေထွေအစည်းအဝေးကြီးတွင် ကုမ္ပဏီ
သုံး စွဲဆောင်ရွက်ရန်မလိုအပ်သောအာဏာများကိုယင်း ဒါရိုက်
တာများ ကသုံးစွဲနိုင်သည်။ သို့ရာတွင်ထိုသို့ဖြစ်စေကာမူ ၅ စည်း
မျဉ်း အရသတ်မှတ်ချက်တစ်ခုကိုလည်း ကောင်း ၊ အဆိုပါအက်ဥပဒေ
ပြဋ္ဌာန်း ပြောင်းလဲချက်များကိုလည်း ကောင်း ၊ အထွေထွေအစည်း
အဝေးကြီး တွင်ကုမ္ပဏီကဆိုခဲ့သောဥပဒေပြဋ္ဌာန်း ချက်များ နှင့်
ကိုက်ညီခြင်း မရှိသည်လည်း မဟုတ်သောစည်းမျဉ်း များ ကို လည်း
ကောင်း ဒါရိုက်တာများ ကလိုက်နာရမည်။ သို့ရာတွင် ကုမ္ပဏီက
ပြဋ္ဌာန်းသောမည်သည့်စည်းမျဉ်း ကမျှအဆိုပါစည်းမျဉ်းကို အထွေထွေ
အစည်းအဝေး တွင်ပြုခဲ့သည်မဟုတ်လျှင်နိုင်လုံလိမ့်မည် ဖြစ် သော
ဒါရိုက်တာများ ၏ယခင်ပြုလုပ်မှုတစ်ခုခုကိုမနိုင်လုံ သည် မ ဖြစ်
စေရ။

မန်နေဂျင်း ဒါရိုက်တာသည် ကုမ္ပဏီ၏ဦးစီး အလုပ် မန်နေဂျာ
အဖြစ်ဆောင်ဖြစ်စေရမည်။ ထို့ပြင် ဒါရိုက်တာအဖွဲ့က ရွေးချယ် သို့ မဟုတ်
ခန့်ထားရမည်။ ၎င်းတို့သင့်လျော်သော အချိန်ကာလ နှင့် မန်နေဂျင်း
သင့်လျော်သော ထောက်ပံ့ကြေး (လခစား သို့မဟုတ် ကော်မရှင် ဒါရိုက်တာခန့်
သို့မဟုတ် အမြတ်ဝေစုခံစား ခွင့် သို့မဟုတ် တစ်မျိုးစီကို တစ် ထားခြင်း ။
မျိုးတစ်ဒေသခံစား ခွင့်)ကို ၎င်းတို့ကသင့်လျော်သည် ဟုထင်
မြင်သည့်အတိုင်း ပေး၍ ခန့် ထား နိုင်သည်။ ထို့ပြင် ယင်း
ခန့်ထားခြင်း ခံရသော ဒါရိုက်တာတစ်ဦး သည် ထိုရာထူး
တွင်ရှိနေဆဲကာလအတွင်း အလှည့်ကျအနားယူ စေ ခြင်း သော်
လည်း ကောင်း ၊ ထိုကဲ့သို့ အလှည့်ကျအနားယူ စေ ရန်ထည့်သွင်း
တွက်ချက်ဦး စား ဆုံး ဖြတ်ခံရခြင်း သော်လည်း ကောင်း မ ရှိစေရ။
သို့သော်ထိုသူသည်အကြောင်း ကိစ္စတစ်ခုခုကြောင့် ဒါရိုက်တာတစ်ဦး
အဖြစ်မှ အကယ်၍ရပ်စဲသွား စေလျှင်အဆိုပါခန့်ထား မှုကို ရှိရင်း
ခြေအနေများ အပေါ်မူတည်၍ဆုံး ဖြတ်ရမည့်ကိစ္စရပ်ဟုမှတ်ယူ

ရမည် သို့မဟုတ် အဆိုပါပုဂ္ဂိုလ်၏မန်နေဂျင်း ဒါရိုက်တာရာ
လက်ရှိထား ခွင့်ကိုအထွေထွေအစည်းအဝေးကြီး မှ ဆုံးဖြ
ပေး ရမည်။

ထုတ်ဝေပြီး မတည်ငွေရင်း ထက်ပိုလွန်သောချေးယူထားသည့်ကြွေးမြီ။

၇၈။ ယခုလတ်တလောအချိန်တွင်ဒါရိုက်တာများသည်ကု
အတွက် ချေးငှားယူခြင်းဖြင့်သော်လည်းကောင်း ၊ အခြာ
နည်းဖြင့်သော်လည်းကောင်း ၊ (အစုရှယ်ယာမတည်ငွေ ရ
ထုတ်ဝေခြင်းအပြင်) ရရှိထားသောငွေကြေးအနက်မရှင်းလ
ရသေးသဖြင့်ကျန်ရှိနေသည့်ငွေပမာဏသည်မည်သည့်အချိန်၌မ
ကုမ္ပဏီ၏အထွေထွေအစည်းအဝေး၏ခွင့်ပြုချက်မရဘဲထုတ်ဝေပြ
သောအစုရှယ်ယာမတည်ငွေရင်းထက်ပိုလွန်ခြင်း မရှိစေရ။

မှတ်ပုံတင်စာရင်းစသည်များပြုစုခြင်း ။

၇၉။ ဒါရိုက်တာများသည် ၁၉၅၀ပြည့်နှစ်၊ အထူးကုမ္
အက်ဥပဒေမြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ သို့ မဟု
ဆိုခဲ့သောဥပဒေပြုပြင်ပြောင်းလဲချက်များအတိုင်းနည်းလမ်
တကျလိုက်နာပြီး ၊ ကုမ္ပဏီနှင့်ကုမ္ပဏီကဖန်တီးသောပစ္စည်းဥစ္
များဆိုင်ရာပေါင်နှံခြင်းအခကြေးငွေကိစ္စရပ်များ မှတ်ပုံ
တင်စာရင်းပြုစုထားခြင်းကိုလည်းကောင်း ၊ ဒါရိုက်တာ
များစာရင်းကိုမှတ်ပုံတင်ခြင်းတစ်ရပ်ပြုလုပ်ထားခြင်းကို
သော်လည်းကောင်း ၊ မှတ်ပုံတင်အရာရှိထံအဖွဲ့ဝင်စာရင်းကို
နှစ်စဉ်ပေးပို့ခြင်းကိုသော်လည်းကောင်း ၊ ယင်းကိစ္စရပ်
များဆိုင်ရာအကြောင်းအကျဉ်းတစ်စောင်ကိုလည်းကောင်း
မတည်ငွေရင်းစုစည်းခြင်း သို့မဟုတ် တိုးချဲ့ခြင်း အတွ
အသိပေးအကြောင်းကြားစာ၊ နို့တစ်စာပေး ပို့ခြင်းကို
လည်းကောင်း ၊ အထူးဆုံးဖြတ်ချက်မိတ္တူများပေးပို့ခြင်းကိုလည်း
ကောင်း ၊ ဒါရိုက်တာများစာရင်းမိတ္တူတစ်စောင်ပေးပို့ခြင်း
ကိုလည်းကောင်း ၊ အခြားအပြောင်းအလဲများဆိုင်ရာအကြောင်း
ကြားစာများ ပေးပို့ခြင်းများကိုလည်းအထူးသဖြင့် ယင်း
ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီပြုလုပ်ရမည်။

၀။ ဒါရိုက်တာများ သည် အောက်ပါကိစ္စအတွက်ထား ရှိသော အစည်းအဝေး ာအုပ်များ တွင် ရေးသွင်း မှတ်တမ်း တင်ထား စေရမည်- မှတ်တမ်းများ။

(က) ဒါရိုက်တာများ ကအရာရှိများ ခန့်ထားခြင်း ကိစ္စအားလုံး ၊

(ခ) ဒါရိုက်တာများ ၏အစည်းအဝေး အသီးသီးတွင် လည်းကောင်း ၊ ဒါရိုက်တာများ ၏ မည်သည့် ကော်မတီမဆိုအစည်းအဝေး အသီး သီးတွင် လည်းကောင်း တက်ရောက်သော ဒါရိုက်တာများ ၏အမည်များ ၊

(ဂ) ကုမ္ပဏီ၏အစည်းအဝေး များ ၊ ဒါရိုက်တာများ ၏အစည်းအဝေး များ ၊ ဒါရိုက်တာများ ၏ ကော်မတီများ အစည်းအဝေး အားလုံး တွင်ပြုလုပ်သောဆုံးဖြတ်ချက်များ နှင့် ဆောင်ရွက်ချက်များ အားလုံး ။

ထို့ပြင် မည်သည့် ဒါရိုက်တာများ အစည်းအဝေးသို့မဟုတ် ဒါရိုက်တာများ ၏ ကော်မတီအစည်းအဝေး သို့တက်ရောက် သော ဒါရိုက်တာတိုင်း သည်ယင်း ကိစ္စအလို့ငှာထား ရှိသော စာအုပ်တွင် လက်မှတ် ရေး ထိုး ရမည်။

၁။ ကုမ္ပဏီ၏တံဆိပ်ကို ဒါရိုက်တာဘုတ်အဖွဲ့၏ဆုံးဖြတ်ချက်အရ တာဝန် ပေး အပ်ခြင်း ခံရသူဖြစ် စေ၊ ဒါရိုက်တာအနည်း ဆုံးနှစ် ဦး နှင့်အတွင်း ရေး မှူး သို့မဟုတ် ယင်းကိစ္စအလို့ငှာ ဒါရိုက်တာ များ ကခန့်ထား သောအခြား ပုဂ္ဂိုလ် ရှေ့ မှောက်တွင် ဖြစ် စေမှ တပါး မည်သည့်စာချုပ်စာတမ်း တစ်ခုခုတွင်မှခတ် နှိပ် ခြင်း မပြုရ ဖော်ပြပါဒါရိုက်တာနှစ်ဦး နှင့်အတွင်း ရေးမှူး သို့မဟုတ် ကုမ္ပဏီတံဆိပ် ခတ်နှိပ်ရန် စည်းကမ်းများ။

အဆိုပါ အခြား ပုဂ္ဂိုလ်တို့သည် မိမိတို့၏ ရှေ့မှောက်တွင်ကုမ္ပ
တံဆိပ်ကိုခတ်နှိပ်ထား သောစာချုပ်စာတမ်း တိုင်းတွင်မိ
တို့ရှေ့မှောက်၌ခတ်နှိပ် ကြောင်း လက်မှတ်ရေးထိုး ရမည်။

ဒါရိုက်တာများ ခန့်ခြင်းနှင့်အရည်အချင်း ပျက် ယွင်း ခြင်း

ဒါရိုက်တာများခန့်အပ်ခြင်းနှင့်ပတ်သက်၍ကန့်သတ်ချက်များ ။

၁၂။ အဖွဲ့စည်းမှုဥပဒေများကို မှတ်ပုံတင်ခြင်း မပြု
လုပ်မီ မှတ်ပုံတင်အရာရှိထံတွင် ဒါရိုက်တာအဖြစ် ဆောင်ရွက်
ကို ကြောင်း စာဖြင့် လက်မှတ်ရေးထိုး၍တင်သွင်း သူ မဟုတ်
လျှင် အဖွဲ့စည်းမှုဥပဒေတွင် ဒါရိုက်တာအဖြစ်ခန့်အပ်ခြင်း မ
ပြုရ။

ဒါရိုက်တာရာထူးလစ်လပ်ခြင်း ။

၁၃။ ဒါရိုက်တာရာထူး သည်ဒါရိုက်တာ သို့ မဟုတ် ယင်း
ကိုယ်စားပြုသည့်အဖွဲ့ သို့မဟုတ် အဖွဲ့အစည်းနှင့်ပတ်သက်၍အောက်
ပါကိစ္စ တစ်ခုခု ပေါ် ပေါက်လျှင်လစ်လပ် စေရမည်-

(က) ခန့်ထားပြီး နှစ်လအတွင်း ရာထူး ရယူ
ရန် သော်လည်းကောင်း ၊ ထို့နောက်မည်
သည့်အချိန်မဆိုမိမိအား ဒါရိုက်တာ ရာထူး
ခန့်ထား ရန်အရည်အချင်း ပြည့်စုံစေရေး
အတွက် ပိုင်ဆိုင်ရန်လိုအပ် သောအစု ရှယ်ယာ
အမျိုး အစား (ရှိလျှင်) ကိုမိမိက ပိုင် ဆို
ခြင်း မှ ရပ်စဲလျှင်၊

(ခ) စိတ် ပေါ့သွပ်သူဖြစ် ကြောင်း စီရင် ပိုင်ခွင့်
အာဏာရှိတရား ရုံး မှ တွေ့ရှိလျှင်၊

(ဂ) လူမွဲအဖြစ်စီရင်ခံရလျှင်၊

(ဃ) မိမိ သို့မဟုတ် မိမိကိုယ်စားပြုသော အဖွဲ့တစ်ခုခု သို့မဟုတ် အဖွဲ့အစည်း ပိုင်အစုရှယ်ယာများ အပေါ် တောင်းခံခြင်းများကို တောင်းခေါ်ပြီးသည့်နေ့မှ ခြောက်လအတွင်း ပေးဆပ်ရန်ပျက်ကွက်လျှင်၊

(င) ကုမ္ပဏီအထွေထွေအစည်းအဝေး၏ဆုံးဖြတ်ခွင့်ပြုချက်မရှိဘဲ မန်နေဂျင်းဒါရိုက်တာ သို့မဟုတ် မန်နေဂျာ သို့မဟုတ် ဥပဒေ သို့မဟုတ် ကျွမ်းကျင်မှုဆိုင်ရာအကြံပေး သို့မဟုတ် ငွေထိန်းမှတစ်ပါး ကုမ္ပဏီထံမှအခြားအကျိုးအမြတ်ရရှိနိုင်သောမည်သည့်ရာထူးကိုမဆို လက်ခံခြင်း သို့မဟုတ်တာဝန်ယူခြင်းကိုပြုလျှင်၊

(စ) ဒါရိုက်တာများဘုတ်အဖွဲ့ထံပျက်ကွက်ခြင်းအတွက် ခွင့်ပန်ခြင်းမရှိဘဲ ဒါရိုက်တာများအစည်းအဝေးသို့သုံးကြိမ်ဆက်တိုက်တက်ရောက်ရန်ပျက်ကွက်ခြင်း သို့မဟုတ် ဒါရိုက်တာများအစည်းအဝေးအားလုံးကိုတစ်ဆက်တည်းဖြစ်သော သုံးလတာအထိတက်ရောက်ရန်ပျက်ကွက်ခြင်းတို့ အနက်အချိန်ပို၍ကြာရှည်သောကာလကို ကျော်လွန်လျှင်၊

(ဆ) ကုမ္ပဏီမှချေးငွေ သို့မဟုတ် အာမခံတစ်ခု လက်ခံရယူလျှင်၊

(ဇ) ကုမ္ပဏီနှင့်ပြုလုပ်သော ကန်ထရိုက်တစ်ခုခု၏ အကျိုးအမြတ်နှင့်ဆက်စပ်နေလျှင်သို့မဟုတ်ပါဝင်ခံစားခြင်းရှိလာလျှင်၊

(ဈ) ခြောက်လထက်ပိုသော ထောင်ဒဏ်ချမှတ်ခြင်းခံရလျှင်။

သို့ရာတွင် မည်သို့ပင်ဖြစ်စေကာမူ ဒါရိုက်တာ တစ်
သည်ဒါရိုက်တာများ၏ခွင့်ပြုချက်ဖြင့်ကုမ္ပဏီနှင့်ကန်ထရိုက် လုပ်ငန်း
သို့မဟုတ်လုပ်ငန်း ဆောင်ရွက်မှုပြုသောအခြား မည်သည့် ကုမ္ပ
သို့မဟုတ် အစုစပ်လုပ်ငန်း၏အစုဝင် သို့မဟုတ် အခြား သူတစ်
နှင့်စပ်တူလုပ်သောလုပ်ငန်းတွင်မဆိုအဖွဲ့ဝင်တစ်ဦး ဖြစ်နေ
နှင့်အဆိုပါသူ၏ရာထူး နေရာလစ်လပ်စေရမည်ဟုမဖြစ်စေ ရ
ဒါရိုက်တာသည် ယင်းကန်ထရိုက် သို့မဟုတ် လုပ်ငန်း ဆောင်ရွ
တွင် သူမည်၍ မည်မျှပါဝင်ထား ကြောင်း ဖော်ပြရမည်။ သို့သော
ယင်းကိစ္စနှင့်ဆက်နွယ်နေသောမဲပေး မှုများ တွင်သာမဲပေး
မရှိစေရ။ အကယ်၍မဲပေး မိလျှင် ယင်း မဲကို ရေတွက်ခြင်းမပြု

ဒါရိုက်တာများအလှည့်ကျ ဆောင်ရွက်ခြင်း

ဒါရိုက်တာများ နုတ်ထွက်ခြင်း။

၁၄။ ကုမ္ပဏီ၏ပထမဦး ဆုံး သောသာမန်အစည်း အဝေး
ဒါရိုက်တာများ အား လုံး နုတ်ထွက် ပေး ရမည်။ ယင်း နောက်
စဉ်ကျင်း ပသော သာမန်အစည်း အဝေး တိုင်း တွင်ယင်း ကာ
ဆောင်ရွက် နေ သော ဒါရိုက်တာများ ၏သုံး ပုံတစ်ပုံသို့မဟုတ်အကယ်
အရေအတွက်သည် သုံး ဦး မဟုတ်လျှင် သို့မဟုတ် သုံး နှင့် စား
မပြတ်လျှင်အနီး စပ်ဆုံး သုံး ပုံတစ်ပုံဖြစ် သော ဒါရိုက်တာများ အ
အတွက်သည်နုတ်ထွက် ပေး ရမည်။

နုတ်ထွက်ရမည့် ဒါရိုက်တာများ ရွေးချယ်ခြင်း။

၁၅။ ထိုသို့နှစ်စဉ်နှစ်တိုင်း ဒါရိုက်တာရာထူး မှ နုတ် ထွက်ပေ
ရမည့်ကိစ္စရပ်၌ထိုရာထူး တွင်အကြာရှည်ဆုံး တည်ရှိ နေသူ ဒါရိုက်တ
များ ဖြစ်လာသူများ အနက်မှမည်သူနုတ်ထွက် ပေး ရမည် နည်း
သောကိစ္စ ပေါ် ပေါက်ခဲ့လျှင် (အချင်း ချင်း သဘောတူညီချက် အ
မှတစ်ပါး) မဲနှိုက်၍ဆုံး ဖြတ်ရမည်။

နှုတ်ထွက်အနားယူသွားသောဒါရိုက်တာတိုင်းသည်ပြန် ...ရွေးချယ်ခံပိုင်ခွင့်ရှိစေရမည်။ — ပြန်လည်အရွေးချယ်ခံပိုင်ခွင့်။

ကုမ္ပဏီသည်အထက်ဖော်ပြပါနည်းလမ်းအတိုင်းဒါရိုက်တာ ...ဦး ကအထွေထွေအစည်းအဝေးတွင်နှုတ်ထွက်သွားသည့်အခါ ...အစည်းအဝေး၌ပင်လစ်လပ်သွားသောရာထူး နေရာကို ...အစုနှင့် "ခ" အစုရှင်တို့ကအပိုဒ် ၇၄တွင်ဖော်ပြထားသည့် ...အများဆုံးနှင့်အနည်းဆုံး ဦး ၇ နှင့် အညီ ...တစ်ဦးအားအစားထိုးရွေးချယ်နိုင်သည်။ — လစ်လပ်ရာထူးအတွက်အစားထိုးခြင်း။

အကယ်၍ဒါရိုက်တာများရွေးချယ်ခန့်ထားရမည် ...သောမည်သည့်အစည်းအဝေး၌မဆိုလစ်လပ်သွားသောဒါရိုက် ...ရာထူးနေရာများကိုအောင်မြင်စွာဖြည့်ဆည်းခြင်းမပြု ...နိုင်ခဲ့ပါက၊ ထိုအစည်းအဝေးကိုနောက်ရက်သတ္တပတ်သို့ထိုနေ ...တူ၊ ထိုနေ့တူ၊ ထိုအချိန်တူအတိုင်းရွှေ့ဆိုင်းအစည်းအဝေးဆက် ...တင်းပပေး၍၊ ယင်းအစည်းအဝေး၌လည်းလစ်လပ်ရာ ...ဖြည့်ဆည်းခြင်းမအောင်မြင်သေးပါကအဆိုပါလစ်လပ်သွား ...ရာထူးတွင်ဆောင်ရွက်ခဲ့သူဒါရိုက်တာများကိုပင်လျှင်ပြန် ...ရွေးချယ်လိုက်သည်ဟုမှတ်ယူရမည်။ — မဖြည့်ဆည်းသေးသည့်လစ်လပ်ရာထူးများ။

မြန်မာကုမ္ပဏီများအက်ဥပဒေပုဒ်မ ၈၃ က နှင့် ...ခ ပါပြဋ္ဌာန်းချက်များကိုလိုက်နာလျက်ကုမ္ပဏီသည်အထွေထွေ ...အစည်းအဝေးများတွင်ဒါရိုက်တာများအရေအတွက်တိုး မြှင့် ...ခြင်းသို့မဟုတ်လျှော့ချခြင်းကိုအခါအားလျော်စွာပြုပြင်ခွင့်ရှိပြီး ...တိုးမြှင့်ခြင်းသို့မဟုတ်လျှော့ချခြင်း၌မည်ကဲ့သို့အလှည့်ကျနှုတ် ...ရမည့်အရေအတွက်ကိုလည်းပြင်ဆင်သတ်မှတ်ခွင့်ရှိသည်။ ထိုသို့ ...မြှင့်ခြင်းသို့မဟုတ်လျှော့ချခြင်း၌ ``က'' သို့မဟုတ် ``ခ'' ...အစုရှင်များအနေဖြင့်တစ်ဘက်ဘက်မှရွေးချယ်ရမည့်အများဆုံး ...နှင့်အနည်းဆုံးဒါရိုက်တာဦးရေကိုသတ်မှတ်သည့်စည်းမျဉ်း ၇၄ ...နှင့်မည်သို့မျှမဆန့်ကျင်စေရ။ — ဒါရိုက်တာများအရေအတွက်ကိုကုမ္ပဏီကတိုးမြှင့်သို့မဟုတ်လျှော့ချနိုင်ခြင်း။

ရှောင်တခင် လစ်လပ်သော ရာထူးတွင် ဒါရိုက်တာများ ကအစားထိုး နိုင်ခြင်း။

၉၀။ မည်သည့် ရှောင်တခင် ပေါ် ပေါက်လာ သော ဒါရိုက်တ
ဘုတ်အဖွဲ့ဝင်ရာထူး နေရာလစ်လပ်ခြင်း တစ်ခုခုအတွက်မဆို ဒါရ
တာများ ကဖြည့်ဆည်း နိုင်ခွင့်ရှိသည်။ သို့သော်ထိုသို့ဖြည့်ဆည်း
ချယ်လိုက် သော ဒါရိုက်တာသည် နှုတ်ထွက်ခြင်း အလို့ငှာထိုသို့ ရွေးချ
ခံရ သော နေရာတွင် မူလဒါရိုက်တာ ဟောင်း ရှိခဲ့လျှင် နှုတ်ထွက်
ရမည့်ကာလအတိုင်း သာဖြစ်ရမည်။

တွဲဖက်ဒါရိုက်တာခန့်ထားရန်ဒါရိုက်တာများ၏ အာဏာ ။

၉၁။ ဒါရိုက်တာများ သည်မည်သည့်အချိန်၌ မဆိုအခါ အာ
လျော်စွာတွဲဖက်ဒါရိုက်တာအဖြစ်ပုဂ္ဂိုလ်တစ်ဦး အား ခန့်ထား ပို
ခွင့်အာဏာ ရှိရမည်။ ထိုတွဲဖက်ဒါရိုက်တာသည် နောက်တစ်ကြိမ်အ
လက်ကျရောက် သောသာမန်အထွေထွေအစည်း အဝေး ကြီး၌ နှ
ထွက် ပေး ရမည်။ သို့သော်ထိုအစည်း အဝေး၌တွဲဖက် ဒါရိုက်တ
တစ်ဦး အဖြစ်ကုမ္ပဏီက ရွေး ချယ်ခန့်ထား ပိုင်ခွင့်ရှိ စေရမည်။

ဒါရိုက်တာများ အား ထုတ် ပယ် ခြင်း ။

၉၂။ ကုမ္ပဏီသည် မည်သည့် ဒါရိုက်တာတစ်ဦး ကိုမဆို ထို သူ
ရာထူး သက်တမ်း မကုန်ဆုံး မီအထူး ဆုံး ဖြတ်ချက်ဖြင့် ထုတ်ပယ်နို
ပြီး ထိုရာထူး အတွက် အခြား ပုဂ္ဂိုလ် တစ်ဦး ကို သာ မ
ဆုံး ဖြတ်ချက်ဖြင့် ထိုသူအစား ခန့်ထား နိုင်သည်။ သို့သော် ထို
ခန့်ထား ခြင်း ခံရသူ ဒါရိုက်တာ၏ ရာထူး သက်တမ်း သည် မိ
အစား ဝင်ရောက်လာ သော နေရာတွင် ဆောင်ရွက်ခဲ့ သေ
ဒါရိုက်တာ၏ ရာထူး သက်တမ်း အတိုင်း သာဖြစ်သည်။

ဒါရိုက်တာများ၏ ဆောင်ရွက်ချက်များ

ဒါရိုက်တာများ၏ အစည်းအဝေးများ။

[illegible]။ ဒါရိုက်တာများသည် မိမိတို့ သင့်လျော်သည်ဟုထင်မြင် [illegible]ညီအတိုင်း လုပ်ငန်း ဆောင်ရွက်ရေး အတွက်အတူတကွစည်းဝေး [illegible]၍ မိမိတို့၏ အစည်းအဝေး များကို ရွှေ့ ဆိုင်း ခြင်း [illegible]အခြား နည်း ဖြင့် သတ်မှတ်လျက် အစည်းအဝေး များပြု [illegible]နိုင်သည်။ မည်သည့်အစည်းအဝေး တွင်မဆို ပေါ် ပေါက် [illegible]သော ပြဿနာများ ကို မဲများ ရာဖြင့် ဆုံး ဖြတ်ရမည် ။ [illegible]ဆုံး ဖြတ်ရာ၌ မဲအရေအတွက်ခြင်း တူညီနေသည့်ကိစ္စ ရပ်၌ [illegible]ပတိသည် ဒုတိယ သို့မဟုတ် ဆုံး ဖြတ်မဲ ပေး ပိုင် ခွင့် ရှိ[illegible]ည်။ မည်သည့် အချိန်၌မဆို ဒါရိုက်တာ တစ်ဦးဦး၏တောင်း [illegible]ချက်အရ ဒါရိုက်တာများ အစည်းအဝေး ကိုအတွင်း ရေး မှူး [illegible]ခေါ် ပေး ရမည်။ သို့မဟုတ် ဒါရိုက်တာ တစ်ဦး က ခေါ် [illegible]နိုင်သည်။

အစည်းအဝေး အထမြောက် စေမည့် ဦးရေ။

[illegible]။ ဒါရိုက်တာများ ၏လုပ်ငန်း ဆောင်ရွက်မှု အ စည်း [illegible]ဝေး အထ မြောက် စေ ရေး အတွက် လိုအပ် သော ဦး ရေ ကို [illegible]ရိုက်တာများ က သတ်မှတ် နိုင်သည်။ ထိုသို့ သတ်မှတ်ထား ခြင်း [illegible]မရှိလျှင် လက်ရှိ ဒါရိုက်တာဦး ရေ၏အနည်း ဆုံး ငါးဆယ်ရာနှုန်း [illegible] ဖြစ်ပြီး ယင်း တို့အနက်အနည်း ဆုံး ထက်ဝက်သည် ပ ဓာန [illegible]ယာ မှူးကြား ရေး မှူး ရုံး က ရွေး ချယ် သော သူများ ဖြစ် [illegible]မည်။ ထိုသို့တွက် ချက် ရာ၌အပိုင်း ဂဏန်း များ ကို ကိန်း ပြည့် [illegible]ဖြစ်တွက် ချက် ရမည်။

အစည်းအဝေး အထမြောက်စေမည့် ဦးရေ အောက်လျော့နည်းသည့်အခါ ဆက်လက်ဆောင်ရွက်နေသော ဒါရိုက်တာ၏ လုပ်ပိုင်ခွင့် ခွင့်နှင့်ကန့်သတ်ချက်။

၉၅။ ဆက်လက်ဆောင်ရွက်နေသောဒါရိုက်တာများ သ
မိမိတို့အဖွဲ့ဝင် လစ်လပ်ခြင်းတစ်ခုခုရှိစေကာမူ ဆောင်ရွ
နိုင်သည်။ သို့ရာတွင် ထိုသူတို့၏ ဦးရေသည် ဒါရိုက်တာများ
အစည်းအဝေး အထမြောက်စေရန် ဦးရေအဖြစ်ဖြင့်၍စည်
မျဉ်းကသတ်မှတ်ထားသော သို့မဟုတ် စည်းမျဉ်းကို လိုက်န
ရသော ဦးရေ အောက်လျော့နေလျှင် လည်းကောင်း
လျော့နေသမျှကာလပတ်လုံး လည်းကောင်း ဆက်လက်ဆော
ရွက်နေသော ဒါရိုက်တာများသည် အဆိုပါ ဦးရေ အ
ဒါရိုက်တာများ ဦးရေကိုတိုးမြှင့်ခြင်း သို့မဟုတ် ကုမ္ပဏီအ
ထွေအစည်းအဝေးတစ်ရပ်ခေါ်ဆိုခြင်းအလို့ငှာ ဆောင်ရွ
နိုင်သည်။ အခြားကိစ္စအလို့ငှာဆောင်ရွက်နိုင်ခွင့်မရှိ။

သဘာပတိကို ဒါရိုက်တာများက ရွေးချယ်နိုင်ခြင်း။

၉၆။ ဒါရိုက်တာများသည် မိမိတို့၏အစည်းအဝေး သဘာ
ပတိကိုပစ္စည်း ဝယ်ယူမှုညွှန်ကြား ရေးမှူးရုံးကတင်မြှောက်သည့်ဒါရို
တာများ နက်မှ ရွေးချယ်ရမည့်အပြင်ထိုရာထူး လက်ရှိထားရ
ဖြစ်သောကာလအပိုင်း အခြားကိုသတ်မှတ်ရမည်။ သို့ရာတွင်အဆို
သဘာပတိကို ရွေးချယ်ထားသည်မဟုတ်လျှင် သို့မဟုတ် အစည်း
အဝေးတစ်ခုခုတွင်ကျင်းပရန်သတ်မှတ်ထားသည့်အချိန် ရော
ရှိပြီး ငါးမိနစ်အတွင်း သဘာပတိအဖြစ်ဆောင်ရွက်ရန်မရော
လျှင်၊ တက်ရောက်သောဒါရိုက်တာများ သည်အလှည့်ကျ သဘာပတိ
ကိုအစည်းအဝေး၏သဘာပတိအဖြစ် ရွေးချယ်စေရမည်။ သဘာ
ပတိနှင့်အလှည့်ကျသဘာပတိသည်ပစ္စည်း ဝယ်ယူမှုညွှန်ကြား ရေးမှူ
ရုံးက ရွေးချယ်တင်မြှောက်သည့်ဒါရိုက်တာများ ထဲမှ မည်သူမဆို
ဖြစ်ရမည်။

၉၇။ ဒါရိုက်တာများသည် မိမိတို့၏ မည်သည့်အာဏာများကိုမဆို မိမိတို့သင့်လျော်သည်ဟု ထင်မြင်သည့်အဖွဲ့ဝင် သို့မဟုတ်အဖွဲ့ဝင်များ ပါဝင်သော ကော်မတီများသို့ လွှဲအပ်နိုင်သည်။ ထိုသို့လွှဲအပ်ထားသောအာဏာများကိုသုံးစွဲ ဆောင်ရွက်ရာတွင် ထိုသို့ဖွဲ့စည်းထားသည့် မည်သည့်ကော်မတီမဆို ဒါရိုက်တာများကထိုသူတို့အပေါ်တွင် တာဝန်ပေးထားသည့်စည်းမျဉ်းများအတိုင်း လိုက်နာဆောင်ရွက်ရမည်။

၉၈။ ကော်မတီတစ်ခုသည် မိမိတို့အစည်းအဝေး၏သဘာပတိကို ရွေးချယ်ထားနိုင်သည်။ ထိုသို့ရွေးချယ်မထားလျှင် သို့မဟုတ် ရွေးချယ်ထားသော သဘာပတိကအဆိုပါအစည်းအဝေးကျင်းပရန်သတ်မှတ်ချိန် ရောက်ရှိပြီး ငါးမိနစ်အတွင်း သဘာပတိအဖြစ် ဆောင်ရွက်ရန် ရောက်ရှိမလာလျှင် တက်ရောက်သူအဖွဲ့ဝင်များအနက်မှ တစ်ဦးဦးကိုသဘာပတိအဖြစ် ရွေးချယ်နိုင်သည်။

၉၉။ ကော်မတီတစ်ခုသည် သင့်လျော်သည်ဟုယူဆသည့်အတိုင်း တွေ့ဆုံစည်းဝေးခြင်းနှင့် ရွှေ့ဆိုင်းခြင်းတို့ကိုပြုလုပ်နိုင်သည်။ မည်သည့်အစည်းအဝေးတွင်မဆို ဆုံးဖြတ်ရန်အကြောင်းကိစ္စ ပေါ်ပေါက်လာသော ကိစ္စရပ်များကို မဲများဖြင့်ဆုံးဖြတ်ရမည်။ ထိုပြင်အကယ်၍ မဲအရေအတွက်တူညီနေပါက သဘာပတိသည် ဒုတိယ သို့မဟုတ် ဆုံးဖြတ်မဲပေးပိုင်ခွင့်ရှိရမည်။

၁၀၀။ ဒါရိုက်တာများ၏ မည်သည့်အစည်းအဝေး က မဆို သို့မဟုတ် ဒါရိုက်တာများ၏ ကော်မတီတစ်ခုခု၏အစည်းအဝေး က သို့မဟုတ် ဒါရိုက်တာတစ်ဦး အဖြစ် ဆောင်ရွက် နေ သော မည်သည့်ပုဂ္ဂိုလ်က မဆိုပြုလုပ်သော ဆောင်ရွက်ချက်များ အားလုံးသည် အဆိုပါမည်သည့်ဒါရိုက်တာကိုမဆို သို့မဟုတ် အထက်ဆိုခဲ့သည့်အတိုင်း ဆောင်ရွက်နေသော ပုဂ္ဂိုလ်များ၌ မည်သူ့ကိုမဆို ခန့်ထားရာတွင် ချွတ်ယွင်းချက်တစ်ခုခုရှိခဲ့ကြောင်း သို့မဟုတ် အဆိုပါ

သူတို့အားလုံးကို သော်လည်းကောင်း၊ ထိုသူတို့အနက်တစ်ဦးဦးကို သော်လည်းကောင်း အရည်အချင်းပျက်ယွင်းခဲ့ကြောင်းနှောင် အခါတွင် တွေ့သိစေကာမူ အဆိုပါသူတစ်ဦးသည်ကျန်စွာခန့်ထားခြင်းခံရ၍အရည်အချင်းပြည့်စုံသောဒါရိုက်တာတစ်ဦးဖြစ်ဘိ သကဲ့သို့ခိုင်လုံစေရမည်။

အမြတ်ဝေစုများနှင့်သီးသန့်ရန်ပုံငွေ

၁၀၁။ ကုမ္ပဏီသည်အထွေထွေအစည်းအဝေးတွင်အမြတ်ဝေစုများကိုကြေညာနိုင်သည်။ သို့ရာတွင်ဒါရိုက်တာများက ထောက်ခံသောပမာဏထက်မည်သည့်အမြတ်ဝေစုကမျှမပိုစေရ။

အမြတ်ဝေစု များပေးခြင်း

၁၀၂။ ဒါရိုက်တာများသည်ကုမ္ပဏီ၏အမြတ်အစွန်းများဖြင့် ဒါရိုက်တာများကမျှတသည်ဟုယူဆသောအဆိုပါကြားဖြတ်အမြတ်ဝေစုများကိုအခါအားလျော်စွာအဖွဲ့ဝင်များသို့ပေးနိုင်သည်။

ကြားဖြတ်အမြ ဝေစုများ ဝေခြင်း။

၁၀၃။ မည်သည့်အမြတ်ဝေစုကိုမျှထိုနှစ်အမြတ်အစွန်းထဲမှ သော်လည်းကောင်း၊ ဖြန့်ဝေပေးပြီးခြင်းမရှိသေးသော မည်သည့်အခြားအမြတ်အစွန်းထဲမှသော်လည်းကောင်းမှတစ်ပါး အခြားနည်းမပေးဝေစေရ။

အမြတ်အစွန်း ဖြင့်သာအမြတ်ဝေ များပေး ခြင်း။

၁၀၄။ အမြတ်ဝေစုနှင့်စပ်လျဉ်း၍ အထူးအခွင့်အရေးများရှိသည့်အစုရှယ်ယာများကိုရပိုင်ခွင့်ရှိသူများ၏ အထူးအခွင့်အရေးများ (ရှိလျှင်) အဆိုပါတို့နှင့်မဆန့်ကျင်စေဘဲအမြတ်ဝေစုအားလုံးကိုကြေညာရမည့်ပြင်၊ အစုရှယ်ယာများ အပေါ်တွင်ပေးသွင်းပြီးဖြစ်သောငွေပမာဏအတိုင်းခွဲဝေပေးရမည်။ သို့သော်မည်သည့်ငွေကြေးမျှကုမ္ပဏီသို့မည်သည့်အစုရှယ်ယာများအပေါ်တွင်မဆိုမပေးသွင်းခဲ့သေးလျှင်၊ ၄င်းမပေးသွင်းသည့်အထိ ၄င်းအမြတ်ဝေစုကိုကြေညာနိုင်သည့်ပြင် အစုရှယ်ယာများ၏ပမာဏအတိုင်းပေးနိုင်သည်။ ကြိုတင်တောင်း

အမြတ်ဝေစု များပေးဝေ ခြင်း။

ပေါ်ခြင်းများအတွက် မည်သည့်ပမာဏမျှ ပေးသွင်းခြင်း မရှိ
သေးသော ရှယ်ယာတစ်စုကိုအတိုး ရရှိနေစဉ်ကာလအတွင်း ဤ
နည်း မျိုး ပါကိစ္စအလို့ငှာ အစုရှယ်ယာများ အပေါ်တွင်ပေးသွင်း
ပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

၁၀၅။ ဒါရိုက်တာများ သည် မည်သည့်အမြတ်ဝေစု ကို မဆို မ ထောက်ခံမီ ကုမ္ပဏီ၏အမြတ်အစွန်း များ ထဲမှ မိမိတို့သင့်လျော်မည် ဟုထင်မြင်သော ငွေကိုသီးသန့်ရန်ပုံငွေတစ်ရပ် သို့မဟုတ် သီးသန့် ရန်ပုံငွေများ အဖြစ် ဖယ်ထုတ်လျက် အဆိုပါ တစ်ခုခုကို ဒါရိုက်တာများ သဘောအတိုင်း မမျှော်လင့်သော အသုံးစရိတ်အတွက်ဖြစ်စေ၊ အမြတ်ဝေစုညီမျှရေး အတွက်ဖြစ်စေ ကုမ္ပဏီ၏အမြတ်အစွန်းကိုမှန် ကန်စွာအသုံးပြုနိုင်သော အခြား မည်သည့်ကြံရွယ်ချက်အတွက် မဆို ဖြစ်စေ အသုံးပြုရမည်။ ထိုသို့ ခွဲခြား ဖယ်ထုတ်ထားသော ငွေများ ကို ဒါရိုက်တာများ သည် အလားတူသဘောအတိုင်း အဆိုပါ ငွေတစ် ရပ်ကို ကုမ္ပဏီ၏လုပ်ငန်း တွင်သုံးစွဲခြင်း သို့မဟုတ် အခါကာလ အားလျော်စွာ သင့်လျော်သည်ထင်မြင်သော (ကုမ္ပဏီ၏အစုရှယ်ယာ များမှလွဲ၍) ငွေရင်း မြှုပ်နှံခြင်း လုပ်ငန်း များ တွင် ငွေရင်း မြှုပ်နှံနိုင်သည်။ နှစ်စဉ်အစည်းအဝေး က ဒါရိုက်တာ များ ၏ ထောက်ခံချက်ဖြင့် ယင်း အစည်းအဝေး နေ့တွင်မှတ် ပုံတင်ထား ပြီး ဖြစ်သော အဖွဲ့ဝင်တို့အား သီးသန့်ငွေထဲမှ မိမိတို့အစု ပါဝင် ထားသော အချိုး အတိုင်း ``ဆု`` အစုရှယ်ယာထုတ် ပေး ရန် ဆုံး ဖြတ်နိုင်သည်။

အမြတ်အစွန်း ကိုသီးသန့်ရန်ပုံငွေ အဖြစ် ဆောင်ရွက်ခွင့် အာဏာ။

၁၀၆။ မည်သည့်အစုရှယ်ယာ၏ ပူးတွဲပိုင်ဆိုင်သူများအဖြစ်ဖြင့် တစ်ဦး ထက်ပို သောသူများ ကိုမှတ်ပုံတင်ထား သည်ဖြစ်လျှင်၊ အစု ရှယ်ယာများ အပေါ်တွင် ပေး ရမည်ဖြစ် သော မည် သည့် အမြတ် ဝေစုအတွက်မဆိုအကျိုး သက်ရောက် သောလက်ခံ ပြေစာများ ကို အဆိုပါသူတို့အနက်တစ်ဦး ဦး က ပေး နိုင်သည်။

ပူးတွဲပိုင်ဆိုင် သူများ အတွက် အမြတ်ဝေစု များ။

၁၀၇။ ကြေညာခြင်းပြုခဲ့ပြီး နိုင်သောအမြတ်ဝေစု ဆိုင်ရာ နို့တစ်စာကို နောက်တွင်ဖော်ပြထားသည့်နည်းလမ်းအတိုင်း အစုရှယ်ယာများတွင်ပါရှိသောရပိုင်ခွင့်ရှိသောပုဂ္ဂိုလ်များ ထံသို့ ပေးပို့ရမည်။

အမြတ်ဝေစု ဆိုင်ရာ နို့တစ်စာ။

၁၀၈။ ကုမ္ပဏီ၏အကျိုးဆန့်ကျင်လျှင်မည်သည့်အမြတ်ဝေစုပေါ်မှ အတိုးပေးရန်တာဝန်မရှိစေရ။

အမြတ်ဝေစုများအတွက်အတိုးပေးရန်တာဝန်မရှိခြင်း။

အမြတ်များနှင့်သီးသန့်ငွေများကိုမတည်ငွေရင်း အဖြစ်ပြောင်းလဲခြင်း

၁၀၉။ ကုမ္ပဏီ၏သီးသန့်စာရင်း (သတ်မှတ်တန်ဖိုးထက်ပိုရရှိသည့်အစုရှယ်ယာနှင့်မည်သည့်မတည်ငွေရင်း ခွဲနှုတ်ရန်အတွက်သီးသန့်ထားရန်ပုံငွေလည်း ပါဝင်သည်) နှင့်အမြတ်အရှုံးစာရင်း၏ရငွေဖက်တွင်စာရင်းသွင်းထားသည့်ငွေ သို့မဟုတ် ဝေငှရန်အတွက်အခြားနည်းဖြင့်ရရှိရန်ငွေများကိုဒါရိုက်တာများသည် သာမန်ဆုံးဖြတ်ချက်အရ ထောက်ခံလျှင် ကုမ္ပဏီသည်ယင်းငွေများကိုမတည်ငွေရင်းအဖြစ်သတ်မှတ်ရန်လိုအပ်သည်ဟုဆုံးဖြတ်နိုင်သည်။ သို့ရာတွင်စုပုံနေသည့် သာ၍ဦးစားပြုသောအမြတ်ဝေစု ရရှိနိုင်သည့်မည်သည့်အစုရှယ်ယာများ အတွက် ပေးရန်အစုရှယ်ယာများအတွက် ငွေများ မဟုတ်စေရ။ သို့ဖြစ်၍ ဒါရိုက်တာ များ သည် မတည်ငွေရင်း အဖြစ်ပြုလုပ်ထားသည့်ငွေများကိုအဖွဲ့ဝင် များအား ပေးရန်သတ်မှတ်ခြင်းပြုလုပ်ရေး အတွက်ခွင့်ပြုချက်ပေးပြီး သွန်ကြားနိုင်သည်။ ထိုသို့ပြုလုပ်ရာတွင်အဖွဲ့ဝင်များ အား ပေးရန်အမြတ် ဝေစုများ အတိုင်း ဝေပုံကျခွဲဝေပေးရမည့်ငွေများ အတိုင်း ဖြစ်ရမည်။ ထို့အပြင်ထိုငွေများကိုအဖွဲ့ဝင်များကလတ်တလော ပေးရန်ရှိခဲ့သော် ပေးရန်မပေးချေသေးသည့် အစုရှယ်

အမြတ်နှင့်သီးသန့်ငွေများကိုမတည်ငွေရင်းအဖြစ်လွှဲပြောင်းခြင်း။

ယာအတွက် ၎င်းတို့အကျိုးအတွက် ပေးရန်အတွက်အသုံးပြုနိုင်သည် သို့မဟုတ် ကုမ္ပဏီက မထုတ်ပေးရသေးသည့် အစုရှယ်ယာ သို့မဟုတ် ဝန်ခံစာတမ်းများအတွက်သာမန်ညီမျှသော ငွေပမာဏ အတွက် အပြေပေး ချေနိုင်သည်။ ယင်းအစုရှယ်ယာနှင့်ဝန်ခံစာတမ်းများအတွက်သတ်မှတ်၍ ဝေငှပြီး အဖွဲ့ဝင်များ အချင်းချင်းအထက် ဖော်ပြပါအတိုင်း တစ်နည်း မဟုတ် တစ်နည်း အပြေပေး အဝ ပြီးဟု ရငွေဖက်တွင် ရေးသွင်းနိုင်သည်။ သို့ရာတွင်သတ်မှတ်တန်ဖိုးထက်ပို၍ရှိသည့်အစုရှယ်ယာစာရင်းနှင့်မတည်ငွေရင်း အတွက် သတ်မှတ်ထားသည့်ရန်ပုံငွေကိုအဖွဲ့ဝင်များအား ထုတ်ပေးမည့်၊ မထုတ်ပေးရသေး သောအစုရှယ်ယာများအတွက်အပြည့်ပေးပြီး ရေးအတွက်သာအသုံးပြုနိုင်သည်။

ပေးသူစာရင်း မည်ကဲ့သို့ ထောက်ခံခြင်း။

၁၁၀။ ထိုသို့အထက် ဖော်ပြပါအတိုင်း ဆုံးဖြတ်ချမှတ်သည့် အခါတိုင်းတွင်ထိုငွေများကိုမတည်ငွေရင်းအဖြစ်ပြုလိုက်ကြောင်း ဒါရိုက်တာများကသီးသန့်ထားပြီး ကြောင်းနှင့်လုပ်ဆောင်ပြီးကြောင်း ပြုလုပ်ရမည်။ ထို့အပြင်အစုရှယ်ယာများနှင့်ဝန်ခံစာတမ်းများကိုအပြေပေးပြီး ကြောင်း ဝေငှထုတ်ပေးရမည်။ ထို့အပြင် ယေဘုယျအားဖြင့်ထိုဆုံးဖြတ်ချက်ကိုထိရောက်စွာဆောင်ရွက်နိုင်စေခြင်း ငှာလိုအပ်သည်များကိုလုပ်ဆောင်ပေးရမည်။ ထိုသို့ဆောင်ရွက်နိုင်ရန် ဒါရိုက်တာများအား တစ်စိတ်တစ်ဒေသထုတ်ပေးခြင်း လက်မှတ် သို့မဟုတ် ငွေသားပေးခြင်း သို့မဟုတ်သင့်တော်သည့် အခြားနည်းဖြင့်အစုရှယ်ယာနှင့်ဝန်ခံလက်မှတ်များအတွက် တစ်စိတ်တစ်ဒေသ ဝေငှပေးခြင်းပြုလုပ်နိုင်ရန်အာဏာကုန် ရှိသည်။ ထို့အပြင်စိတ်ဝင်စားသောအဖွဲ့ဝင်များ၏ကိုယ်စား အခြားသူတစ်ဦးက မတည်ရင်းနှီးငွေပြုလုပ်ပြောင်းလွှဲသည့်အခါ ရရန်ရှိသောငွေများ ၎င်းတို့အတွက်အပြည့်ပေးပြီး ရငွေဖက်တွင် စာရင်းသတ်မှတ်ပေးရေးအတွက် ကတိပဋိညာဉ်ပြုလုပ်နိုင်သည်။

ယင်း ကဲ့သို့ပြုလုပ်ပြီး သည့်ပဋိညာဉ်ကို အဖွဲ့ဝင်များ အားလုံး နှင့် သက်ဆိုင်ပြီး အားလုံး အပေါ် ချည်နှောင်သည်။

<u>ငွေစာရင်း များ</u>

ဒါရိုက်တာများ သည်သင့်လျော်ရာ ငွေစာရင်းစာအုပ်များထားရှိရခြင်း ။

၁၁၁။ ဒါရိုက်တာများ သည် အောက်ပါတို့နှင့်စပ်လျဉ်း၍လျော် [illegible] ကန်သင့်မြတ် သော ငွေစာရင်း စာအုပ်များ ထားရှိစေရမည်–

(က) ကုမ္ပဏီကရရှိ သော ငွေများ အားလုံးနှင့် [illegible] သုံး စွဲသည့် ငွေများ အား လုံး ၊ ထို [illegible] ရရှိခြင်း နှင့်သုံး စွဲခြင်း အတွက် ဖြစ်ပေါ် [illegible] လာသည်နှင့်စပ်လျဉ်း သည့်ကိစ္စရပ်များအား [illegible] လုံး ၊

(ခ) ကုမ္ပဏီကကုန်ပစ္စည်း များ ရောင်းခြင်းနှင့် [illegible] ဝယ်ခြင်း အား လုံး ၊

(ဂ) ကုမ္ပဏီပိုင်ပစ္စည်း များ နှင့် ကြွေးမြီတာဝန် [illegible] များ ။

ငွေစာရင်းစာအုပ်များကိုဒါရိုက်တာများက စစ်ဆေးခြင်း ။

၁၁၂။ ငွေစာရင်း စာအုပ်များ ကိုကုမ္ပဏီ၏မှတ်ပုံတင်ရုံး [illegible] တွင်ဖြစ်စေ၊ ဒါရိုက်တာများ ကသင့် လျော်သည်ဟုထင်မြင် [illegible] သောအခြား နေရာတွင်ဖြစ် စေထား ရှိ၍အလုပ်ချိန် [illegible] ဒါရိုက်တာများ စစ် ဆေး ကြည့်ရှုနိုင်ရန်အတွက်အသင့် [illegible] မည်။

ငွေစာရင်းစာအုပ်များကိုအဖွဲ့ဝင်များကစစ်ဆေးခြင်း ။

၁၁၃။ ဒါရိုက်တာများ သည်မည် ၍မည် မျှအထိလည်းကောင်း [illegible] မည်သည့်အချိန် နှင့် နေရာတွင်မည်သည့်စည်း ကမ်း ချက် [illegible] သို့မဟုတ် စည်းမျဉ်း များ အရလည်း ကောင်း ကုမ္ပဏီ၏ ငွေစာ [illegible] ရင်း များ နှင့်စာအုပ်များ ကို သို့မဟုတ် အသိုပါတို့အနက်တစ်ခု [illegible] ခုကို ဒါရိုက်တာများ မဟုတ်သည့်အဖွဲ့ဝင်များ ကစစ် ဆေး ကြည့် [illegible]

နိုင်ခွင့်ရှိစေရမည်ဟုအချိန်ကာလအား လျှော်စွာသတ်မှတ်ရမည်။ ထို့ပြင် (ဒါရိုက်တာမဟုတ်သော) မည်သည့်အဖွဲ့ဝင်မှ ကုမ္ပဏီ၏ ငွေစာရင်းတစ်ခုခုကိုဖြစ်စေ၊ စာအုပ်တစ်ခုခုကို ဖြစ်စေ၊ စာတမ်းအမှတ်အသားတစ်ခုခုကိုဖြစ်စေ၊ ဥပဒေက ခွင့်ပြုထားသည့်အတိုင်းမှတစ်ပါး သို့မဟုတ် ဒါရိုက်တာများကသော်လည်းကောင်း၊ အထွေထွေအစည်းအဝေးတွင်ကုမ္ပဏီကသော်လည်းကောင်း အခွင့်အာဏာပေးထားသည့်အတိုင်းမှတစ်ပါး စစ်ဆေးကြည့်ရှုနိုင်ခွင့်မရှိစေရ။

ငွေစာရင်းရှင်းတမ်းများတင်ပြခြင်း။

၁၁၄။ ဒါရိုက်တာများသည်မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၁၃၁ နှင့် ၁၃၁ က အရ လိုအပ်သည့်အရှုံးအမြတ်စာရင်းများကိုလည်းကောင်း၊ လက်ကျန်ငွေစာရင်းရှင်းတမ်းများကိုလည်းကောင်း၊ အစီရင်ခံစာများကိုလည်းကောင်း အခါကာလအားလျော်စွာပြုစု၍ယင်းပုဒ်မများတွင်ရည်ညွှန်းထားသည့်အတိုင်း အထွေထွေအစည်းအဝေးကြီးတွင် ကုမ္ပဏီ၏ရှေ့မှောက်သို့တင်ပြစေရမည်။

ငွေစာရင်းရှင်းတမ်းသည် ဆင့်ပွားထောက်မကုမ္ပဏီများနှင့် ပတ်သက်သည့် အချက်အလက်ပါရှိခြင်း။

၁၁၅။ ကုမ္ပဏီသည်တိုက်ရိုက်သော်လည်းကောင်း၊ ကိုယ်စားပြုသူမှတစ်ဆင့်သော်လည်းကောင်း ဆင့်ပွားထောက်မထားသော ကုမ္ပဏီတွင် (၅၀%) သို့မဟုတ် ထိုထက်ပိုသောအစုရှယ်ယာပိုင်လျှင်၊ ဒါရိုက်တာများသည်ပုဒ်မ ၁၁၀ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်များကိုအပြည့်အဝလိုက်နာရမည့်အပြင် အောက်ဖော်ပြပါ သီးခြားကုမ္ပဏီ သို့မဟုတ် ၎င်း၏ဆင့်ပွားထောက်မထားသောကုမ္ပဏီ (ကုမ္ပဏီများ) ၏အပြီးသတ်စာရင်းချုပ်ကိုပါတင်ပြရမည် -

(က) ကုမ္ပဏီနှင့်၎င်း၏အားလုံးသောဆင့်ပွားထောက်မထားသောကုမ္ပဏီများ၏စုပေါင်း

ငွေစာရင်း ရှင်းတမ်း ၊ ယင်း စာရင်း ကို ``အဖွဲ့၏စာရင်း ``ဟု ခေါ်တွင်ရမည်။

(ခ) ကုမ္ပဏီနှင့်ငှင်း၏ဆင့်ပွားထောက်မ ကုမ္ပဏီ (ကုမ္ပဏီများ)၏စု ပေါင်းအရှုံး အမြတ် စာရင်း နှင့်

(ဂ) အခြားလိုအပ်မည့် ဖော်ပြချက်များ ။

၁၁၆။ အရှုံးအမြတ်စာရင်း သည်မြန်မာနိုင်ငံကုမ္ပဏီ များ အက်ဥပဒေပုဒ်မ ၁၃၂ ၊ ပုဒ်မခွဲ(၃)၌ ဖော်ပြထားသော အကြောင်းအရာများ အတိုင်း ဖြစ်ရေမည့်ပြင်၊ အသင့်လျော်ဆုံး ခေါင်းစဉ်များ အောက်တွင်စိစဉ်၍အကြမ်း ဝင်ငွေ ပမာဏ နှင့်ရရှိသောအရင်း အမြစ်များ ကိုခွဲခြား ဖော်ပြလျှက် လည်း ကောင်း ၊ အကြမ်း အသုံး စရိတ်ပမာဏတို့အား တည် ထောင်ခြင်း ဆိုင်ရာ၊ လစာဆိုင်ရာ စ သောအလား တူကိစ္စရပ်များဆိုင်ရာ တို့ကိုသီး ခြား၊ ခွဲခြား လျက်လည်း ကောင်း ဖော် ပြ ရ မည် ။ တစ်နှစ်တာအတွက်အမြတ် နှင့်အရှုံး ငွေစာရင်း များ တိုအာ စည်း အဝေးတွင်မှုတစွာပြုသနိုင် စေရန်အတွက်ထိုတစ်နှစ်တာဝင်ငွေ ထဲမှ လျော်ကန်သင့်မြတ်စွာသုံး စွဲသင့်သောစရိတ် ငွေ အကြောင်း အချက်တိုင်း ကို ငွေစာရင်း တွင် ရေး သွင်း ဖော်ပြထား ရမည်။ ထို့ပြင် လျော်ကန်သင့်မြတ်မှုအလို့ငှာနှစ်အတော်အတန် ရရှိ သော နှစ်စဉ်ဝင်ငွေများ မှနှစ်စဉ်ခွဲဝေထမ်း ဆောင်သင့် သော စရိတ် ငွေများ ကိုတစ်နှစ်တည်း အတွင်း အသုံး ပြုခဲ့လျှင်ယင်းတဲ့သို့ သုံး စွဲသော ငွေပမာဏအပြည့်အဝကို ဖော်ပြရမည်။ ယင်း နှင့် ပူး တွဲ၍ မည်သည့်အကြောင်း အချက်များ ကြောင့်ထိုနှစ်၏ဝင် ငွေ မှအသုံး စရိတ်တစ်စိတ်တစ် ဒေသကိုသာထမ်း ဆောင်ထား သည် ကို ရှင်း လင်း ဖော်ပြထား ရမည်။

အရှုံးအမြတ် စာရင်း ။

၁၁၇။ ငွေစာရင်း ရှင်းတမ်း ကိုနှစ်စဉ် ရေးဆွဲလျက်ကုမ္ပဏီ၏အထွေထွေအစည်းအဝေးသို့တင်သွင်းပြသရမည့်ပြင်၊ ထို ငွေစာရင်း ရှင်းတမ်း သည်အဆိုပါအစည်းအဝေးကျင်းပမည့်နေ့မှ ခြောက်လထက်မစောသောကာလအထိဖြစ်စေရမည်။ ငွေစာရင်း ရှင်းတမ်း နှင့်ပူးတွဲလျက်ဒါရိုက်တာများ၏ကုမ္ပဏီနှင့် စပ်လျဉ်းသောအရေးကိစ္စများကို ဖော်ပြရန်အစီရင်ခံစာ၊ အမြတ်ဝေစုခွဲဝေပေးစေရန် ထောက်ခံတင်ပြသော ငွေပမာဏနှင့်သီးသန့်ရန်ပုံငွေတစ်ရပ်သို့သယ်ဆောင်ရန် ငွေပမာဏ(ရှိလျှင်) အတွက် အဆိုပြုချက်တို့ပါရှိရမည်။

လက်ကျန်ရှင်းတမ်းနှင့်ဒါရိုက်တာများ၏အစီရင်ခံစာ။

၁၁၈။ ငွေစာရင်း ရှင်း တမ်း နှင့်အစီရင်ခံစာတို့၏မိတ္တူ တစ်စောင်ကိုအစည်းအဝေး မကျင်း ပမီခုနစ်ရက် စော၍အထွေထွေအစည်းအဝေး များ တက်ရောက်ရန်နှင့်တစ်စာရ ထိုက်ခွင့် ရှိသူတိုင်း သို့ နောက်တွင် ဖော်ပြထား သောနည်းတစ်စာ ချ အပ် ရမည့်နည်း လမ်း များ အတိုင်း ပေး ပို့ရမည်။

အဖွဲ့ဝင်များထံပေးပို့ရမည့်ငွေစာရင်းများမိတ္တူ။

၁၁၉။ ဒါရိုက်တာများ သည်ကိစ္စအား လုံး ဆောင်ရွက် ရာ၌ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၁၃၀မှ ၁၃၅ ထိ တို့ပါပြဋ္ဌာန်း ချက်များ နှင့်အညီဖြစ်စေ၊ အချိန်ကာလအလိုက် အာဏာသက် ရောက်လျက်ရှိ သောမည်သည့်ပြုပြင် ပြောင်း လဲပြဋ္ဌာန်းချက်များ နှင့်အညီဖြစ် စေလိုက်နာရမည်။ မြန်မာနိုင်ငံကုမ္ပဏီ များ အက်ဥပဒေပုဒ်မ ၃၂ အရပြုစုရသည့် အဖွဲ့ဝင်နှစ်စဉ်စာရင်း မိတ္တူနှင့်တချိန်တည်း၌ကုမ္ပဏီ၏နှစ်ပတ်လည်အထွေထွေအစည်း အဝေး ကအတည်ပြုပြီး ဖြစ်သည့်လက်ကျန်ရှင်းတမ်းနှင့်အရှုံး အမြတ် စာရင်း မိတ္တူတစ်စောင်ကိုမှတ်ပုံတင်အရာရှိထံတွင်မှတ်ပုံတင် ရ မည် ။ (ပုဒ်မ ၁၃၄)

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပါသက်ဆိုင်သောပြဋ္ဌာန်းချက်များနှင့်အညီလိုက်နာဆောင်ရွက်ခြင်း။

စာရင်း စစ်ဆေး ခြင်း

၁၂၀။ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၁၄၄ ၊ ၁၄၅ နှင့် ၁၄၅ က သို့မဟုတ်အချိန်ကာလအလိုက်အာဏာသက်ရောက်လျက်ရှိသောပြုပြင် ပြောင်း လဲပြဋ္ဌာန်း ချက်နှင့်အညီစာရင်း စစ် များ ကိုခန့်ထား ရမည့်အပြင်၎င်း တို့၏တာဝန်များ ကို သတ်မှတ် ထား ရမည်။

စာရင်းစစ်များ ခန့်ထား ခြင်း။

အထွေထွေအစည်းအဝေးများသို့ စာရင်းစစ်များတက်ခွင့်ရှိခြင်းအစ ရှိသည်တို့။

၁၂၁။ စာရင်းစစ်များသည်အထွေထွေအစည်းအဝေးနှင့်ပတ်သက်၍အခြားအဖွဲ့ဝင်များ ရသင့်ရထိုက်သည့် နို့တစ်စာများနှင့်အခြားဆက်သွယ်မှုများ ရရှိပြီး၊ မည်သည့် အထွေထွေအစည်းအဝေးကိုမဆိုတက်ခွင့်ရှိစေရမည်။

နို့တစ်စာများ

နို့တစ်စာများပေးပို့ခြင်း။

၁၂၂။ (၁) နို့တစ်စာတစ်စောင်ကိုကုမ္ပဏီကမည်သည့်အဖွဲ့ဝင်ထံသို့မဆိုလူပုဂ္ဂိုလ်အားဖြင့်ဖြစ်စေ၊ ထိုသူ၏ကုမ္ပဏီတွင်မှတ်ပုံတင်ထားသောလိပ်စာသို့ စာတိုက်မှတစ်ဆင့်ပေးပို့ခြင်းဖြင့်ဖြစ်စေ ပေးပို့နိုင်သည် သို့မဟုတ်(ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း မှတ်ပုံတင် လိပ်စာ မရှိလျှင်)ထိုသို့နို့တစ်စာချအပ်ရန် အလို့ငှာ ပေးထားသောပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းလိပ်စာရှိလျှင်ယင်းလိပ်စာသို့ ပေးပို့နိုင်သည်။

မည်သည့်အခါ ပေးပို့ခြင်းပြီး မြောက်သည်။

(၂) နို့တစ်စာကိုစာတိုက်မှတစ်ဆင့်ပေးပို့သည့်အခါနို့တစ်စာတစ်စောင်ကိုလိပ်စာမှန်ကန်စွာတပ်၍စာတိုက်ခအပြည့်အဝကြိုတင်ပေးဆောင်ပြီး စာတိုက်သို့ပေးပို့ပြီးခြင်းသည် တစ်ဘက်မှဆန့်ကျင်၍သက်သေထူနိုင်ခြင်းမရှိလျှင်ထိုလိပ်စာရှင်သည်စာတိုက်၏သာမန်လုပ်ငန်းဆောင်တာအားဖြင့်ရသင့်ရထိုက်သောနေ့တွင်နို့တစ်စာကိုလက်ခံရရှိပြီးဖြစ်သည်ဟုမှတ်ယူရမည်။

၁၂၃။ အကယ်၍အဖွဲ့ဝင်တစ်ဦးသည်ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း မှတ်ပုံတင်သောလိပ်စာလည်း မရှိသည့်ပြင်၊ နို့တစ်စာချအပ်ရန် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း လိပ်စာကိုလည်း ကုမ္ပဏီသို့တင်သွင်းထားခြင်း မရှိလျှင် ကုမ္ပဏီ၏ မှတ်ပုံတင်ရုံးတည်ရှိရာဒေသတွင်ထုတ်ဝေလျက်ရှိသောသတင်းစာ တစ်စောင်တွင်ထိုသူ၏အမည်နာမဖြင့်နို့တစ်စာကြေညာလိုက် ခြင်းသည်သတင်းစာတွင်ထိုကြော်ငြာပါလာသည့်နေ့တွင် ထိုသူသို့ နို့တစ်စာချအပ်ပြီးဖြစ်သည်ဟုမှတ်ယူစေရမည်။

ပြည်ပနေအဖွဲ့ဝင်များထံ ကြော်ငြာစာထည့်ခြင်းဖြင့် ပေးပို့နိုင်ခြင်း။

၁၂၄။ အစုရှယ်ယာတစ်စုကိုပူးတွဲပိုင်ဆိုင်သူများသို့ကုမ္ပဏီက နို့တစ်စာချအပ်ရာ၌ကုမ္ပဏီ၏မှတ်ပုံတင်စာအုပ်တွင်ယင်းအစု ရှယ်ယာနှင့်စပ်လျဉ်း၍ထိပ်ဆုံးမှအမည်ဖော်ပြပါရှိသူ ပူးတွဲ ပိုင်ရှင်အား နို့တစ်စာပေးပို့ခြင်းဖြင့်ပြုလုပ်နိုင်သည်။

ပူးတွဲပိုင်ရှင်များနှင့်ပတ်သက်၍ နို့တစ်စာပေးပို့ခြင်း။

၁၂၅။ ကုမ္ပဏီမှ နို့တစ်စာချအပ်ရာတွင် အဖွဲ့ဝင်တစ်ဦး ကွယ်လွန်ခြင်း သို့မဟုတ် လူမွဲဖြစ်ခြင်းကြောင့်ပိုင်ဆိုင်ခွင့်ရှိ လာသူများသို့လိပ်မူ၍စာတိုက်ခကြိုတင်ပေးချေပြီး စာတိုက်မှ တစ်ဆင့်ပေးပို့ခြင်းဖြင့်ဖြစ်စေ၊ အဆိုပါကွယ်လွန်ခြင်းသို့မဟုတ် လူမွဲဖြစ်ခြင်းကိုအကြောင်းပြု၍ပိုင်ဆိုင်မှုကိုကိုယ်စားပြုမည့် ကိုယ်စားလှယ်များထံသို့ဖြစ်စေဖော်ပြပါအကြောင်းချင်းရာ များနှင့်အလားတူတို့ကယင်းကိစ္စအလို့ငှာထိုသို့ပိုင်ဆိုင်မှုရှိ ကြောင်းအကြောင်းကြားပေးပို့ထားသောပုဂ္ဂိုလ်များ၏ မြန်မာနိုင်ငံအတွင်းရှိလိပ်စာ(ရှိလျှင်)ထံသို့ဖြစ်စေ(အဆိုပါ လိပ်စာပေးပို့လာပြီးသည့်တိုင်)ကွယ်လွန်ခြင်း သို့မဟုတ် လူမွဲ ကြေညာခြင်းမခံရဘဲသကဲ့သို့ပင် နို့တစ်စာချအပ်ရမည့် နည်း လမ်းအတိုင်း နို့တစ်စာကိုကုမ္ပဏီကပေးပို့နိုင်သည်။

အဖွဲ့ဝင်တစ်ဦး ကွယ်လွန်ခြင်း သို့မဟုတ်လူမွဲ ဖြစ်ခြင်းများ ဖြစ်ပေါ်ပြီး နောက်နို့တစ် စာပေးပို့ ခြင်း။

အထွေထွေ အစည်းအဝေး အတွက် နို့တစ်စာ။

၁၂၆။ အထွေထွေအစည်းအဝေးတိုင်းအတွက် နို့တစ်စာများကို အထက်တွင်ဖော်ပြပြီး လုပ်ထုံးလုပ်နည်းများတွင် အာဏာအပ်နှင်းထားသည့်အတိုင်း ချအပ်ရမည်၊ (က) နို့တစ်စာချအပ်ရန် အလို့ငှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း၌ လိပ်စာကို တင်သွင်းခြင်းမရှိသေးသော အဖွဲ့ဝင်များ (ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း မှတ်ပုံတင်ပြီး လိပ်စာမရှိသူ) မှတစ်ပါး ကျန်အဖွဲ့ဝင်တိုင်းကို နို့တစ်စာချအပ်ပေးရမည်။ (ခ) အဖွဲ့ဝင်တစ်ဦး ကွယ်လွန်ခြင်း သို့မဟုတ် လူမွဲညွှတ်မှတ်ခံရခြင်းကြောင့် အစုရှယ်ယာအပေါ် ပိုင်ဆိုင်ခွင့်ရှိလာသူ ပုဂ္ဂိုလ်တိုင်း ထံသို့လည်း ပေးပို့ရမည်။ သို့သော် ထိုသို့ကွယ်လွန်ခြင်း သို့မဟုတ် လူမွဲဖြစ်ခြင်းသည် အကျုံးဝင်အတည်ပြုပြီး မှသာလျှင်ယင်းပုဂ္ဂိုလ်များသည် အစည်းအဝေး နို့တစ်စာရခွင့်ရှိစေရမည်။ အခြားမည်သည့် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်မျှ အထွေထွေအစည်းအဝေးများ၏ နို့တစ်စာများကို လက်ခံရယူပိုင်ခွင့်မရှိစေရ။

အောက်တွင်ပါရှိသည့်အမည်များ၊ လိပ်စာများ နှင့်အကြောင်း အရာများ ဖော်ပြထား သောကျွန်ုပ်တို့သည်အသင်း အဖွဲ့မှတ်တမ်း နှင့်စည်း မျဉ်း အတိုင်း အစု ရှယ်ယာများ ဖြင့်ဖွဲ့စည်းထား သောအများ နှင့်သက်ဆိုင်သည့်ကုမ္ပဏီကိုဖွဲ့စည်း ရန်လိုလား ကြောင်း နှင့်ကျွန်ုပ်တို့၏အမည်များ နှင့်ယှဉ်တွဲ၍ ဖော်ပြထား သည့်ကုမ္ပဏီ၏ အမည်၊ ငွေရင်း တွင်အစုရှယ်ယာများ ရယူလိုကြောင်း အသီး သီး သဘော တူကြပါသည်။

အမှတ်စဉ်	အစုရှယ်ယာဝင်များ၏ အမည်များ လိပ်စာများ နှင့်အကြောင်း အရာ	နိုင်ငံသား	အစုရှယ်ယာ ဦးရေ	ထိုးမြဲ လက်မှတ်
	``က`` အစုရှယ်ယာ			
၁	ပဋ္ဌည်းဝယ်ယူမှုသွန်ကြား ရေးမှူး ရုံး ကာကွယ် ရေး ဝန်ကြီး ဌာန ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ မော်ကွန်း တိုက်လမ်း ၊ ရန်ကုန်မြို့။	မြန်မာ	တစ်စု	
	ကိုယ်စား ပြုသူ			
	အမည် - ဗိုလ်မှူးကြီး ဒီ၊ အို၊ အောဘယ် (လ်) ဦး ဆောင်သွန်ကြား ရေး မှူး ပဋ္ဌည်းဝယ်ယူမှုသွန်ကြား ရေးမှူး ရုံး လိပ်စာ - မော်ကွန်း တိုက်လမ်း ဒဂုံစာတိုက်၊ ရန်ကုန်မြို့။	မြန်မာ	-	
	အမည် - ဦး ဝင်း နိုင် အထွေထွေမန်နေဂျာ ပဋ္ဌည်းဝယ်ယူမှုသွန်ကြား ရေးမှူး ရုံး လိပ်စာ - မော်ကွန်း တိုက်လမ်း ဒဂုံစာတိုက်၊ ရန်ကုန်မြို့။	မြန်မာ	-	

အမှတ်စဉ်	အစုရှယ်ယာဝင်များ၏ အမည်များ လိပ်စာများ နှင့် အကြောင်းအရာ	နိုင်ငံသား	အစုရှယ်ယာ ဦးရေ	ထိုးမြဲလက်မှတ်
	အမည် - ဦးမြင့်ဆွေ ဒုတိယအထွေထွေမန်နေဂျာ (ဝယ်ယူရေး) ပစ္စည်းဝယ်ယူမှုညွှန်ကြားရေးမှူးရုံး လိပ်စာ - မော်ကွန်းတိုက်လမ်း ဒဂုံစာတိုက်၊ ရန်ကုန်မြို့။	မြန်မာ	-	
	<u>"ခ" အစုရှယ်ယာ</u> <u>တပ်မတော်စစ်မှုထမ်း</u>			
၂	အမည် - ဗိုလ်မှူးကြီး သန်းဦး ရာထူး အဆင့် - စစ်ဥပဒေချုပ် ဌာန - စစ်ဥပဒေချုပ်ရုံး လိပ်စာ - ကာကွယ်ရေး ဝန်ကြီးဌာန ရန်ကုန်မြို့။	မြန်မာ	တစ်စု	
၃	အမည် - ဗိုလ်မှူးကြီး ကျော်တင့် ရာထူးအဆင့် - တွဲဘက် စစ်ထောက်ချုပ် ဌာန - စစ်ထောက်ချုပ်ရုံး လိပ်စာ - ကာကွယ်ရေးဝန်ကြီးဌာန ရန်ကုန်မြို့။	မြန်မာ	တစ်စု	
၄	အမည် - ဗိုလ်မှူးကြီး မင်းအိမ် ရာထူးအဆင့် - တွဲဘက်စစ်ရေးချုပ် ဌာန - စစ်ရေး ချုပ်ရုံး လိပ်စာ - ကာကွယ်ရေး ဝန်ကြီးဌာန ရန်ကုန်မြို့။	မြန်မာ	တစ်စု	

အမှတ်စဉ်	အစုရှယ်ယာဝင်များ၏ အမည်များ လိပ်စာများ နှင့်အကြောင်းအရာ	နိုင်ငံသား	အစုရှယ်ယာ ဦးရေ	ထိုးမြဲလက်မှတ်
	တပ်မတော်တပ်ရင်းများ အသင်းအဖွဲ့(အသင်းအဖွဲ့များ)သို့မဟုတ် တပ်မတော်အဖွဲ့အစည်းတစ်ခုခု			
၅	အမည်-ရန်ကုန်တိုင်းစစ်ဌာနချုပ် လိပ်စာ-ကုန်းမြင့်သာ ရန်ကုန်မြို့။	မြန်မာ	တစ်စု	
	ကိုယ်စားပြုသူ အမည်-ဗိုလ်မှူးချုပ်မျိုးသွင် ရာထူးအဆင့်-တိုင်းမှူး တပ်ရင်း/ဌာန-ရန်ကုန်တိုင်း စစ်ဌာနချုပ် လိပ်စာ- ကုန်းမြင့်သာ ရန်ကုန်မြို့။	မြန်မာ	-	
၆	အမည်-အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် လိပ်စာ-အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဌာနချုပ်ရုံး၊တောင်ငူမြို့။	မြန်မာ	တစ်စု	
	ကိုယ်စားပြုသူ အမည်-ဗိုလ်မှူးချုပ်အေးသောင် ရာထူးအဆင့်-တိုင်းမှူး တပ်ရင်း/ဌာန-အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် လိပ်စာ-အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဌာနချုပ်ရုံး၊တောင်ငူမြို့။	မြန်မာ	-	

အမှတ်စဉ်	အစုရှယ်ယာဝင်များ၏ အမည်များ လိပ်စာများ နှင့် အကြောင်းအရာ	နိုင်ငံသား	အစုရှယ်ယာ ဦးရေ	ထိုးမြဲ လက်မှတ်
	အမည် - ဒုတိယဗိုလ်မှူးကြီး ဦးသောင်း (အငြိမ်းစား) ရာထူးအဆင့် - ဒုတိယဗိုလ်မှူးကြီး (အငြိမ်းစား) လိပ်စာ - သတ္တုတွင်း ဝန်ကြီး ဌာန ရန်ကုန်မြို့ ။	မြန်မာ	ကစ်ရ	
	အမည် - ဗိုလ်မှူးကြီး မောင်မောင် (အငြိမ်းစား) ရာထူးအဆင့် - ဗိုလ်မှူးကြီး (အငြိမ်းစား) လိပ်စာ - ကုန်သွယ်ရေး ဝန်ကြီး ဌာန ရန်ကုန်မြို့။	မြန်မာ	-	

နေ့စွဲ ၊ ၁၉၉၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၁၉ ရက်

အထက်ပါထိုးမြဲလက်မှတ်များ မှန်ကန်ကြောင်း အသိသက်သေ။

ဦးလှထွန်း
မှတ်ပုံတင်စာရင်းကိုင်၊ စာရင်းစစ်နှင့်
ဘဏ္ဍာရေး အတိုင်ပင်ခံ
၁၃/၁၁ မဟာဗန္ဓုလပန်းခြံလမ်း
ရန်ကုန်မြို့ ။